
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နိုကိုရူးဇင်

## စိတ္တာဇဒလ္လာရီ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၇၃၀၈၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၀၅၀၈၀၈
၂၀၀၉ ခုနှစ်၊ ဩဂုတ်လ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀ိ/-
အုပ်ရေ - ၅၀၀အုပ်
ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# နိုကိုရူးဇင်

## စိတ္တာဇဒလ္လာရီ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## အခန်း(၁)

လေကကြမ်းနေသည်။

သစ်ပင်ကြီးတွေက ဘယ်ညာယိမ်းခါ လှုပ်ရမ်းနေ၏။

"ဝှီး ... "

"ဝှီး ... "

"ဝေါ ... "

"ဝေါ ... "

"ဖြမ်း ... ဖြမ်း ... "

အရာဝတ္ထုအချင်းချင်း သစ်ပင်တွေအချင်းချင်း ရိုက်ခတ်ထိတွေ့သံတွေ၊ လေပြင်းရဲ့အရှိန်အဟုန်အော်မြည်သံတွေ၊ ပတ်ဝန်းကျင်တစ်ခုလုံး ရိုက်ခတ်အော်မြည်နေသည်။

မိုးက သည်းသထက်သည်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ... "
"ဝေါ ... "
"ဝေါ ... "
"လေးလေး ... "
"ဟင် ... "
"ဘယ်လိုလုပ်ကြမလဲဟင် ... "
"အမလေး ... "

မိုးချုန်းသံကို မိုးဝသုန်ကြောက်သည်။

လျှပ်တွေ လက်ပြီဆိုလျှင် မိုးဝသုန်နေစရာမရှိတော့။

"သုန်သုန်ကြောက်တယ် လေးလေး ... လမ်းမကြီးပေါ်မှာ ကားနဲ့မနေရဲဘူး ... သုန်သုန်တို့တစ်နေရာရာ မိုးဝင်ခိုဖို့ စဉ်းစားပါဦး ... "

"ဟာ ... "

"ဟင် ... ဘာဖြစ်တာလဲ လေးလေး ... "

ကားစက်က ထိုးရပ်သွားသည်။

သူမ အထိတ်တလန့်နှင့်မေးမိသည်။

"ကားပျက်ပြီထင်တယ် ... တစ်လမ်းလုံးဆီပိတ်လာတာ သုန်သုန်သိရင် စိတ်ညစ်မှာစိုးလို့ လေးလေး တမင်မပြောတာပဲ ... "

"ဒုက္ခပါပဲ ... "

ကျွန်မ ကြောက်တတ်တယ်။ မိုးရေထဲမှာ ကားပျက်တယ်ဆိုတာ့ အထိတ်တလန့်ဖြစ်လာမိသည်။



အသားတွေပင် တဆတ်ဆတ်တုန်ရင်ချင်လာ၏။

လာမိတာ မှားပြီထင်တယ်။ ဒက်ဒီပေါ့ သေလာမြိုင်ကို သွားရမယ်တဲ့။ ဒေါ်ခတ္တာညီဆိုတဲ့ မိန်းမကြီးတစ်ယောက်ကို သွားတွေ့ရမယ်တဲ့။

"သေလာမြိုင်ကို သမီးသွားပါ ... ဒက်ဒီက လွှတ်လိုက်တာလို့ ပြောပြပြီး ဒေါ်ခတ္တာညီကို ပြုစုပါ ... "

"ဒက်ဒီ ... "

"သွားရမယ် သမီး ... "

"သုန်သုန်က ဒေါ်ခတ္တာညီကို ပြုစုပေးရမယ် ဟုတ်လား"

"ဟုတ်တယ် သမီး ... "

"ဒက်ဒီ ... "

"ပြော ... "

"သုန်သုန်က အရမ်းနူးညံ့ပျော့ပျောင်းတဲ့ မိန်းကလေးပါ ဒက်ဒီ ... "

"အဲဒါကြောင့် ဒက်ဒီက သမီးကို ဒေါ်ခတ္တာညီဆီပို့တာပဲ"

"ဟင် ... "

"သမီး နောက်တော့ တဖြည်းဖြည်းနားလည်လာပါလိမ့်မယ် ... "

"ဒက်ဒီ ... "

"သမီးသွားရမယ် ... ဒက်ဒီစကားကို နားထောင်ပါ ... လိမ္မာ ယဉ်ကျေးတဲ့ သမီးလေးဖြစ်လို့ ဒေါ်ခတ္တာညီဆီပို့တာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီဘာတွေလုပ်နေတာလဲ ... သမီး နားမလည်တော့ဘူး ..."

"လွန်ခဲ့တဲ့ တစ်ပတ်ကမှ ဒက်ဒီလေဖြတ်လို့ အိပ်ရာထဲက မထနိုင်တော့ ဒက်ဒီကို သုန်ပြုစုချင်တယ် ... သုန်က ဒက်ဒီအနားမှာပဲ ရှိသင့်တာပါ ... ဒက်ဒီ နေမကောင်းဘူးလေ"

"ဒက်ဒီအတွက် မလိုပါဘူး ... ဒက်ဒီအနားမှာ ပြုစုမယ့် သူတွေဝိုင်းနေတာပဲလေ ..."

ဒက်ဒီက အချွေအရံတွေပေါများသည့် လုပ်ငန်းရှင်ကြီးတစ်ယောက်ပဲ ... မိုးဝသုန်ကိုယ်တိုင် ခြေမွေးမီးမလောင် နေလာရတဲ့ သူဌေးသမီးလေ ... ဒက်ဒီသဘောကို သူမနားမလည်နိုင်အောင် ဖြစ်ရသည်။

"သမီး နားမလည်နိုင်ဘူး ဒက်ဒီ ..."

"တစ်နေ့ သမီးနားလည်မှာပါ သမီး ... ဒက်ဒီမရှင်းပြချင်ဘူး ... ဒက်ဒီဝေဒနာက သက်သာသွားမှာပါ ..."

ဒက်ဒီက ရောဂါအပြင်းအထန်ကြီးတော့မဟုတ်။

"သမီးကို ဒက်ဒီက ရက်ရက်စက်စက် ဥပေက္ခာပြုတာလား ဟင် ..."

"သေလာမြို့ကို သမီးသွားပါ ... ခတ္တာညိုနဲ့တွေ့ပါ ... သမီး သွားသင့်သွားထိုက်တဲ့ နေရာဖြစ်နေလို့ပဲ ..."

သူမ ငြင်းမရ။ ဒေါ်ခတ္တာညို ဘယ်လို မိန်းမကြီးလဲ။ ဒက်ဒီက ဘာဖြစ်လို့များ သမီးကို အလေးအနက်ထားရတာလဲ။

သူမ ဒီအသက်အရွယ်အထိ ဒေါ်ခတ္တာညိုရဲ့ နာမည်



ကို ပထမဆုံးအကြိမ် ကြားလိုက်ရခြင်းပင်။

"သမီးကို စောင့်ရှောက်ဖို့ လေးလေးခင်ရှော လိုက်မယ်လေ ..."

သွားရမယ့် ခရီးမှာ လေးလေးခင်ရှောပါလို့ တော်ပါသေးရဲ့။ ဒက်ဒီက အားလုံးအပြည့်အစုံ ထည့်ပေးလိုက်သည်။

လေးလေးမှာ ပန်းနာရင်ကျပ်ရောဂါရှိနေ၍ ဆေးက အစပဲ။

"လေးလေး ..."

"ဟင် ..."

"ဒက်ဒီ ဘာသဘောနဲ့ လွှတ်တာလဲဆိုတာ လေးလေး သိလားဟင် ... ဒက်ဒီနဲ့ ဒေါ်ခတ္တာညို ဘယ်လိုပတ်သက်နေလဲ ..."

"မသိဘူး ..."

"လေးလေးတကယ် မသိတာလား ..."

"တကယ်မသိတာပဲ သုန်သုန် ..."

လေးလေး မသိဟန်ဆောင်နေတာဟုပဲ တွေးမိသည်။ ဘာတွေ ဖြစ်ရတာလဲ ... နားမလည်နိုင်။

"သမီးက လိမ္မာပါတယ် ... ဒက်ဒီကို စိတ်ချမ်းသာစေချင်တယ် မဟုတ်လား ..."

သူမ လက်ခံလိုက်သည်။

ဒက်ဒီက မဖြစ်မနေ လွှတ်တော့မယ်ဆိုတာ သူမ သိ၍ပင်။ အံ့ဩစရာပဲ သမီးက နုနုဖတ်ဖတ်လေး အလေးအ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမလိုက်ရင်တောင် လက်မောင်းက နာကျင်ကိုက်ခဲချင်သည်။

တကယ့်ကို နုနုလေး ... ကြောက်တတ်သည်။

ဒီအရွယ်အထိ တစ်ယောက်တည်းမအိပ်ရဲပဲ အိမ်ဖော်ကောင်မလေးနှင့်အိပ်ရ၏။ ဒက်ဒီသိတာပဲ ... ။

"ခင္တာညီုအနားမှာ သမီးနေပါ ... သမီး ဘာမှလုပ်မပေးနိုင်ရင်တောင် အနားမှာနေပေးရမယ်လေ ... "

ဒေါ်ခင္တာညီုဟာ ဘယ်လိုမိန်းမကြီးလဲ ဘယ်လိုပတ်သက်နေလည်းဆိုတာ ဒက်ဒီက လုံးဝမပြောပြပေ။ တကယ့်ကို ပဟေဠိပဲ။

"ဝေါ ... "

"ဝေါ ... "

"ဝေါ ... "

"ဒုက္ခပါပဲကွာ ... မိုးကလည်း သည်းလိုက်တာ"

"လေးလေး ... "

"ဟင် ... "

"သေလာမြိုင်က နီးပြီလား ... "

"လိုသေးတယ် ထင်တယ် ... "

"လေးလေး လမ်းကျွမ်းပါတယ်နော် ... "

"အမှန်အတိုင်း ဝန်ခံရရင်တော့ လေးလေးသိပ်မမှတ်မိဘူး ... "

"ဟင် ... "

"တစ်ကြိမ်လောက်ပဲ ရောက်ဖူးတာပါ ... "



"အစ်ကိုကြီးက သွားရမယ်တဲ့ ... လမ်းကြောင်းကို မြေပုံဆွဲပြလိုက်တာလေ ... "

လေးလေးက ခရီးလမ်းကျွမ်းသလိုနှင့်မောင်းလာသည်။

"ဝေါ ... ဝေါ ... "

"ဝေါ ... "

"ဝှီး ... ဝှီး ... "

"ဂျုန်း ... "

"အား ... "

"သုန်သုန် ... "

"ရှင် ... "

"အရမ်းကြောက်နေလား ... "

"အင်း ... "

"မဖြစ်ဘူး လေးလေးတို့ ဒီနားတဝိုက် အိမ်တစ်အိမ်မှာ ဝင်ပြီး နားလိုက်ကြရအောင် ... "

"ဖြစ်ပါ့မလား လေးလေး ... ဒီလို အခြေအနေမျိုးမှာ အကူအညီတောင်းဖို့တောင် မလွယ်ဘူး ... "

"လေးလေးကြိုးစားကြည့်မယ် ... ကားစက်နိုးအောင် အရင်လုပ်ရမယ် ... အဟွတ် ... ဟွတ် ... အရေးထဲ ဒီချောင်းကကွာ ... "

"ဒုက္ခပါပဲ ... အအေးမိလို့ ထင်တယ် ... လေးလေးမှာ ပန်းနာရင်ကျပ်ရှိတယ်လေ ... "

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ... ဆေးပါတာပဲ ... အဟွတ် ... ဟွတ် ... အဟွတ် ... ပန်းနာရင်ကျပ်ပျောက်နေတာကြာပြီလေ ... အခုမှ ထလာတယ် ... "

"အဟွတ် ... "

လေးလေးကိုကြည့်ပြီး သုန်သုန်အားငယ်စိတ်တွေ ပစ်ဝင်လာရသည်။ ဒက်ဒီ ဘာတွေ လုပ်နေတာလဲ ရက်စက်တယ်။ တစ်ဦးတည်းသော သမီးလေးအား မညှာမတာ ခိုင်းစေရက်သည်။ ငိုချင်နေ၏။ လျှပ်စီးတွေဝင်းခနဲလက်သွားလျှင်သူမအကြောက်ဆုံးပါပဲ ... အိမ်တစ်အိမ်ထဲ အမြန်ဆုံးဝင်ပြီး နားချင်နေသည်။

လက်ခံပါ့မလား ... အနီးအနားမှာလည်း အိမ်ခြေမရှိ။ ပြတ်သည်။ လေးလေးကတော့ ကားစက်ကို ရအောင် နှိုးနေ၏။

မိုးကာနှင့်ဆင်းပြီး ပြင်သည်။

"လေးလေး အအေးပတ်နေပြီ ဒုက္ခပါပဲ ... "

"ရပါတယ် တူမလေး ... ဘာမှ အားမငယ်ပါနဲ့ ... အဟွတ် ဟွတ် ... အဟွတ် ... "

"လေးလေး ... "

ကံကောင်း၍ ကားကစက်နှိုး၍ ရသွားသည်။

"ဂူး ... ဂူး ... "

"ကားစက်နှိုးလိုက်ပြီး နားခိုဖို့ ရှာဦးမှပဲ ... "

"အဟွတ် ... "

လေးလေးဟန်ဆောင်နေပေမဲ့ ချောင်းက တဟွတ်



ဟွတ် ဆိုးလာသည်။

သုန်သုန်စိတ်ပူလာမိ၏။ လေးလေးရောဂါ ပျောက်နေတာကြာပြီဖြစ်ပေမဲ့ အအေးမိ၍ ပြန်ထလာတာပဲဖြစ်မည်။

"လေးလေး မိုးတွေ ရွဲနေပြီ ... ဖျားတော့မယ် ထင်တယ်"

"ရပါတယ်၊ နေဦး ပတ်ဝန်းကျင်ကို လေးလေးကြည့်ဦးမယ်"

လျှပ်စီးအလက်တွင် ဝင်းခနဲနှင့်အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။

"ကံကောင်းတာပဲ သုန်သုန် ... လေးလေးတို့ အနီးအနားလေးမှာပဲ အိမ်တစ်လုံးတွေ့ပြီ ... ဟုတ်တယ်နော် လေးလေး ... ဒါပေမဲ့ ဒီလောက် လူပြတ်တဲ့ နေရာမှာ အိမ်ကြီးတစ်လုံးထီးထီးကြီး ရှိနေတာက စိတ်ချောက်ချားစရာပဲနော် ... သရဲခြောက်တာများလားဟင် လေးလေး"

သူမကတော့ စိတ်ထဲမှာ မယုံနိုင်ပဲ ကြောက်လာမိသည်။

"မဟုတ်တာပဲ သုန်သုန် ... ဒီလောက်ပေါ်တင်ကြီးပဲဟာ အိမ်ပဲ လူရှိမယ့်ပုံပဲ ... မီးတွေလင်းနေတာပဲလေ ... "

သူမ ငြိမ်နေမိသည်။ လေးလေးက ကားကို အိမ်ကြီးရဲ့အဝသို့ ဦးတည်လိုက်၏။

"လေးလေး ... "

"ဟင် ... "

"ဖြစ်ပါ့မလား ... "

"ကြိုးစားကြည့်ရမှာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"သေလာမြိုင်က ဘယ်လောက်လိုသေးလဲ ..."

"လေးလေးလမ်းပျောက်နေတယ် ... တူမလေး စိတ်ပူမှာစိုးလို့ပဲ ... အစ်ကိုကြီး ရေးဆွဲပြတဲ့ မြေပုံက အိမ်မှာကျန်ခဲ့တယ်လေ ..."

"ဟင် ..."

"ဒီလမ်းတော့ ... မှန်တယ် ... ရောက်မရောက်နဲ့ ဘယ်လောက်လိုသေးလဲဆိုတာပဲ ... ပတ်ဝန်းကျင်ကို မေးမြန်းကြည့်ရမယ်လေ ... အဟွတ် ... ဟွတ် ... အဟွတ်"

"လေးလေးချောင်းအရမ်းဆိုးနေပြီ ... တစ်ကိုယ်လုံးလဲ ရဲခံနေတယ် ... မဖြစ်ဘူး ... အမြန်ဆုံးနားမှပဲ ..."

"လေးလေးတို့ နားစရာ ဒီအိမ်ကြီးပဲ ရှိတော့တယ် ..."

"ဟွန်းတီး ... လေးလေးရ ..."

လေးလေးကကားဟွန်းကိုအဆက်မပြတ်တီးနေသည်။

"တီ ... တီ ..."

"တီ ... တီ ..."

"တီ ... တီ ..."

အိမ်ကြီးဆီမှ ဘာလှုပ်ရှားမှုမှ မတွေ့ရပေ။

"လူရှိရဲ့လားတောင်မသိဘူးနော် လေးလေး ..."

"မီးရောင်ရှိတယ် ... စက်ထွန်းထားတဲ့ပုံပဲ ... လူရှိနေတာတော့ သေချာပါတယ် တူမလေး ..."

လေးလေးရဲ့ချောင်းဆိုးသံကြီးက ချောက်ချားဖွယ်ရာ ကြားနေရသည်။



သုန်သုန်စိတ်ညစ်လာ၏။ ဒက်ဒီ ရက်စက်လိုက်တာ သမီးကို ဘာဖြစ်လို့ ဒီလိုနေရာမျိုးကို လာခိုင်းရတာလဲ ... ငိုချင်လာသည်။ ကြောက်စိတ်တွေကလည်း သူမအသားတွေကိုပင် တဆတ်ဆတ်တုန်စေ၏။

"တီ ... တီ ..."

"တီ ..."

"တီ ..."

"တီ ... တီ ..."

အခြေအနေက မထူးခြားပေ။

"အဟွတ် ... အဟွတ် ..."

"အဟွတ် ..."

"အဟွတ် ..."

လေးလေးချောင်းဆိုးသံကြီးကလည်း အဆက်မပြတ်ကြားနေရသည်။

"တီ ... တီ ..."

"တီ ... တီ ..."

"တီ ... တီ ..."

ဟွန်းသံကို အဆက်မပြတ်တီးနေမိသည်။

ထွက်လာပါစေ။ လူထွက်လာပါစေ။

သုန်သုန်ပူလောင်သောကတွေနှင့် ဆုတောင်းနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ခြံရှေ့မှာ ဟွန်းတီးနေတာ ဘယ်သူလဲ။ ဒီအိမ်ကို ဘယ်ညှော်သည်မှ ဝင်ထွက်သွားလာခွင့်မရှိဘူးဆိုတာ မသိဘူးလား။

အလိုက်ကန်းဆိုးမသိ ခြံရှေ့မှာ ဟွန်းတွေလာတီးနေသည်။

"တီ ... တီ ... "

"တီ ... တီ ... "

"တီ ... "

မိုးကနည်းနည်းစဲသွား၍ ဟွန်းသံက ပို၍မြည်သွားသည်။

"တီ ... တီ ... "

"တီ ... "

"တောက် ... "

မိုးသောက်ကြယ် ဒေါ်သတကြီးနှင့် တောက်ခေါက်



ပစ်လိုက်သည်။ လူတွေ ဘာလာပတ်သက်တာလဲ။ မပတ်သက်ချင်လို့ သီးသန့်နေတာပဲ မဟုတ်လား ... ။

"တီ ... တီ ... "

"တီ ... "

ဟွန်းက အဆက်မပြတ်လာပြီး တီးနေသည်။ ဘယ်လိုလူတွေလဲ။ တော်တော် ဒေါသဖြစ်ချင်စရာပဲ။

"ဒဿ ... "

"ဒဿ ... "

"အမိန့်ရှိပါ ဆရာလေး ... "

"အပြင်မှာ ဟွန်းတီးနေတာ ခင်ဗျားကြားတယ် မဟုတ်လား ... "

"ဟုတ်ကဲ့ ကြားပါတယ် ... ဘယ်လို ဆောင်ရွက်ရမလည်းဆိုတာ ကျွန်မ လာမေးတာပါ ... "

"မေးမနဲ့ ဘယ်သူ့ကိုမှ လက်မခံနိုင်ဘူး ... မောင်းထုတ်လိုက် ... "

"ဟုတ်ကဲ့ ... "

ခြံစောင့်ကြီးဒဿထွက်လာခဲ့သည်။ ဘယ်ကလူတွေလဲ။ သေလာမြိုင်နှင့်ပတ်ဝန်းကျင်အဆက်အသွယ် ပြတ်နေတာကြာပြီ။

ဘယ်သူနှင့်မှ မပတ်သက်ခဲ့ကြ။ လူတွေကို စိတ်နာနေတဲ့ သူဌေးမကြီး ဒေါ်ခတ္တာညိုကြောင့်ပင်။

ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ဆရာလေး မိုးသောက်ကြယ်က ပို၍ပင်ဆိုးသေးသည်။ အမြဲတမ်း ဒေါသကြီးနေပြီး ပတ်ဝန်းကျင်နှင့် အကင်းရှင်းဆုံးနေခဲ့သည်။ ဘာကြောင့်မှန်းမသိ။

"တီ ... တီ ..."

"တီ ... တီ ..."

ကားဟွန်းသံကတော့ ပို၍ပင် ကျယ်လောင်စွာကြားနေရသည်။

ဒဿပဲ ကားနားရောက်သွ..၏။ မိုး... ခဲ့သွားသည်။

မိုးကာအင်္ကျီနှင့်လူတစ်ယောက်က ချောင်းတဟွတ်ဟွတ်ဆိုးရင်း ခြံဝမှာ ရပ်နေသည်။

"အဟွတ် ... ဟွတ် ..."

"မင်း ဘယ်သူလဲ ..."

"ကျွန်တော်တို့က ခရီးသွားပါ ... ဒုက္ခရောက်နေလို့ ဒီမှာ တစ်ညလောက် တည်းခွင့်ပြုပါလို့ တောင်းပန်ပါရစေ ..."

"မရဘူး ..."

"အရမ်းဒုက္ခရောက်နေလို့ပါဗျာ ... တစ်ညလောက်ပါပဲ ... ကားထဲမှာပါလာတဲ့ တူမလေးက မိုးချုန်းသံအရမ်းကြောက်တတ်လို့ပါ ... ကျွန်တော်လည်း အအေးပတ်ပြီး ချောင်းတွေ အရမ်းဆိုးလာလို့ပါ ... ကျွန်တော်တို့က လူကောင်းတွေပါပဲ ..."

"ဒီအိမ်ထဲမှာ တည်းလို့ရမှာ မဟုတ်ဘူး ... သွားတော့ ... ဒီအိမ်က ပတ်ဝန်းကျင်နဲ့ အဆက်အသွယ်မရှိဘူး ..."



"ဗျာ ..."

"သွားတော့ ... ဒီအိမ်ရှင်တွေကလည်း ပတ်ဝန်းကျင်နဲ့ လုံးဝ အဆက်အစပ်လုပ်တာ မဟုတ်ဘူး ... တည်းလို့မရနိုင်ဘူး သွားတော့ ..."

"ဒါဆိုလည်းဗျာ ကျွန်တော်တို့ သေလာမြိုင်ကို သွားချင်တာပါ ... ခရီးဘယ်လောက်လိုသေးလဲလို့ ..."

"ဘာ ..."

"သေလာမြိုင်လေ ..."

သေလာမြိုင်တဲ့ ...

"ဒါ ... သေလာမြိုင်ပဲ ... ဘယ်သူတွေလဲ ..."

"ကျွန်တော်က တစ်ခေါက်ပဲ ရောက်ဖူးလို့ လမ်းတွေက သိပ်မမှတ်မိတော့လို့ပါ ... လမ်းညွှန်စာရွက်ကလည်း ကျန်ခဲ့တယ် ... မိုးကလည်း အရမ်းမှောင်နေလို့ပါ ... သေလာမြိုင် ဝေးသေးလားဗျာ ..."

"သေလာမြိုင်က ဘယ်သူ့ဆီသွားမှာလဲ ..."

"ဒေါ်ခတ္တာညိုဆီလေ ..."

"ဒေါ်ခတ္တာညိုဆီပါ ... ခင်ဗျားသိလားဟင် ..."

"ခဏစောင့်ပါ ..."

ဟုတ်ကဲ့ ..."

ကားပေါ်မှ သုန်သုန်က ထီးနှင့်အောက်သို့ ဆင်း...သည်။

"လေးလေး ... အခြေအနေက ဘာထူးလဲဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"တူမလေးကားထဲပဲ ထိုင်နေပါ … အအေးပတ်မယ် … "

"လေးလေးထိုင်ပါ … ပြောစရာရှိတာတွေ သုန်ပဲပြောမယ်"

"လေးလေးပြောပ့ါမယ် … ဒီက လူတွေက တော်တော် လက်ပေါက်ကတ်တယ် ထင်တယ် … ပတ်ဝန်းကျင်နဲ့ အဆက်အဆံ မလုပ်ဘူးတဲ့ … "

"ဟင် … ဒါဆို အခု … "

"လေးလေးက သေလာမြိုင်လို့ ပြောလို့ ခဏနေဦးဆိုပြီး ဝင်သွားတာပဲ … သေလာမြိုင်ကို သိတယ်ထင်တယ် … အပွတ် … ပွတ် … "

"ဒုက္ခပါပဲ … လေးလေးရာ … သုန်တို့တော့ အကြီးအကျယ် ဒုက္ခရောက်တာပဲ … အရေးကြီးတာက လေးလေးပန်းနာ ရင်ကြပ်ပြန်ထမှာပဲ … "

မိမိကျပ်နေပြီ …

တူမလေးစိတ်သောကတွေရောက်မှာဆိုး၍ ဟန်ဆောင်နေတာပါ။

မနားလို့မရတော့။ ကားပေါ်မှာတင် သေနိုင်တယ်။ ခရီးမဆက်နိုင်တော့ဘူးဆိုတာ သိနေသည်။

အစ်ကိုကြီးမိုတိမ်ယံ သေလာမြိုင်ကို မေ့ပစ်လိုက်ဖို့ ကောင်းသည်ဟု ထင်မိသည်။

"အစ်ကိုကြီး ထို ဇာတ်ရှုပ်တွေကို သမီးလေး ဝသုန်ကို မသိစေချင်ဘူး ဇင်ယော် … မင်း … မပြောပါနဲ့ … မသိချင်ယောင်ဆောင်နေပါ … တစ်နေ့ သမီးလေး သူ့ဟာသူ



သိလာလိမ့်မယ် … "

"အစ်ကိုကြီးရယ် … မေ့ပစ်ထားလိုက်ပါဗျာ … အေးချမ်းနေတဲ့ သမီးလေးဘဝကို ဘာလို့ ဓားစာခံ လုပ်ချင်ရတာလဲ … "

"ခတ္တာညိုကို ပေးဆပ်ရမယ် ဇင်ယော် … သမီးက သူ့သမီးပဲ အခုဆိုရင်ခတ္တာညို စိတ်ရောဂါဝေဒနာရှင်အဖြစ် လူ့လောကကြီးထဲမှာ နေထိုင်ရတယ် … ခတ္တာညိုမသေခင် သူ့သမီးကို သူ့အနားကိုတော့ သွားပြီးပြုစုပေးသင့်ပါတယ် … "

"အစ်ကိုကြီးမှားတယ် … "

"မိုးဝသုန်ကို ခေါ်လာခဲ့ပြီးမှ ပြန်မပို့သင့်တော့ဘူး … "

"ငါ သတင်းရတယ် … ခတ္တာညို စိတ်ဝေဒနာတွေ ခံစားနေရတယ်တဲ့ … သမီးကို ငါခေါ်လာလို့လေ … အဲဒီတုန်းက သမီးလေးက ငယ်လွန်းတယ် … အမေ့ရင်ခွင်မှာ နေရမယ့် အရွယ်လေး … "

"ပြီးတာတွေ ပြီးပြီပဲ … ဘယ်သူပဲမှားမှား … အစ်ကိုကြီး စောင့်ရှောက်ချင်ရင် ဒီခေါ်လိုက် … ငွေပေးလိုက်ပေါ့"

"ခတ္တာညိုက သေလာမြိုင်ကနေ ဘယ်တော့မှ ထွက်ခွာမှာ မဟုတ်ဘူး … "

မိုးဇင်ယော်ကတော့ အစ်ကိုအကြီးဆုံးစကားကို မယ်ရှားလိုပေ။ သူက အငယ်ဆုံး။

သေလာမြိုင်က ခတ္တာညိုနှင့်အစ်ကိုကြီး အိမ်ထောင်ကွဲပြီးတည်းက အဆက်အသွယ်ပြတ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ...

"ဇင်ယော် ... မင်း ... ငါ့ကို ကားနဲ့လာခေါ်ပါ ... "

ဖုန်းဆက်အကြောင်းကြား၍ သေလာမြိုင်ကို သူ ရောက်ဖူးခဲ့သည်။

ပန်းနာရင်ကျပ်က ငယ်ငယ်လေးထဲက အအေးခံမရ။ ဒါပေမဲ့ ပျောက်ကင်းချမ်းသာရနေတာကတော့ ကြာပြီဖြစ်သည်။

အခု အအေးမိလို့ ထင်ပါရဲ့ ပြန်ထချင်သည်။

"မင်း သမီးလေးကို စောင့်ရှောက်ပြီးနေပါ ... ဘယ်လိုမှ ဆက်နေလို့မရဘူးဆိုရင်သာ ပြန်လာခဲ့ပါ ... သူ့အမေနဲ့ သမီးကို တွေ့ပေးတာလေ ... "

အစ်ကိုကြီးကို ဘယ်လိုမှ ဖျောင်းဖျပြောဆို၍ မရဘဲ ဖြစ်နေသည်။

"မင်းသွားပါ ... သမီးလေး သူ့အမေနဲ့တွေ့ပါစေ ... ပြီးမှ ပြဿနာတွေကို ရှင်းမယ် ... "

အစ်ကိုကြီးကိုယ်တိုင်လည်း အိပ်ရာထဲမှာလဲနေသည်။ ကိုယ်တခြမ်းလေဖြတ်သွား၏။

"ငါ သေချင်သေမှာ ... စိတ်မချရဘူး ... သမီးကို သေလာမြိုင် လွှတ်တာ ငါ့မှာ တခြားအကြောင်းတွေလည်း ရှိသေးတယ် ... "

အစ်ကိုကြီးက အရှုပ်အထွေးတွေကို ဘာမှမပြောပေ။



ဝေဒနာတွေ ခံစားနေရတဲ့ အစ်ကိုကြီး စိတ်ချမ်းသာအောင် သူ့တာဝန်ယူလိုက်ရတော့သည်။

"လေးလေး ... "

"ဟင် ... "

"ဘာမှလည်း မထူးခြားပါလား ... "

သူ့အတွေးတွေ ပြတ်သွားပြီး ခြံကြီးဆီ ကြည့်နေမိသည်။

မိုးက မဲမှောင်နေဆဲပင်။

သေလာမြိုင်က ဝေးသေးတယ်ဆိုရင်တော့ ခရီးဆက်လို့မဖြစ်ပေ။

မိမိအရမ်းကျပ်လာပြီ။

"အဟွတ် ... ဟွတ် ... "

ထိန်းချုပ်ထားသည့်ကြားမှ ချောင်းက တဟွတ်ဟွတ်ဆိုးနေသည်။ တူမလေးအတွက်လည်း စိတ်ပူမိ၏။

"ဟိုမှာ ခြံစောင့်ပြန်ထွက်လာပြီ ... "

ခြံစောင့်ကြီး အနားရောက်လာပြီး ခြံတံခါးဖွင့်ပေးသည်။

"ကားကို မောင်းဝင်ပဲ ... "

"လေးလေး ဝသုန်မောင်းမယ် ... "

မိုးဝသုန်က ကားကိုခပ်သွက်သွက်မောင်းပြီး ခြံထဲဝင်လိုက်သည်။

"အထဲကို ဝင်သွားပါ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

ခြံစောင့်ကြီးက တံခါးကို ပိတ်ရင်း ကျန်ခဲ့သည်။

"လာ လေးလေး ... တော်ပါသေးရဲ့ ... သုန်သုန်တို့ ကံကောင်းလို့ သဘောကောင်းလို့ တော်သေးတယ် ..."

မိုးဇင်ယော်က သေလာမြိုင်ဆိုတဲ့ နာမည်ကြားသည်နှင့်တံခါးဖွင့်ပေးလိုက်တာ အကြောင်းတစ်ခုတော့ ရှိရမည်ဟု ထင်လိုက်မိသည်။

ဒီအိမ်ကြီးက သေလာမြိုင်နှင့်ဆက်စပ်နေတာလား။

အထဲဝင်လာခဲ့ကြသည်။ ဧည့်ခန်းတွင် လူတစ်ယောက်ရပ်နေတာတွေ့ရ၏။

"အခုလို တည်းခိုခွင့်ပေးတာ ကျေးဇူးတင်ပါတယ် မောင်ရင်ရယ် ... ကျုပ်တို့တူရီး ဘယ်လိုမှ ခရီးမဆက်နိုင်တော့ဘူး"

"ကျုပ်က ဆရာစန်ပါ ..."

"ခင်ဗျားအဝတ်အစားလဲလိုက်ရင်ကောင်းမယ် ထင်တယ်"

လူရွယ်ရဲ့လေသံတွေက နည်းနည်းမာထန်နေသလိုပင်။ မျက်နှာထားက တင်းနေသည်။

"ကာလု ..."

"အမိန့်ရှိပါ ..."

"နှစ်ယောက်လုံးကို အဝတ်အစားလဲဖို့ စီစဉ်ပေးလိုက် ... အောက်ထပ်ခန်းတစ်ခန်းပေးလိုက် ..."

"ဟုတ်ကဲ့ ..."

"လိုက်သွားပါ ..."



"နောက်မှ တွေ့ကြတာပေါ့ ... ဒီညတော့ အိပ်လိုက်ကြပါ"

"ကျေးဇူးတင်ပါတယ် မောင်ရင် ... ကျေးဇူးအရမ်းတင်ပါတယ် ... အဟွတ် ... ဟွတ် ..."

သူ ကျောခိုင်းထွက်လာခဲ့သည်။ အိပ်ရာခန်းထဲ ပြန်ရောက်လာခဲ့၏။

ဟိုလူ ချောင်းဆိုးတဟွတ်ဟွတ်ဆိုးနေတာ သတိထားမိသည်။

တော်ပါပြီ။ သူဆေးမကုတော့ပါဘူး။ တစ်ချိန်ကတော့ သူက ဒေါက်တာမိုးသောက်ကြယ်ပဲ တော်ပါပြီ။ သူ့ဂုဏ်ပုဒ်အကြောင်းတွေက ဘယ်တော့မှ မကောင်းခဲ့ပေ။

မတွေးတော့ဘူး။ ဧည့်သည်တွေ သေလာမြိုင်ကိုလာကြတာတဲ့။ ဒါ သေလာမြိုင်ပဲ။ ဘာကိစ္စနဲ့လာကြတာလဲ ဆိုတာသိချင်လို့ လက်ခံလိုက်ကြသည်။

ဒေါ်ခတ္တာညီဆိုတာ သူ့ရဲ့ မွေးစားမေမေ။ စိတ်ဝေဒနာတွေကို ယဉ်ယဉ်လေးနှင့်ခံစားနေရသည်။

ဆေးဝါးတွေ ကုသနေရ၏။ သူ့အမေဆုံးသွားတော့ သူက ငါးနှစ်သားအရွယ်ပဲ ရှိသေးသည်။

မေမေခတ္တာညီက မွေးစားခဲ့၏။ ကျွေးမွေးစောင့်ရှောက်ထားခဲ့သည်။ သူ့အမေက မေမေခတ္တာညီတို့အိမ်က မွေးစားသမီးတစ်ယောက်။ အစေအပါးထက်အဆင့်မြင့်အောင်ထားတဲ့ မွေးစားသမီး။ အမေက ချောမောသည်တဲ့။ သူ မှတ်မိနေသည်။ ပြီးတော့ မြင်ကွင်းတစ်ခု မတွေးတော့ဘူး။ ရှုပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက်နှင့် မိန်းမချောလေးတစ်ယောက်ဆို၍ သူ စိတ်ဝင်စားပြီး တံခါးဖွင့်ပေးလိုက်မိသည်။

သူက ဆရာဝန်တစ်ယောက်ဖြစ်သည်။ ဆေးမကုတာတော့ ကြာနေပြီဖြစ်သည်။

"လူကြီးက ချောင်းတဟွတ်ဟွတ်ဆိုးနေတယ် ဆရာလေး အခြေအနေမကောင်းဘူး ... ကောင်မလေးကလည်း မိုးတွေရွှဲနေတယ် ... "

ဆရာဝန်တစ်ယောက်ရဲ့ စိတ်ဓာတ်နှင့် လက်ခံလိုက်မိခြင်းဖြစ်သည်။

သူတို့လာကြတာ သေလာမြိုင်ဆိုတာ မသိကြ။

လမ်းပျောက်နေသည်။

ခင်ဗျားတို့သေလာမြိုင်ကို ဘာလာလုပ်ကြတာလဲ။

သေလာမြိုင်ကို ရောက်လို့ ရောက်မှန်းမသိကြတဲ့လူတွေပဲ ...

မေမေစိတ္တာညို ကိုယ်တိုင်က ပတ်ဝန်းကျင်နှင့် အဆက်အဆံ မလုပ်တာကြာပါပြီ။

အိမ်ထောင်ရေးပြိုကွဲပြီး စတာပဲတဲ့

အရင်ကတော့ ...

သူက ပတ်ဝန်းကျင်နှင့်အဆက်အဆံ ရှိနေသေးသည်။

နောက်ပိုင်း ...

မိုးသောက်ကြယ်ကိုယ်တိုင်ပဲ ပတ်ဝန်းကျင်နှင့် အဆက်အဆံမလုပ်တော့။



လူတွေနှင့်အကင်းရှင်းဆုံးနေသည်။

သေလာမြိုင်ကို ဧည့်သည်တွေ ဝင်ထွက်ခွင့်မပြုတော့။

ပတ်ဝန်းကျင်နဲ့အဆက်အဆံ မလုပ်တာတောင်ကြာပြီ။

မိုးသောက်ကြယ် အရက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"အဟွတ် ... ဟွတ် ..."

"ဟွတ် ..."

"လေးလေး ချောင်းတွေအရမ်းဆိုးနေတာပဲ ... အသက်ရှူသံကလည်း ပြင်းလိုက်တာ ... သောက်နေကျ ဆေးတွေ သောက်လေ ..."

"အင်း ... သောက်တာပဲ ... အဟွတ် ... ဟွတ် ..."

"လေးလေး ..."

"ဟင် ..."

"အရမ်းအသက်ရှူကျပ်နေလားဟင် ..."

"အင်း ..."

လေးလေးအသက်ကို မောပန်းနွမ်းနယ်စွာ ရှူရှိုက်နေရသည်။

သုန် စိတ်ပူမိလာရ၏။



သူမ မှာအားကိုးရာ လေးလေးတစ်ယောက်ပဲ ရှိတာပါ။

"တော်ပါသေးရဲ့ လေးလေးရယ် ... ကျေးဇူးတွေတင်လိုက်တာ ... ဒီအိမ်ရှင်က တည်းခိုခွင့်ပေးလို့လေ ..."

"အင်း ... အဟွတ် ... ဟွတ် ..."

လေးလေးကို သူမနွေးထွေးစေဖို့ စောင်တွေခြုံပေးသည်။

"မိန်းကလေး ..."

"ရှင် ..."

"မီးဖိုလာဖိုတာပါ ... ဒီလူနာက အအေးပတ်နေတယ်"

"ကျေးဇူးပါပဲ ..."

"ဘာလိုသေးလဲ ..."

"ဒီမှာ ..."

"ပြောပါ ..."

"ကျွန်မလေးလေးအရမ်းနေမကောင်းဖြစ်နေတယ် ... ရှင်တို့ ဆရာက ဒေါက်တာဆို ..."

"ကျွန်တော်တို့ ဆရာက ဆေးကုမှာ မဟုတ်ဘူး ..."

"ဟင် ..."

"သူဆေးမကုတာ ကြာပြီလေ ... ကလေးမသာ သူ့ကို ဆေးကုဖို့ သွားပြောလိုက်ရင် အရမ်းစိတ်ဆိုးမှာပဲ ..."

"ရှင် ..."

ဘယ်လိုဆရာဝန်လဲ။

www.burmeseclassic.com

www.burmeseclassic.com



လူနာကိုတောင် ဆေးမကုပေးချင်ဘူးလား ...
သုန်သုန်တို့ ကံဆိုးတာပဲ ...
စထွက်လာထဲက အခက်အခဲဒုက္ခတွေနှင့် ရင်ဆိုင်နေရသည်။

"တခြား လိုအပ်တာပဲပြောပါ ... ဆရာလေးက ပတ်ဝန်းကျင်နဲ့ သိပ်ပြီးအဆက်အဆံမလုပ်ဘူး ..."

"ဒုက္ခပါပဲ ..."

ဒီဆရာဝန်မှာ ဘယ်လိုအကြောင်းကြောင်းတွေ အခက်အခဲတွေကြောင့် ပတ်ဝန်းကျင်ကို အဆက်ဖြတ်ရတာလဲ ...

"တူမလေး ..."

"ရှင် လေးလေး ..."

"သေလာမြိုင်ဆိုတာ ... ဒီလိုမျိုးအိမ်ကြီးတစ်အိမ်ပဲ ... လေးလေးမှတ်မိပြီ ... ဒီလိုအိမ်မျိုးကြီးပဲ ... ဒါ သေလာမြိုင်ထင်တယ် ..."

"ဟင် ..."

"သေလာမြိုင် ..."

"ထင်တာပဲ ..."

"အဟွတ် ... ဟွတ် ..."

ကာလုဆိုတဲ့ လူကြီးက ထွက်သွားပြီ ဖြစ်သည်။
ဒက်ဒီ
သမီးတို့ ဘယ်လောက်ဒုက္ခတွေ ရောက်နေရလဲ ...
ဘာဖြစ်လို့များ သမီးကို သေလာမြိုင်လို နေရာမှ



သွားနေစေချင်ရတာလဲဟင် ...
သမီးဘာမှ နားမလည်တော့ဘူး ...

"အဟွတ် ... ဟွတ် ..."

"ဟင် ... လေးလေး ... ကိုယ်တွေလည်း အရမ်းပူနေတယ် မဖြစ်ဘူး ... မဖြစ်ဘူး ... ဟို ဆရာဝန်ကို သွားခေါ်မှပဲ"

လေးလေးကို ထားခဲ့ပြီး အပြင်ဘက်သို့ ထွက်လာခဲ့မိသည်။

အလင်းရောင်က သိပ်မရှိတော့။
အပြင်မှာ
မိုးတွေက တဝုန်းဝုန်းရွာသွန်းနေဆဲပင် ဖြစ်သည်။
ဆရာဝန်
ဘယ်မှာလဲ
ရှင် ဘယ်အခန်းမှာ အိပ်တာလဲ ... ရှာမတွေ့တော့
အိမ်ကြီးက အကြီးကြီးပဲ ...
ရှေးဟောင်းအိမ်ကြီးပင် ...
အပေါ်ထပ်ကို တက်တဲ့ကျွန်းလှေကားကြီးထိပ်မှာ ထိုးရှိသည်။

တက်သွားရင်ကောင်းမလား ...
ကျွန်မ ...
ဒေါက်တာကိုရှာရမယ် ...
လေးလေးအသက်ရှူကျပ်တဲ့ ဝေဒနာကို ပြင်းပြစွာ ားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာရှာရမလဲ ...

ဘာပဲဖြစ်ဖြစ် ...

အကူအညီတောင်းရမှာပဲ ...

ဆရာဝန်တစ်ယောက်ဖြစ်ပြီး လေးလေး ဒီလောက် ချောင်းဆိုးနေတာကိုလာ၍ပင် မကြည့်ပေ။

နေနိုင်လိုက်တာနော် ...

ဘယ်လို ဆရာဝန်လဲ ...

ကျွန်မကတော့ ရှင့်ကိုခြေသလုံးဖက်ပြီး ကျွန်မလေး လေးကို ဆေးကုပေးဖို့ တောင်းဆိုရမှာပဲ ...

လောလောဆယ် ဒီလှေကားကြီးပေါ်တက်သွားရမလား ...

မဖြစ်သေးပါဘူး ...

သူမတို့က ညှော်သည်ပဲ ...

လေးလေးကို ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူးဆိုတာ သိလာရသည်။

"ဂျိမ်း ... ဂျလိမ်း ... "

"အမလေး ... "

သူမ

ကြောက်လန့်တကြား ငယ်သံပါအောင်အော်လိုက်မိသည်။

"ဟင် ... "

သူ



အခန်းထဲကနေ ပြေးထွက်လာခဲ့မိသည်။

လှေကားထိပ်တွင် ကောင်မလေး ရပ်နေတာကို တွေ့လိုက်ရ၏။

မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ရပ်နေသည်။

မိုးသောက်ကြယ် အောက်ထပ်သို့ ဆင်းလာခဲ့မိ၏။

"ဟော့ ... မင်း ဘာဖြစ်နေတာလဲ ... ဘာလို့ အခန်းထဲမှာ မနေဘဲ ဒီမှာ ရပ်နေရတာလဲ ... "

သူ

တင်းမာတဲ့လေသံဖြင့် မေးလိုက်မိသည်။

"ဒေါက်တာ ... "

သူမ

ဝမ်းသာသွားရသည်။

"ဒေါက်တာ ... ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မရဲ့ လေးလေး အရမ်းအသက်ရှုကျပ်နေလို့ လာကြည့်ပေးပါနော် ... "

"ဘာ ... "

ဒေါသတကြီး အော်ပစ်လိုက်မိသည်။

သူ့ကို ဆေးကုပေးဖို့ ပြောတဲ့သူက သူ့ ရန်သူပဲ ...

"ဆေးမကုဘူး ... "

"ဘယ်တော့မှ ဆေးမကုဘူး ... "

"ကျွန်မ တောင်းပန်ပါတယ် ဒေါက်တာ ... လေးလေးကို လာကြည့်ပေးပါနော် ... ကျွန်မလေးလေးအရမ်း ဖေ

www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့ပါ ... ”

“မကြည့်ဘူး ... ငါ့မှာ ဆေးကုသခွင့် လက်မှတ်လည်း မရှိဘူး ... ငါရဲ့ဆေးကုသမှု ညံ့ဖျင်းလို့တဲ့ ပြန်သိမ်းသွားတယ်လေ ... ”

“ဟင် ... ”

“မနက်ကျမှ ဟိုဘက်မြို့ထဲမှာ ဆေးခန်းရှိတယ် ... ”

“အခုလောလောဆယ် ကျွန်မလေးလေးအရင်း အသက်ရှူကျပ်နေလို့ပါနော် ... ”

“မကြည့်ဘူးကွာ ... ”

“မင်း လေးလေးကို ငါ ဘာဖြစ်လို့ ကြည့်ပေးရမှာလဲ ... ”

“ငါ ဆေးမကုဘူး ... ”

“မင်းတို့ ဘယ်ကလဲ ... ”

သေလာမြို့ကို လာတာဟု ဒဿက ပြောခဲ့သည်။

နာမည်တွေ ဘာတွေလဲ မမေးမိ။

သေလာမြို့ကို ဧည့်သည်တွေ အဝင်အထွက်မရှိတာကြာပြီပဲ ...

“မင်းတို့ကို ဒီမှာ တည်းခွင့်ပေးတာတောင် ကျေးဇူးတင်စမ်း ... ငါတို့ဆီမှာ ဘယ်တော့မှ ဧည့်သည် လက်ခံတာ မဟုတ်ဘူး ... ”

“ကျွန်မလေးလေးအရမ်းအသက်ရှူကျပ်နေတယ် ... ”

“မိုးရေတွေထိပြီး အအေးပတ်သွားလို့ပါ ... ဖျားလည်းဖျားနေပါတယ် ... ”



သူမ

တောင်းပန်မိသည်။

ဒီမှာ တည်းခွင့်ရတာကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေရ၏။

ဘယ်လိုလူလဲ ...

ဆရာဝန်တဲ့ ...

ဆေးကုသမှုညံ့ဖျင်းလို့ ဆေးကုသခွင့် လက်မှတ်တောင် အသိမ်းခံရတာတဲ့။

ဒုက္ခပါပဲ ...

အရက်တွေကလည်း သောက်ထားတယ် ...

မူးနေသည်။

“ဒေါက်တာ ... ”

“ငါ့ကို ဒေါက်တာလို့ မခေါ်နဲ့ ... ငါဆရာဝန်မဟုတ်ဘူး လောလောဆယ်ခြံစိုက်တယ် ... အရောင်းအဝယ်တွေ လုပ်တယ် ... ”

“တစ်ခါတလေ ငါဘာမှ မလုပ်ဘဲ နေတယ် ... ”

သူ

ဆေးမကုဘူး ...

ခြံစိုက်တဲ့လုပ်ငန်းတွေပဲ လုပ်တာ ...

အခုတလော ...

မေမေနေမကောင်းလို့ ခြံထဲကိုပင် မသွားတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလေးလေးကို ခဏလေး ဖြစ်ဖြစ် လာကြည့်ပေးပါနော် ... ချောင်းတွေ အရမ်းဆိုးနေလို့ပါ ... "

"ဒုက္ခပါပဲကွာ ... ရှုပ်လိုက်တာ ... "

သူ ...

ပေထိုင်နေသည်။

စိတ်ညစ်လိုက်တာ။

လေးလေး အရမ်းကျပ်နေသည်။

ဆေးတွေကလည်း မေ့ကျန်ခဲ့၏။

ဒုက္ခပါပဲ ...

ဘယ်လိုလုပ်ရမလဲ မသိတော့ပါဘူး ...

"လေးလေး ... "

"ဟင် ... အဟွတ် ... အဟွတ် ... "

ဒက်ဒီက စွတ်အတင်းပင် သေလာမြိုင်ကို သွားစေခဲ့သည်။ ဘုမသိဘမသိလာခဲ့ရ၏။

ဘာမှမပြည့်စုံခဲ့ ...

ဒီကြားထဲ မိုးကလည်း မိသည်။

ကားကပျက်နှင့်လေးလေးကို ကြည့်ပြီး စိတ်ပူမိ၏။

"ဘယ်လိုလူတွေလည်း မသိဘူးလေးလေးရာ ... ဆရာဝန်ဖြစ်ပြီး နည်းနည်းလေးတောင် အကြင်နာတရားမရှိဘူး"

"အဟွတ် ... အဟွတ် ... "

"အား ... "

လေးလေးကို ကြည့်ရတာ အသက်ကို ပြင်းပြစွာ



အသက်ရှူသွင်းနေရပုံပင်။

"လေးလေး ... ဒုက္ခပါပဲ ... ကိုယ်တွေလည်း ပူနေတယ် ဒက်ဒီကလေ ဘာဖြစ်လို့များ သေလာမြိုင်ကို လွှတ်ရတာလဲ မသိပါဘူး ... "

သမီးဟိုရောက်ရင် အဲခြေအနေတွေ အားလုံး သိမှာပါတဲ့။

မနက်တောင် ...

ခရီးဆက်နိုင်ပါ့မလား ...

လေးလေးလည်း ပန်းနာရင်ကျပ် ရောဂါ ပြန်ထနေသည်။

"အဟွတ် ... အဟွတ် ... "

"အင်း ... ဟင်း ... ဟင်း ... "

"လေးလေး ဒုက္ခပါပဲ ... "

"ကျွိ ... "

"ဟင် ... "

ဟိုလူ ဝင်လာသည်။

ဘေးကနေ ဆေးအိတ်ဆွဲလာတဲ့လူ တစ်ယောက်ပါလာကြ၏။

"အဟွတ် ... "

"အဟွတ် ... "

လေးလေးကို စစ်ဆေးကြည့်ရှုပြီး ဆေးထိုးပေးဖို့ ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမိ ... "
"ရှင် ... "
"ကျုပ်ဆေးကုလို့ လူတစ်ယောက်သေဘူးတယ် ... ဆေးထိုးအပ်နှုတ်လိုက်တာနဲ့ သေတာပဲ ... "
"ရှင် ... "
ဒီလူ ဘယ်လိုလူလဲ ...
"မင်း လေးလေးကို ဆေးထိုးဖို့ လိုအပ်တယ် ... မင်းလက်ခံမလား ... "
"ရှင် ... "
"ဘာရှင်လဲ ... မင်းလက်ခံပါတယ်ဆိုမှ ငါက ထိုးပေးမှာ"
သူ
မှူးနေသည်။
ဘယ်တတ်နိုင်မှာလဲ ...
ဆရာဝန်က မရှိတော့ ... သူ့ပဲ အားကိုးရမည်။
"ငါက အရမ်းညံ့တဲ့ ဆရာဝန်နော် ... "
"ရပါတယ် ... လောလောဆယ် ရှင်ပဲ ရှိတာပဲ ... ကျွန်မလေးလေးကို ကြည့်ပေးပါနော် ... "
"မင်း မဆိုးဘူး ... ငါ့ကို ယုံကြည်သားပဲ ... "
သူ မှူးနေသည်။
သူ့တပည့်ကာလုက အကူအညီပေးဖို့ ရောက်လာ၏။ လေးလေးကို ဆေးထိုးပေးသည်။
"အင်း ... မဆိုးဘူး ... မင်းလေးလေး ဘာမှမဖြစ်ရင် ဆေး



မမှားလို့ပဲ ... "
ဘယ်လိုဆရာဝန်လဲ ...
သူ့ကိုယ်သူ ယုံကြည်မှု ကင်းမဲ့နေသည်ဟု ထင်မိသည်။
နှမြောစရာကောင်းလိုက်တာ ...
လေးလေး ငြိမ်သက်သွားသည်။
အိပ်သွား၏။
"ကျေးဇူးပါပဲ ဒေါက်တာ ... "
"အမိ ... "
"ရှင် ... "
"ကျုပ်ကို ဒေါက်တာလို့ မခေါ်ပါနဲ့ ... "
"ဟုတ်ကဲ့ ... "
"ကျုပ် ဆရာဝန် မဟုတ်ဘူး ... "
"ဟုတ်ကဲ့ ... "
"အမိ ... "
"ရှင် ... "
"အမိက ဘယ်ကိုသွားမှာလဲ ... "
"သေလာမြို့ကိုပဲ ... "
"ဘာ ... "
ဒဲ့သက လာပြောသည်။
ညော့သည်တွေက သေလာမြို့ကို သွားမှာတဲ့ ...
သူ ... စိတ်ဝင်စားပြီး လက်ခံလိုက်တာပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက သေလာမြိုင်ပဲ ..."
"သေလာမြိုင်ကို သိလား ..."
"ကျွန်မကတော့ မသိပါဘူး ..."
"လေးလေးပဲ ရောက်ဖူးတာလေ ..."
"မိုးတွေ သည်းနေလို့ လေးလေးလမ်းပျောက်နေတယ်"

သူမ ...

ဘယ်သူလဲ ...

သူ ...

လူတစ်ယောက် ဒုက္ခရောက်နေတာကိုလည်း မကြည့်ရက်နိုင်ခဲ့။

သူ့ဘဝမှာ ဆိုးဝါးတဲ့ ကံကြမ္မာတွေကြောင့် စိတ်အလိုမကျ ဖြစ်နေခဲ့ရပေမဲ့ ယုတ်မာကောက်ကျစ်တဲ့ လူတော့ မဟုတ်။

"မင်း ဘယ်သူလဲ ... ဘာကိစ္စနဲ့ သေလာမြိုင်ကို သွားမှာလဲ"
"ကျွန်မနာမည် မိုးဝသုန်ပါ ... လေးလေးက ဦးမိုးဇင်ယော် သေလာမြိုင်ကို ဒက်ဒီက လွှတ်လို့လေ ... ရှင်တို့ သေလာမြိုင်ကို သိလားဟင် ..."
"ဒါ ... သေလာမြိုင်ပဲ ..."
"ဟင် ..."

သူ ... အပြင်ကို ထွက်လာခဲ့မိသည်။



## အခန်း(၄)

"လေးလေး ..."
"ဟင် ..."
"ဒါ သေလာမြိုင်တဲ့ ..."
"ဟင် ..."

မိမိမှတ်မိပြီ။

ဒီ အိမ်ကြီးက သေလာမြိုင်ပဲ။

အစ်ကိုကြီးကို လာခေါ်စဉ်က ရှေးဟောင်းအိမ်ကြီးကို မှတ်မိလာရသည်။

မိုးလေကင်းသွား၏။

အလင်းရောင်ကောင်းကောင်းရလာ၍ သေလာမြိုင်ကို မှတ်မိလာရ၏။

"ဟုတ်တယ် ဝသုန် ..."
"လေးလေး မှတ်မိပြီ ... ဒါ သေလာမြိုင်ပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



“တော်ပါသေးရဲ့ လေးလေးရာ … ဒါ သေလာမြို့င်ဖြစ်နေလို့ ဆက်ပြီးရှာရမယ်ဆိုရင်တော့ မလွယ်ဘူး … ”

သေလာမြို့င်ရဲ့လူတွေကတော့ တစ်မျိုး ထူးဆန်းနေသည်ဟု ထင်မိသည်။

ဘယ်လို ဒေါက်တာလဲ …

“သေလာမြို့င်က နည်းနည်းတော့ ရှုပ်ထွေးမယ် ထင်တယ် နော် လေးလေး … ”

ကာလုဆိုတဲ့လူ ရောက်လာသည်။

“မင်းကို ဒေါ်ခတ္တာညို့က တွေ့ချင်လို့တဲ့ … ”

“ဟုတ်ကဲ့ … ”

“မင်းလိုက်လာခဲ့ပါ … ”

“လေးလေးရော … ”

“နေမကောင်းဘူးမဟုတ်လား … နားပါစေ … ”

သူမ …

လိုက်လာခဲ့ရသည်။

အိမ်ကြီးရဲ့အပေါ်ဆုံးထပ်အခန်းထဲရောက်လာ၏။

အခန်းထဲတွင် …

ခန့်ညားချောမောတဲ့ မိန်းမကြီးတစ်ယောက်ရှိနေသည်။

“ကာလု သွားတော့ … ”

“ဟုတ်ကဲ့ … ”

ကာလု ထွက်သွားသည်။



ဟိုလူရော …

ဒေါက်တာ …

“မိန်းကလေး … ”

“ရှင် … ”

“မင်းတို့က သေလာမြို့င်ကို လာကြတာဆို … ”

“ဟုတ်ကဲ့ပါ … ”

“ဘာကိစ္စရှိလို့ သေလာမြို့င်ကိုလာခဲ့ရတာလဲ … ”

“ဒက်ဒီလွှတ်လို့ပဲ … ”

“ဒက်ဒီ … ”

“သုန်ရဲ့ဒက်ဒီ ဦးမိုးတိမ်ယံက လွှတ်လိုက်တာပါ … ”

“ဦးမိုးတိမ်ယံက … ”

“ဟုတ်ပါတယ် … ”

“ကျွန်မက ဦးမိုးတိမ်ယံရဲ့သမီး မိုးဝသုန်ပဲ … ”

“ဟင် … ”

မိမိသမီးလေးပဲ …

စိတ်ထဲကထင်ထားသည်။

သမီးလေးပဲလို့ …

မိမိသမီးလေး မိုးဝသုန်ကို သူက ဇွတ်အတင်းခေါ်သွားသည်။

ဟုတ်တယ် …

သမီးလေးပဲ …

“မင်း … မင်းက … မေမေ့သမီးလေးပဲ … ”

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ဟုတ်တယ် ... မေမေ့သမီးလေး ..."

"ဝမ်းသာလိုက်တာကွယ် ..."

ဒင်းက မေ့ဆီကို သမီးလေးကို လွှတ်လိုက်တာပဲ

မေမေတဲ့ ...

မယုံနိုင် ...

သူမငယ်ငယ်ကတည်းက မေမေ့ကိုမေးလျှင်သေ သွားပြီတဲ့ ...

အခု ...

မေမေတဲ့ ...

"သေလာမြို့ကိုရောက်ရင် ဒက်ဒီဘာလို့ လွှတ်လိုက်တာ လည်းဆိုတာ သမီးသိမှာပါ ..."

ဒက်ဒီက ပြောလိုက်သည်။

သေလာမြို့ကို သူမအားလွှတ်လိုက်ရတဲ့အကြောင်း အရင်း အခုမှပဲ သိလိုက်ရတော့၏။

မေမေ ...

သူမရဲ့မိခင်ပဲ ...

"မေမေ့နာမည်က ခတ္တာညို့တဲ့ သမီးရဲ့ ... မေမေပါကွယ်"

မေမေသည် သူမအနားလာပြီး မြတ်နိုးစွာဖြင့် ပွေ့ ဖက်ထားသည်။

"သမီးလေး ... မေမေချစ်မြတ်နိုးရတဲ့သမီးလေးပဲ ... မေမေ အမြဲတမ်းမျှော်လင့်နေရတဲ့ သမီးလေးပါ ..."



"မေမေ ..."

"သမီးလေး ..."

"မေမေရယ် ..."

မေမေ့ရင်ခွင်ထဲသို့ တင်းကျပ်စွာ ပွေ့ဖက်ထား သည်။

"သမီး မေမေကိုတွေ့ရတာ ဝမ်းသာလိုက်တာ ... တော် သေးတာပေါ့ ... ဒက်ဒီက လွှတ်လို့ ..."

"သမီး ..."

"ရှင် ..."

"ဒင်းက မေမေသေပြီလို့ ပြောထားတယ် မဟုတ်လား"

"မေမေ ..."

ရှင် ...

အခုမှ ဘာလို့ သမီးကို လွှတ်ရတာလဲ ...

အမွေတွေကြောင့် မဟုတ်လား ...

ဒါပေမဲ့ ...

ကျွန်မသမီးကို လွှတ်ပေးတာပဲ ကျွန်မ ကျေနပ်မိ ပါတယ် ...

"သမီးလေးရယ် ... မေမေအရမ်းတွေ့ချင်နေတာပါ ... ဒီ တစ်သက်မှာ မေမေမတွေ့ရတော့ဘူးလို့ ထင်နေမိတာ လေ ..."

တိုက်တိုက်ဆိုင်ဆိုင်ပဲ မေမေ့ဆီကို သူမရောက်သွား ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းသွားရ၏။

"ကာလု ..."

"ဒီမှာ ရှိပါတယ် ဒေါ်လေး ..."

"သားကို သွားခေါ်စမ်း ..."

"ဟုတ်ကဲ့ ..."

ဒေါက်တာက သူမအစ်ကိုပေါ့ ...

မိုးဝသုန် စိတ်ထဲမှာ ပျော်ရွှင်ကျေနပ်သွားရသည်။

ခဏကြာတော့ ...

ဒေါက်တာရောက်လာသည်။

"သား ဒီမှာ မင်းညီမလေး မိုးဝသုန်လေ ... မင်း ငယ်ငယ်က ညီမလေးကို အရမ်းချစ်ခဲ့တာလေ ..."

သူ ...

မတက်ကြွလာတော့ ...

မင်းက ဦးမိုးတိမ်ယံရဲ့သမီးပဲ ...

အတိတ်အကြောင်းတွေက သူ့ နှလုံးသားတွေကို နာကျင်စွာ ထိုးနှက်နေသည်။

မိုး မိုးတိမ်ယံ ...

ခင်ဗျားကြီးကို ဘယ်တော့မှ မမေ့ဘူး ...

ကျုပ်အမေသေရတာ ခင်ဗျားကြီးကြောင့်ပဲ ...

"မင်း ... မင်းငါ့ကို မနှောင့်ယှက်နဲ့ ... ဒုက္ခမပေးနဲ့ ... ရှင် ... ရှင် ကျွန်မကို မထားခဲ့ပါနဲ့ ... ရှင်နဲ့အတူ ကျွန်မ လိုက်ပါရစေ ..."



"ဖြန်း ..."

အမေ ...

ဒီမှာ ဦးမိုးတိမ်ယံရဲ့သမီးရောက်လာပြီ ...

ကံဆိုးတာပဲ ...

ညီမလေး ...

အရင်က ...

ဗိုက်ထဲမှာထဲက ညီမလေးကို သူအလွန်အမင်း ချစ်ခဲ့တ်နိုးခဲ့မိသည်။

အခုတော့ ...

မင်းကို ငါအရမ်းမုန်းတယ် ...

"သား ..."

"ဗျာ ..."

"ညီမလေးရောက်လာတာ မေမေစတ္တာညို အရမ်းဝမ်းသာတာပဲ ... အားတတ်တယ် ..."

ဒေါက်တာက အေးစက်နေ၍ သူမစိတ်ထဲမှာ တမျိုး ...း ဖြစ်သွားရသည်။

ရှင်က မလိုလားသလိုပဲ ...

"သမီး ... ဒါ ကိုကိုလေ ... ဒေါက်တာမိုးသောက်ကြယ်တဲ့ သမီးရဲ့နာမည်ကိုလည်း သားနဲ့ဆင်တူအောင် မှည့်ထားတာ လေ ..."

ကိုကိုတဲ့ ...

မပြုံးမရယ်တဲ့ကိုကို မျက်လုံးအကြည့်တွေက တင်း

www.burmeseclassic.com

www.burmeseclassic.com



မာသယောင်ပင်။

ကျွန်မအမွှေတွေ လာလုတယ် ထင်လို့လား ကိုကို ရယ် ...

မဟုတ်ပါဘူး ...

ဒက်ဒီက အတင်းလွှတ်လို့ပါ။

မေမေ့ကို တွေ့တော့လည်း ဝမ်းသာမိသည်။

"သမီး ဟိုရောက်ရင် ဒက်ဒီလွှတ်ရတဲ့အကြောင်း အရင်းကို သိလာရမှာပါ ... "

ဒက်ဒီက ပြောခဲ့သည်။

မေမေ့ဆီပဲ ...

"ကာလု ... "

"ဗျာ ... "

"သမီးကို အပေါ်ထပ်အခန်းတစ်ခန်း ပြင်ပေးလိုက် ... တကယ့်ကို တခမ်းတနားဖြစ်နော် ... သမီးလေးက ဒီ အိမ်ကြီးရဲ့အရှင်သခင်မလေးပဲ ... "

"မေမေ ... "

"ဘာလဲ သမီး ... "

"သမီးဘာမှ မသိပဲ ... မေမေ့ဆီ ရောက်လာတာပါ ... ဘာအဆောင်အယောင်မှလဲ မလိုချင်ပါဘူး ... မေမေနဲ့ တွေ့ရတာပဲ သမီးဝမ်းသာနေမိပြီနော် ... "

ကိုကိုရော ... ကိုကာလုကရော ... မျက်နှာထား တွေက တင်းနေသည်။



မလိုလားတဲ့ပုံဖြစ်နေ၏။

ဝသုန်ကတော့ သေလာမြိုင်က လူတွေ တစ်မျိုးပဲ ဟု ထင်နေမိသည်။

"မေမေသားကိစ္စရှိလို့ သွားဦးမယ်နော် ... "

"အေးအေး ... "

သူ ...

ထွက်သွားသည်။

မေမေကတော့ သူမကို ပွေ့ဖက်ထားပြီး ချစ်ခင် ကြယမာန်တွေပြနေခဲ့၏။

တော်ပါသေးရဲ့ ...

သမီးကို မေမေက လက်ခံလို့ ...

မိုးထဲလေထဲမှာလာရကျိုးနပ်သွားခဲ့ရသည်။

ရင်ထဲမှာ ပျော်နေမိ၏။

"မေမေ ... "

"ဟင် ... "

"သမီးကို လက်ခံတာသမီးအရမ်းဝမ်းသာတာပဲ ... "

"သမီးရယ် ... ဘာပဲဖြစ်ဖြစ်သမီးက မေမေသွေးပဲဟာ ညမီး အဖေက လူယုတ်မာတစ်ယောက်ပဲ ... "

"ဟင် ... "

ဒေါ်ခတ္တာရင်ထဲမှာ မေ့ပျောက်နေဆဲ အကြောင်း ...တွေက ပြန်ပြီး အမှတ်ရစရာတွေ ဖြစ်သွားရသည်။

ကိုမိုးတိမ်ယံ ...

www.burmeseclassic.com

www.burmeseclassic.com



ရှင် …

လူယုတ်မာတစ်ယောက်ပဲ …

ကျွန်မရဲ့အချစ်ဆုံး သူငယ်ချင်းစံပယ်ကို စော်ကားခဲ့တယ် …

အသေသတ်ခဲ့တယ် …

ပြီးတော့ …

ကျွန်မပေါ်လည်း သစ္စာမဲ့ခဲ့တယ် …

လူယုတ်မာ …

"ကိုမိုးတိမ်ယံ … သူ … သူ … လူယုတ်မာ … "

"ဟင် … မေမေ … ဘယ်လိုဖြစ်ရတာလဲ မေမေ … လုပ်ပါဦး … မေမေဘာဖြစ်သွားလည်း မသိတော့ဘူး … "

သူ …

အပြင်ပြေးထွက်လာခဲ့မိသည်။

"ကိုကိုဒေါက်တာလာပါဦး … မေမေဘာဖြစ်သွားလည်း မသိဘူး … "

ဒေါက်တာက အခန်းထဲကနေ ပြေးထွက်လာပြီး မေမေ့ဆီသွားသည်။

"ကိုကို လုပ်ပါဦး … မေမေ ဘာဖြစ်သွားတာလဲ ဟင် … မေမေ … "

မေမေ့ကို ဒေါက်တာက ဆေးကုသမှုတွေ လုပ်နေသည်။

"ငါ့အမေမှာ စိတ်ထိခိုက်စရာတွေ … စဉ်းစားမိရင် စိတ်ထိ



ခိုက်ပြီး အတိတ်ကို မေ့သွားတတ်တယ် … မိုးဝသုန် … မင်း မေမေ့အနားကို သိပ်မသွားပါနဲ့ … "

"ရှင် … "

"မေမေမှာ မင်းအက်ဒီနဲ့ပတ်သက်ပြီး စိတ်ထိခိုက်ကြေကွဲစရာတွေရှိတယ် … "

"ကိုကို … "

"ဘာလဲ … "

"ကိုကိုက … "

"ငါက မေမေရဲ့မွေးစားသားတစ်ယောက်ပါ … မင်း မမွေးခင်ထဲက ငါ ဒီမှာ နေခဲ့တာပဲ … "

မေမေသတိပြန်လည်လာသည်။

"မေမေ … "

"ဟင် … "

"သတိထားပါ … စိတ်ထိခိုက်စရာတွေ ဘာလို့တွေးနေမှာလဲ … မေမေမှာ သတိလစ်တတ်တဲ့ရောဂါ ဝေဒနာတွေရှိတယ်လေ … "

"မေမေမတွေးတော့ပါဘူး … ဟုတ်တယ် … သမီးလေးရောက်လာပြီပဲ … မေမေ့သမီးလေးဘယ်တော့မှ စိတ်အနှောင့်အယှက်တွေ မဖြစ်စေရဘူး … "

မေမေက သူမလက်တွေကို ဆုပ်ကိုင်ပြီး ပြောနေသည်။

သေလာမြိုင်မှာ အတိတ်က ဖြစ်ရပ်တွေ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



လေးဆိုးဝါးစွာ ဖြစ်ပျက်ခဲ့ပုံပင်။

“သား …”

“ဗျာ မေမေ …”

“ညီမလေးကို ကာလုပြင်ထားတဲ့ အခန်းလိုက်ပို့လိုက်ပါကွယ် … ညီမလေး လိုအပ်တာတွေလည်း လုပ်ပေးလိုက်နော်သား …”

“ဟုတ်ကဲ့ မေမေ …”

သူ …

ရှေ့မှ ထွက်လာခဲ့သည်။

မေမေခတ္တာညို့ကတော့ အတိတ်က ဖြစ်ရပ်တွေကို သူ သိပ်မသိဟု ထင်နေသည်။

သူက ငယ်သေးတာပဲ …

တခြားကိစ္စတွေ အသေးစိတ် သူ သတိမထားမိပေမဲ့ ဦးမိုးတိမ်ယံက မေမေ့ကို ရိုက်ခဲ့တာ သူ မှတ်မိနေသည်။

ပြီးတော့ …

အမေသေဆုံးခဲ့ရတာ …

“ဒီ မိန်းမသူ့ကိုယ်သူ သေကြောင်းကြံတာပဲ …”

ပတ်ဝန်းကျင်က ပြောတဲ့စကားတွေကို မှတ်မိနေခဲ့ပင်။

ဦးမိုးတိမ်ယံကြောင့် သူ့မွေးစားအမေ ပတ်ဝန်းကျင်မှာ ရင်မဆိုင်ဝံ့တော့ဘဲ စိတ်ဝေဒနာတွေ ခံစားနေရသည်။

မိုးဝသုန်ရောက်လာ၏။



အတိတ်တွေကို ပိုပြီး သတိရစေဖို့ နှိုးဆွပေးသလို ဖြစ်လာရသည်။

မုန်းတီးမှုတွေ …

လက်တုံ့ပြန်လိုမှုတွေ …

ရင်ထဲမှာ မေ့ပျောက်နေတဲ့ ရက်တွေ အားလုံး ပြန်လည်နိုးထလာရသည်။

“ကိုကို …”

“ဟင် …”

“ကျွန်မ ဒီကို လာတာ …”

“ဒါ မင်းအခန်းပဲ …”

“မိုးဝသုန် … ငါ့အမေမှာ စိတ်ဝေဒနာတွေရှိတယ် … မင်း ဆင်ခြင်နေပါ …”

အခန်းကို လိုက်ပြပြီး မိုးဝသုန်အနားကနေ သူ ထွက်ခွာသွားခဲ့သည်။

တကယ့်ကို မထင်မှတ်ထားခဲ့ …

ဦးမိုးတိမ်ယံရဲ့သမီးရောက်လာလိမ့်မည်ဟု မျှော်လင့်ထားခဲ့ …

အတိတ်ကို မေ့ထားတာပဲ …

သူ့ဘဝတစ်လျှောက်လုံးတွင် ဆိုးဝါးတဲ့ ကံကြမ္မာနှင့်ပဲ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

အမြဲတမ်း …

မကျေမနပ်ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်မထားခဲ့ပါနဲ့ ... ”

ဦးမိုးတိမ်ယံနှင့်အမေပြောခဲ့တဲ့ စကားတွေဖြစ်သည်။

အမေက မုဆိုးမ ...

သူ့အဖေဆုံးပြီး မေမေခတ္တာညို့ဆီမှာ သားအမိနှစ်ယောက် လာနေကြရသည်။

ဦးမိုးတိမ်ယံက ချမ်းသာတဲ့ မေမေခတ္တာညိုကို လက်ထပ်ပြီး ...

သေလာမြိုင်မှာပဲနေ၏။

“ဒီလူက ပိုင်းလုံးပဲ ... မမကို ချိုင်ပြီးအပိုင်စီးနေတာ ...

သူက ငါးနှစ်သား ...

အလုပ်သမားတွေ ပြောနေတဲ့ စကားကိုကြားလိုက်ရသည်။

သူ့ စိတ်ထဲမှာစွဲနေ၏။

“မမကိုလည်း အနိုင်ကျင့်တယ် ... ပြီးတော့မစပယ်နဲ့ ဘာလိုလိုပဲ ... ”

“ဟင် ... ”

သူ ...

မေ့မရ ...

ရင်ထဲမှာ စွဲနေ့သည်။

ဒါပေမဲ့ ...

ဦးမိုးတိမ်ယံကို လွန်ဆံမရ။



မေမေခတ္တာညိုကိုယ်တိုင်က ဦးမိုးတိမ်ယံရဲ့ ဩဇာအာဏာကို မလွန်ဆံနိုင်ပဲ ဖြစ်ရသည်။

ကြောက်ရ၏။

ငါးနှစ်သား သူက ဘာများပြောနိုင်မှာတဲ့လဲ ...

“ကိုမိုးတိမ်ယံ ... ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မ ပစ်ထားခဲ့ပြီး ဘယ်မှ ထွက်မသွားပါနဲ့ ... ”

“မင်း ပါးစပ်ကို ပိတ်ထားစမ်းစံပယ် ... ငါ့ စိတ်တွေ အရမ်းရှုပ်ထွေးနေတယ် ... မင်း သေသွားချင်လား ... ”

“ရှင် ... ကျွန်မကိုပဲ ခေါ်သွားပါ ... ”

“တိတ်စမ်း ... ”

“ရှင်က မမကို ပြတ်သားခဲ့ရင် မမကို ပြောသင့်တာတွေ ပြောပြရမှာပဲ ... ”

“ဘာ ... ”

“ကျွန်မကို ရှင် ဒီလို အလွယ်တကူ ဥပေက္ခာပြုလို့ မရဘူးနော်”

“ဖြန်း ... ”

“ဟင် ... ”

“အမေ ... ”

သူ ...

ပြေး ထွက်လာခဲ့သည်။

“မင်း ငါ့ကို မနှောင့်ယှက်နဲ့ ... နှောင့်ယှက်ရင် မင်းကို ငါ သတ်ပစ်ဖို့ ဝန်လေးမှာ မဟုတ်ဘူးနော် စံပယ် ... ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးတိမ်ယံ ..."

ဦးမိုးတိမ်ယံက လှည့်ပင်မကြည့်တော့ပဲ ထွက်သွားသည်။

"ဟင့် ... အဟင့် ... ဟင့် ..."

"အဟင့် ..."

"အီး ... ယီး ... ယီး ..."

အမေကြေကွဲစွာဖြင့် ချုံးပွဲချပြီး ငိုတော့သည်။

"အမေ ..."

"ဟင် ... သား ..."

"ဒီလူကြီးကို သားသွားပြီး သတ်ရမလား ..."

ထိုအချိန်က ငါးနှစ်သားက သူပြောခဲ့တဲ့ စကားတွေဖြစ်သည်။

ဒီလူကြီးကို မုန်းတီးသွားရ၏။

သတ်ပစ်ချင်မိသည်။

"အမေ့ကို သတ်ပစ်မယ်လို့ ပြောသွားတယ် ... ကျွန်တော်မကျေနပ်ဘူး ..."

"သား ..."

အမေက သူ့ကို ဖက်ထားသည်။

"မင်း ... မင်း ... သူ့ကို မမုန်းပါနဲ့သားရယ် ... အမေ့အပစ်တွေပဲ ... သူ့ကိုသားမမုန်းပါနဲ့ ..."

သူ ...

မေ့မရတော့ ...



အမေ့ကိုစော်ကားသွားတဲ့လူကြီး ...

ပြီးတော့ ...

မေမေခတ္တာအတွက် ...

"မိုးသောက်ကြယ် မင်းအမေကားတိုက်မိပြီးဆုံးသွားပြီ ..."

"ဟင် ..."

ကာလုက လာပြောသည်။

အိမ်မှာက ဒဿ၊ကာလုတို့က သူနှင့်ရွယ်တူတွေ

"ဘာပြောတယ် ကာလု ..."

"အမေဘာဖြစ်ရတာလဲ ... ဘာဖြစ်လို့ ကားတိုက်ခံရတာလဲ ..."

"မသိဘူး ... မင်းအမေဒဏ်ရာတွေ သွေးတွေနဲ့ လမ်းမှာလဲကျနေတယ် ..."

"ဟင် ..."

သူ ...

ပြေးကြည့်သည်။

"အမေ ..."

အမေသည် ကားတိုက်မိပြီး နေရာမှာပင် သေသွား

သူက ခြောက်နှစ်သား ...

ထိုမြင်ကွင်းကို ဘယ်လိုမှ သူ မေ့ပစ်လို့မရခဲ့။

ရင်ထဲမှာ စွဲနေသည်။

သူ ...

www.burmeseclassic.com

www.burmeseclassic.com



အနာကြည်းဆုံး၊ အမုန်းဆုံးတီးဆုံးက ဦးမိုးတိမ်ယံ
ခင်ဗျားကြီးကြောင့် ကျုပ် အမေသေရတာပဲ ...
ဘယ်တော့မှ မမေ့ဘူး ...
တစ်နေ့ ...
လက်စားချေပြမယ် ...

"မိုးသောက်ကြယ် ... "

"ဗျာ ... "

"သားလေး ဘာမှ အားမငယ်နဲ့နော် ... မေမေခတ္တာ ရှိတယ် ... လောလောဆယ် မင်း ညီမလေးလည်း မေမေခတ္တာအနားကနေ ထွက်သွားပြီ။

မိုးဝသုန် ...

သူ သိသည်။

ငယ်စဉ်က သူအရမ်းချစ်မြတ်နိုးခဲ့တဲ့ ညီမလေးပဲ ...

သွေးသားမတော်စပ်ပေမဲ့ ညီမလေးကိုယ်ဝန်ဆောင်စဉ်ထဲက သူ ချစ်ခဲ့ရတာပဲ ...

"မေမေခတ္တာ ဗိုက်ထဲမှာ ညီမလေး ဟုတ်လား ... "

"အင်း ... "

"သားလိုချင်တယ် ... "

"အရမ်းလိုချင်တာပဲ ... ညီမလေးကို သားမြင်ချင်နေပြီ"

မေမေခတ္တာနှင့်သူ့အမေက အသက်အရွယ်တူ ကြီးပြင်းခဲ့ရပေမဲ့ သူ့အမေက အိမ်ထောင်အရင်ကျတာတဲ့ ...

ယောကျ်ားသေသွား၍ မေမေခတ္တာတို့အိမ်မှာ ပြ



နေသည်။

မွေးစားသမီးဆိုပေမဲ့ ညီမလေးအရင်းလိုပဲ ချစ်ခင်ကြ၏။

"မင်းအမေ သေသွားပေမဲ့ မင်းဘာမှ အားမငယ်နဲ့ ... မေမေခတ္တာမွေးစားမယ် ... သားအရင်းလိုပဲ စောင့်ရှောက်မယ် ... "

အဲဒီတုန်းက ဘာမှမသိခဲ့။

အရာအားလုံးကို သိပ်နားမလည်နိုင်ဘဲ ဖြစ်ရသည်။

ကြီးလာမှ စဉ်းစားမိလာရ၏။

မေမေခတ္တာရဲ့အိမ်ထောင်ရေးပြိုကွဲရတာ ဦးမိုးတိမ်ယံနှင့်သူ့အမေကြောင့်ပဲ။

သူငယ်ငယ်က ညီမလေးကို အရမ်းချစ်မြတ်နိုးခဲ့သည်။

အနားက မခွာခဲ့ပေ။

ဦးမိုးတိမ်ယံက သမီးကို ခေါ်ပြီး ထွက်သွားသည်။

"မင်းတို့အိမ်မှာ ငါမနေတော့ဘူး ... ငါ့ သမီးကို ငါခေါ်သွားမယ် ... မင်း အနားမှာ မထားဘူး ... "

"မခေါ်သွားနဲ့ ... ကျွန်မသမီးလေးကို ကျွန်မ အနားမှာပဲထားပါ ... ကျွန်မတောင်းပန်ပါတယ်နော် ... "

"မထားဘူးကွာ ... မထားဘူး ... ငါ့ သမီးက ငါ့ဘဝနဲ့ မျှော်လင့်ချက်တွေ အနာဂတ်တွေပဲ ... "

သူငယ်သေးတော့ ဘာတွေ ဖြစ်ကြမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



မေမေခတ္တာနှင့်ဦးမိုးတိမ်ယံတို့ ကွဲသွားကြသည်။

"သား ..."

"ဗျာ ..."

"မေမေ့အနားမှာပဲနေပါနော် ... သားဟာ မေမေ့အတွက် အားဆေးပါပဲကွယ် ..."

မေမေခတ္တာသည် အမြဲတမ်းစိတ်သောကတွေ ခံစားနေရသည်။

သူက ဖေးမနေရ၏။

"ပညာကြိုးစားနော်သား ... မေမေက သားကို ချစ်တယ်၊ ထူးချွန်စေချင်တယ် ... အိမ်ထောင်ရေး ပြိုကွဲသွားပြီးထဲက မေမေခတ္တာ ပတ်ဝန်းကျင်နှင့်အဆက်အဆံမလုပ်တော့။ သီးသန့်နေသည်။

အိမ်ထဲက အိမ်ပြင်လည်း မထွက်တော့ပေ။

သူ ဘွဲ့ယူတာပင်မလိုက်။

"ငါ့သားလေး တော်တယ် ... ဆရာဝန်ကြီး ဖြစ်ပြီ ... မေမေ အရမ်းပျော်တာပဲကွယ် ..."

မေမေငိုသည်။

သမီးကို သတိရနေတာလည်းပဲ ဖြစ်နိုင်၏။

"မေမေ ..."

"ဟင် ..."

"တစ်ယောက်တည်းနေရင် မေမေအရမ်းစိတ်ထိခိုက်နေရမှာပဲ သားနဲ့ တာဝန်ကျရာကို လိုက်ခဲ့ပါလားဟင် ..."



"မလိုက်ပါဘူးသားရယ် ... အမေ ဒီ အိမ်ထဲကနေ ဘယ်မှ မသွားချင်ပါဘူး ... ပတ်ဝန်းကျင်ကိုအမေ ရင်ဆိုင်ရမှာ အရမ်းကြောက်တာပဲ သား ... သူတို့က ... အမေကို ယောကျ်ားနဲ့ဘာဖြစ်လို့ ကွဲလဲမေးရင် အမေဘယ်လိုဖြေရမလဲ ..."

"နှစ်တွေအရမ်းကြာသွားပြီလေ ... မေမေဘာလို့ စိတ်ထဲမှာ ထားနေရတာလဲဗျာ ... သားတောင် လူပျိုဖြစ်ပြီ"

"မေမေသမီးလေးရော အခုလောက်ဆို ဘယ်အရွယ်ရောက်နေပြီလဲ ... သားလိုပဲ ဆရာဝန်ကြီးဖြစ်နေပြီလား ဟင်"

"မေမေ ..."

"ဟင် ..."

"ဘာမှမတွေးပါနဲ့တော့ ... သားတာဝန်ကျတဲ့မြို့ကို မေမေ လိုက်ခဲ့ပါ ..."

"မလိုက်ပါဘူး ... အမေပတ်ဝန်းကျင်နဲ့ရင်မဆိုင်ချင်ပါဘူး၊ အမေတစ်ယောက်တည်း အိမ်ထဲမှာ နေရတာပဲ ကြိုက်တယ်"

"အမေ့ကို ကျွန်တော်စိတ်မချဘူး ..."

"ကာလုတို့ ဒဿတို့ရှိနေတာပဲ ... အမေ့အတွက် ဘာမှမပူပါနဲ့နော် ..."

"မေမေ ဘာမှတွေးမနေပါနဲ့ ... အားလုံးဖြစ်ပျက်သွားပြီပဲ ညီမလေးကလည်း သူ့အဖေအရင်း လက်ထဲမှာပဲ ..."

သူ ...

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျတဲ့မြို့နယ်မှာ သုံးနှစ် အမှုထမ်းရသည်။

တစ်နယ်ပြီးတစ်နယ်ပြောင်းနေရ၏။

မေမေ အထီးကျန်နေခဲ့သည်။

ဆေးကုသခွင့်ရပြီဆိုတော့ သူမြို့က ရပ်ကွက်တစ်ခုမှာ ဆေးခန်းဖွင့်ခဲ့၏။

စေတနာ ဆရာဝန်ပါပဲ ...

ငွေကြေးအနည်းငယ်နှင့်ဆေးဝါးကုသ ...ခဲ့မိသည်။

စေတနာနှင့် လူနာတွေကို ဆေးဝါးကုသပေးခဲ့ပေမဲ့ မထင်မှတ်ဘဲ လူနာတစ်ယောက်ကို ဆေးမှားထိုးမိ၍ သေဆုံးသွားခဲ့၏။

တစ်ဦးတည်းသော သမီးလေး ...

မိဘဆွေမျိုးတွေက အကြီးအကျယ်ပြဿနာ ရှာပြီး တိုင်တောတာတွေလုပ်ခဲ့ကြသည်။

သက်ဆိုင်ရာတွေက စစ်ဆေးမှုတွေလုပ်၏။

သူ့အမှားပဲ ...

ပတ်ဝန်းကျင်မှာ အရှက်တစ်ကွဲဖြစ်ရသည်။

"ဒီဒေါက်တာအသုံးမကျဘူး ... လူသတ်သမားပဲ ... "

သူ့ကိုတွေ့လျှင်ပြောကြတဲ့ စကားတွေပဲ ဖြစ်သည်။

"သား ... "

"မေမေ ... "

"ဘာလို့ ဒီလိုဖြစ်ရတာလဲကွယ် ... မေမေ့သားက စေတနာဆရာဝန်ဆိုတာ မေမေသိပါတယ် ... မတော်တဆမှားယွင်းမှုအဖြစ် လူတွေက ဘာဖြစ်လို့ ခွင့်မလွှတ်ကြတာလဲ ... "



မေမေပို၍ စိတ်ထိခိုက်ရသည်။

သူ ...

ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲတော့ ...

လူသတ်ဆရာဝန်အဖြစ် နှခေါင်းရှုံ့နေကြ၍ ဖြစ်သည်။

ထိုအချိန်မှစ၍ သေလာမြိုင်အိမ်ကြီးထဲသို့ ဧည့်သည်အဝင်အထွက်မရှိတော့။

သီးသန့်နေထိုင်ကြသည်။

ပတ်ဝန်းကျင်ကို လုံးဝအဆက်အဆံမလုပ်ကြတော့ပေ။

"ကျုပ် ဘယ်တော့မှ ဆေးမကုတော့ဘူး ... ပတ်ဝန်းကျင်ကိုလည်း ဘယ်တော့မှ မပတ်သက်ဘူး ... သေလာမြိုင်ကို အမြဲတမ်းသော့ပိတ်ထား ... "

သေလာမြိုင်ကို ဧည့်သည်အဝင်အထွက်မရှိစေရပေ။

အမြဲတမ်း ...

တံခါးပိတ်ထားလိုက်သည်။

ဘိုးဘွားစဉ်ဆက် ချမ်းသာလာကြတဲ့ လူတွေဖြစ်၍ ငွေကြေးနှင့်စားသောက်ဖို့က မပူရပေ။

အခု ...

မိုးဝသုန်ရောက်လာသည်။

ဦးမိုးတိမ်ယံက လွှတ်လိုက်တာဟုပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် လွှတ်လိုက်တာလဲ ... ။

သူ့မျက်ဝန်းတွေက တင်းမာခက်ထန်နေသည်။

ခင်ဗျားကြီးသမီးကို ဘာဖြစ်လို့ သေလာမြိုင်ကို လွှတ်လိုက်ရတာလဲ ... ။

အမွေတွေအတွက်လား။

မေမေက တဖြည်းဖြည်းနှင့်စိတ်ရောဂါဝေဒနာတွေ ခံစားလာရသည်။

ယဉ်ယဉ်လေးနှင့်ပုံမှန် စိတ်မရှိတော့တာပဲဖြစ်၏၊ အတိတ်က အကြောင်းတွေကို စဉ်းစားနေမိသည်၊ ဒေါသတွေနှင့်ပေါက်ကွဲချင်နေ၏။

ဦးမိုးတိမ်ယံကို လက်စားချေဖို့ အကွက်တစ်ခုတည်း ဖြစ်နေသည်။



## အခန်း(၆)

"သမီးလေး ... "

"ရှင် ... "

"မေမေ့ဆီကို သမီးလေးရောက်လာတာ မေမေအရမ်း ဝမ်းသာတာပဲ ... မေမေ့သမီးလေး ... "

မေမေတဲ့ ...

ဒေါ်ခတ္တာညိုက ကျွန်မမေမေလား ...

ဖေဖေက မေမေနှင့်ပတ်သက်ပြီး ဘာတစ်ခုမှ မပြောဖြစ် ...

အခုတောင် ...

ဒေါ်ခတ္တာညိုဆီ သမီးသွားကိုသွားရမယ်ပဲ ပြော တာပါ။

"ကိုမိုးတိမ်ယံက သမီးလေးကို အတင်းခေါ်သွားတာပါ"

ဒေါ်ခတ္တာညိုသည် စိတ်ဝေဒနာရှင်တစ်ယောက်လို

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက မငြိမ်ပေ။

အကြီးအကျယ် ဝေဒနာရှင်ကြီးတော့မဟုတ်။

“မေမေလို့ ခေါ်ပါ သမီးရယ် ... ခေါ်လေ ... ”

သူမကို ဖက်ထားသည်။

မေမေ ...

ကျွန်မမေမေပဲ။

“ကြည့်စမ်း ... မေမေ့သမီးလေးက မေမေနဲ့အရမ်းတူတ

ဟုတ်တယ် ...

မေမေနဲ့ကျွန်မက တူတယ် ...

ဒီလောက်ချောမောတဲ့ မေမေ့ကို ဖေဖော

ထားခဲ့ရတာလဲ ...

“မေမေဟာ အတိတ်ကအကြောင်းတွေကို ဘာမှ မပြေ

တော့ပါဘူး ... မေ့ထားချင်တယ် ... ”

မေမေ့မျက်ဝန်းတွေက ရီဝေစိုစွတ်နေသည်။

“သမီးလေး ဟိုရောက်ရင် အခြေအနေတွေ အားလုံ

သိမှာပါ ... အဖြစ်မှန်တွေလည်း သမီးသိလာလိမ့်မ

သမီးသိပါတယ် ...

မေမေဆိုတာလေ ...

“သမီး ဒေါ်ခတ္တာညို့ရဲ့အနားကို သွားပြီးပြုစုပေးရမ

သမီးမေမေက ဒေါ်ခတ္တာညိုပါလို့မပြောပေ။

လေးလေးကိုလည်း ဟိုလူဆေးကုပေးလို့ ေ

သေးရဲ့ ...



“မေမေ့ကို မေမေအဖြစ် သမီးလေးအသိအမှတ်ပြုရဲ့လား ကွယ် ... ”

“ဟုတ်ကဲ့ ... အသိအမှတ်ပြုပါတယ်ကွယ် ... ဝမ်းသာလိုက်တာကွယ် ... မေမေအရမ်းဝမ်းသာတာပဲ ... ”

“မေမေ ... ”

“ဟင် ... ”

“ပတ်ဝန်းကျင်နဲ့အဆက်အသွယ် ဖြတ်ပြီးမနေပါနဲ့ ... ”

“မေမေရှက်လွန်းလို့ပါ ... ပတ်ဝန်းကျင်နဲ့မေမေရင်မဆိုင်ရဲလို့ပါ ... မေမေ့အိမ်ထောင်ရေးပြိုကွဲသွားတာ ဘာကြောင့်လဲလို့ မေးရင် မေမေဘယ်လိုဖြေရမလဲ ... ”

“အခုအချိန်တွေက အရမ်းကြာသွားပြီပဲ ... မမေးကြတော့ပါဘူး ... ”

“အချိန်က မကြာသေးပါဘူး ... မနေ့တစ်နေ့ကလိုပဲ ထင်တယ် ... မကြာသေးပါဘူးသမီးရယ် ... ”

“မေမေ ... ”

“ဟင် ... ”

“သမီးအပျိုကြီးဖားဖားဖြစ်နေပြီလေ ... အချိန်တွေ ဘယ်လောက်ကြာပြီလဲ ... ”

သူမ ...

မေမေ့ကို စိတ်ချမ်းသာစေချင်သည်။

နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ မိခင်ကို ပြန်တွေ့ ဝမ်းသာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီး ..."

"ရှင် ..."

"သား ... မိုးသောက်ကြယ်က သမီးကိုကိုပဲနော် ... မေမေ
မွေးစားထားတာဆိုပေမဲ့ မေမေ့အနားမှာ အမြဲတမ်းနေလ
ခဲ့တဲ့သူပဲ ..."

ဒေါ်ခတ္တာညို့ရဲ့အသိစိတ်ထဲမှာ သမီးအမြဲတမ်းရှိ
ခဲ့သည်။

ကိုးမိုးတိမ်ယံ ...

ရှင် ရက်စက်ခဲ့တာပဲ ...

စံပယ်နဲ့ ...

"စံပယ်မှာ အပြစ်မရှိဘူး ... ရှင်က စံပယ်အပေါ် စိတ်
တိမ်းညွတ်နေတာ မဟုတ်လား ..."

"မဟုတ်ပါဘူးကွာ ... စံပယ်ကို သနားလို့ပါ ..."

"ဘာသနားတာလဲ ... ရှင် ကျွန်မအပေါ် သစ္စာမဲ့တာပဲ
ကျွန်မ ညီမလိုနေတဲ့ မိန်းကလေးဒုက္ခရောက်အောင်
လုပ်တာပဲ ..."

အတိတ်ကအကြောင်းတွေတွေးမိတိုင်းဒေါ်ခတ္တာ
စိတ်တွေရောက်ယက်ခက်အောင် လှုပ်ရှားသွားရသည်။

"အား ..."

"မေမေ ဘာဖြစ်နေတာလဲ မေမေ ..."

"မေမေ စိတ်ညစ်တယ် ... အတိတ်ကအကြောင်း
မတွေးချင်ပါဘူးကွယ် ..."



အတိတ်က အကြောင်းတွေက မခံချင်စရာ ဒေါသ
တွေပဲ ဖြစ်ပေါ်လာရသည်။

"မေမေ့ ခေါင်းတွေထဲမှာ ရှုပ်ထွေးလာပြီ ... အား ... သေ
ချင်တယ် ... မေမေအရမ်း သေချင်တာပဲ ..."

"မေမေ ..."

သူမ ...

လန့်သွားမိသည်။

မေမေ့ မျက်ဝန်းတွေက တည်ငြိမ်မှုမရှိပဲ လှုပ်ရှား
လာရ၏။

"ကာလု ... ဒီမှာ မေမေဘာဖြစ်တာလဲ မသိဘူး ... လုပ်
ပါဦး ..."

ဖြတ်သွားတဲ့ ကိုကာလုကို အကူအညီတောင်းရ
သည်။

ကိုကာလု ပြေးလာ၏။

"ဒေါ်လေး ဘာဖြစ်တာလဲ ... ဆရာလေး ... ဆရာလေး
လုပ်ပါဦး ... ဒေါ်လေးခတ္တာ စိတ်ဝေဒနာ တွေပေါက်လာ
ပြီ ..."

သူ ...

ရောက်လာသည်။

"မင်း ... မင်း ... ဘာပြောလိုက်တာလဲ ... ငါ့အမေကို
မင်း ဘာပြောလိုက်တာလဲ ..."

"ရှင် ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း တစ်ခုခုပြောလိုက်တယ် ... "

မေမေအော်ပြီး သတိလစ်သွားသည်။

ဒုက္ခပါပဲ ...

ဘယ်လိုလုပ်ရမလဲ ...

"ကျွန်မ ဘာမှ မပြောမိဘူး ... မေမေ့ကို ကျွန်မ ဘာမှ မပြောပါဘူး ... "

"ပြောတယ် ... မေမေဟာ စိတ်ထိခိုက်စရာ တွေးလို့မရဘူး ... နားထောင်လို့မရဘူး ... "

"ရှင် ... "

မပြောဘူးဟု ပြောသော်လည်း မရဘဲ အတင်းစွပ်စွဲနေသည်။

မေမေမွေးစားသားတဲ့ ...

ကျွန်မကိုကိုတဲ့ ...

မျက်နှာထားက တင်းမာနေသည်။

"ကိုကို ကျွန်မ ဘာမှမပြောဘူး ... ပြောစရာလည်း ဘာအကြောင်းမှ မရှိပါဘူး ... "

"တိတ်စမ်း ... "

မေမေသတိရအောင် သူပြုစုပေးနေမိသည်။

သူ ...

ဆေးမကုတာကြာပြီ။

မေမေတစ်ယောက်ပဲ ကုပေးသည်။

ဟိုလူကိုတော့ မလွှဲမရှောင်သာလို့ ဆေးကုပေးခဲ့



"မင်း သွားတော့ ... "

"ရှင် ... "

"မင်း အခန်းထဲမှာ မင်းသွားနေ ... "

"ဒီကို လုံးဝမလာနဲ့ ... "

"ဟို ... ဟို ... "

"မင်းမလိုဘူး ... "

သူမ ...

ထွက်လာခဲ့ရသည်။

ဟွန်း ...

ဘယ်လိုလူလဲ ...

ကျွန်မကို ဘာဖြစ်လို့များ မလိုလားနိုင်အောင် ဖြစ်ရတာလဲ ...

ဒေါသဖြစ်နေရတာလဲ ...

"ကူမလေး ... "

"ဟင် လေးလေး ... "

"ဘာဖြစ်လာတာလဲ ... "

"ဟိုလူပေါ့ ... "

"ဟောင်မိုးသောက်ကြယ်လား ... "

"ဟင်း ... "

"ဒေါသကြီးတတ်တဲ့ လူတစ်ယောက်ပဲ ... "

"လေးလေး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"အတိတ်က အကြောင်းတွေကို သိလား ... "

"မသိပါဘူးကွယ် ... လေးလေးကို အစ်ကိုကြီးက ကားနဲ့ လာခေါ်ရမယ်လို့ ဖုန်းဆက်တာနဲ့ လေးလေးလာခေါ်ရတာပဲ ... "

"ဖေဖေက ဘာတွေပြောသေးလဲ ... "

"မပြောဘူး ... မင်းမသိပါဘူးတဲ့ ... "

လေးလေးလည်းမသိ ...

ဖေဖေနှင့်မေမေ ဘယ်လိုပဋိပက္ခကြောင့် ကွဲရတာလဲ ...

မသိတဲ့ လူတွေက များနေသည်။

"မေမေအတိတ်ကအကြောင်းတွေ တွေးပြီး စိတ်ထဖောက်တာပဲနေမယ် လေးလေး ... "

"ဟုတ်တယ် သုန်သုန် ... လေးလေးလည်း ထင်တယ်"

"ဟွန်း ... ဟိုလူက လေးလေးကိုလည်း ခပ်တည်တည် အမွေကိစ္စကြောင့်များလားဟင် လေးလေး ... "

"မသိပါဘူးကွယ် ... "

"သုန်သုန်တို့ကို မလိုလားသလိုပဲ ... "

"အင်း ... "

"မုန်းလိုက်တာ ... "

"သုန်သုန် ... "

"ရှင် ... "



"သတိထား ... "

"ဘာကိုလဲ ... "

"ဒီလူတွေကိုပေါ့ ... "

"အင်း ... "

"လေးလေး အပြင်ကို ထွက်ပြီး ပတ်ဝန်းကျင်ကို ထွက်ပြီး လေ့လာလိုက်ဦးမယ် ... အကြောင်းဆို ထွက်ပြေးလွတ်မြောက်ဖို့လေ ... "

"အင်း ... "

လေးလေးထွက်သွား၍ သူမတစ်ယောက်တည်း ကျန်ခဲ့သည်။

မေမေကို သွားကြည့်ဖို့ကလည်း ဟိုလူက လာတာပကြိုက်ပေ။

မသွားတော့ဘူး။

ဖေဖေ ...

သမီးအရမ်း စိတ်ညစ်တယ် ...

အားငယ်လိုက်တာ ...

ဟိုလူက ကျွန်မကိုများ ဘာဖြစ်လို့ မလိုလားနိုင်အောင် ဖြစ်နေရတာလဲ ... ။

မိုးသောက်ကြယ်ကတော့ မေမေ့ကို သတိရအောင် ပြုစုနေမိသည်။

"ကာလု ... "

"ပြောပါ ဆရာလေး ... "

www.burmeseclassic.com

www.burmeseclassic.com



"မေမေ သွေးတိုးနေတယ် ... ဆေးထိုးရအောင် ... "

"ဟုတ်ကဲ့ ... "

ဆေးထိုးအပ်ကို မကိုင်တာကြာပြီ။

ဟိုလူကြောင့် ...

ဦးမိုးတိမ်ယံရဲ့ညီ မိုးဇင်ယော် ဒွင်းတို့ကို စေတနာ မရှိဆုံးပဲ ... ။

မိုးဝသုန် ...

မင်းကို ငါမုန်းတယ် ...

ငါ့အမေကို ဖျက်စီးသွားတဲ့လူ ...

မေမေခတ္တာညီုက ငါ့မေမေဘက်က ရပ်ခဲ့လို့ပေါ့

နေစရာ၊ စားစရာမရှိတဲ့ ငါတို့သားအမိဘဝပျက်ရ မှာပဲ ...

"ဟင်း ... ဟင်း ... "

"မေမေ ... "

"ဟင်း ... ဟင်း ... "

မေမေသတိရလာသည်။

မျက်ဝန်းတွေကို အားယူပြီးဖွင့်ကြည့်၏။

"မေမေ ... "

"မင်း ဘယ်သူလဲ ... "

"သားလေ မေမေရဲ့သား မိုးသောက်ကြယ် ... "

"ဟုတ်တယ်လေ ... "

"သြော် ... သားသား ... ဝက်သား ... အမဲသား ... ဆိတ်



သား ... အဲ့ဒါလား ... "

မေမေက စိတ်ထိခိုက်စရာ တစ်ခုတွေးမိသွားပြီး ဖောက်ပြန်သွားလျှင် ဘာမှမသိတော့။

အခုတလော ...

မေမေအတော်လေး နေကောင်းနေမှပဲ ... ။

"မေမေ ... "

"ဟင် ... "

"သားကိုတောင် မမှတ်မိတော့ဘူးလား ... "

"မှတ်မိပါတယ် ... သားက ခွေးသားမဟုတ်လား ... "

"မေမေရယ် ... "

မေမေ့ကို အိပ်ဆေးထိုးပေးလိုက်သည်။

"ကာလု ... "

"ဗျာ ... "

"မေမေ့အနားကို ဘယ်သူမှ အကပ်မခံနဲ့ ... "

"ဟုတ်ကဲ့ပါ ... "

"မင်း စောင့်နေရမယ် ... "

"ဟုတ်ကဲ့ ... "

"ဘယ်သူ့ကိုမှ မေမေ့အနားမကပ်စေနဲ့နော် ... "

"ဟုတ်ကဲ့ပါ ... "

မေမေ့အိပ်ခန်းထဲကနေ သူ ထွက်လာခဲ့မိသည်။

စိတ်တွေမောနေ၏။

မိုးဝသုန် ...

www.burmeseclassic.com

www.burmeseclassic.com



မင်း ရောက်လာမှ ငါ့စိတ်တွေ ပိုပြီးတောင် အနှောင့်အယှက်ဖြစ်လာရလေတယ် ... ။

အတိတ်တွေ ...

ငါမေ့ထားတဲ့အတိတ်တွေ ... ။

အားလုံး ငါပြန်သတိရနေပြီ။

အိပ်ခန်းထဲ ပြန်ရောက်လာတဲ့အထိ ဒေါသတွေဖြစ်ရသည်။

"ကိုမိုးတိမ်ယံ ... ကျွန်မကို ပစ်မထားခဲ့ပါနဲ့နော် ... ကျွန်မလိုက်မယ် ... "

"ငါ့ကို စိတ်ညစ်အောင် မင်းမလုပ်နဲ့နော် ... "

"မင်း ဝင်မရှုပ်ရင်ကောင်းမယ်ထင်တယ် စံပယ် ... "

အတိတ်က အရိပ်တွေကို ပြန်၍ ကြားယောင်လာမိသည်။

ဒေါသတွေ ပေါက်ကွဲရ၏။

အလကားဟာတွေ ...

အမွေအတွက် မင်းလာတာလား ... ။

သွားစမ်းပါကွာ ...

ငါ့ စိတ်တွေကို သောကတွေ ဖုံးလွှမ်းအောင် မင်းလာလုပ်တာပဲ ... ။

ဒေါသတကြီး ပြောနေမိသည်။



အခန်း(၇)

"ကိုကို ... "

"ဘာ ... "

"မေမေ့အနား ကျွန်မကပ်ခွင့်မရှိဘူးဆို ... "

"ဟုတ်တယ် ... မေမေနေမကောင်းဘူး ... မင်း အေးအေးဆေးဆေးနေပါ ... မေမေက ... တစ်ပတ်လောက်နေမကောင်း ဖြစ်တတ်တယ် ... မင်း အနားမကပ်ပါနဲ့"

"ကျွန်မ ကိုကိုနဲ့ဆွေးနွေးချင်တယ် ... "

"မရှိဘူး ... မင်းနဲ့ ငါဘာမှ ဆွေးနွေးစရာမလိုဘူး ... "

"ကျွန်မ အမွေအတွက် လာတာမဟုတ်ပါဘူး ကိုကို ... "

"ဘာ ... "

မင်းက အမွေအတွက် လာတာမဟုတ်ဘူးဆိုတော့ ငါက အမွေအတွက် ဒေါသဖြစ်နေတယ်လို့ မင်းထင်တာလား ... ဝေးသေးတယ် ...

www.burmeseclassic.com

www.burmeseclassic.com



ငါ ...

မင်းကို မုန်းတယ် ...

သတ်ဖြစ်ချင်လောက်အောင် မုန်းတာပဲ ... ။

မင်းအဖေ ...

ငါ့အမေကို သတ်ပစ်လိုက်တာပဲ ... ။

"စံပယ်က ကားရှေ့ကို ထိုးဝင်တာ ... "

အမေကားတိုက်မှုဖြစ်တာ အမေ့အပစ်ဖြစ်နေသည်

ကားထဲကို အမေက ခုန်ဝင်တာတဲ့ ...

အဲ့ဒါ ...

မင်းအဖေကြောင့်ပဲ ...

မေမေခတ္တာညီကိုလည်း ပတ်ဝန်းကျင်မှာ အရှု

တစ်ကွဲ ဖြစ်အောင်လုပ်ခဲ့တာပဲ ... ။

မင်းအဖေက လူယုတ်မာ ...

မိန်းမသားနှစ်ယောက်လုံးကို ဘဝပျက်စေခဲ့သူ

"ကိုကို ... "

"ဘာလဲ ... "

"မေမေက ပြောတယ် ... ကိုကိုက ကျွန်မအစ်ကိုပဲတဲ့"

"မိုးဝသုန် ... "

"ရှင် ... "

"မင်းကို ငါအစ်ကိုမတော်နိုင်ဘူး ... ငါ့ကို ဘယ်တော့

ကိုကိုလို့ မခေါ်နဲ့ ... "

"ဟင် ... "



"ငါနဲ့အဝေးဆုံးမှာ မင်းနေပါ ... "

ဟွန်း ...

ကြီးကျယ်လိုက်တာ ... ။

ကျွန်မ အမွေတွေ မယူပါဘူး ...

ရှင် ...

ဘယ်လိုလူလဲ ...

အမွေတွေအတွက် မဟုတ်လား ...

"ကျွန်မ အမွေတစ်ပြားတစ်ချပ်မှ မယူပါဘူး ... "

"မင်း ထွက်သွားစမ်း ... "

"မသွားဘူး ... "

"ဘာ ... "

"ကျွန်မ ကိုကို့ကို ရှင်းပြပါရစေ ... "

"မရှင်းနဲ့ ... "

"ရှင်းရမှာပဲ ... ကျွန်မအမွေလည်း တစ်ပြားတစ်ချပ်မှ မယူ

ချင်ပါဘူး ... "

"တိတ်စမ်း ... "

သူ ...

ဒေါသတကြီးအော်ပစ်မိသည်။

"ငါ ငွေမက်တဲ့ကောင် မဟုတ်ဘူးနော် မိုးဝသုန် ... "

"ကျွန်မ ... ကျွန်မ ... "

"မင်း ထွက်သွားစမ်း ... "

"ကျွန်မ မေမေ့အနားမှာနေမယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"မနေရဘူး ..."

"မေမေနဲ့ကျွန်မအခုမှတွေ့ရတာပါ ... မေမေ့ကို ပြုစုဖို့ ဖေဖေက ကျွန်မကို လွှတ်လိုက်တာပါ ..."

"ဟုတ်လား ... ဒါပေမဲ့ မေမေနေမကောင်းသေးဘူး ... မင်းကို သတိရမှာလည်း မဟုတ်ဘူး ... တစ်ပတ်လောက် ဆေးကုလိုက်မှ မေမေနေကောင်းမှာ ..."

"ကိုကို ..."

"မင်းသွားတော့ ..."

"ကျွန်မနဲ့မေမေ့ကို ခွဲမထားပါနဲ့နော် ..."

မေမေရယ် ...

သမီး သနားလိုက်တာ ...

မေမေဒီလို အခြေအနေရောက်မှ ဘာဖြစ်လို့ မတွေ့ ရတာလဲ ... ။

ငိုချင်လာရသည်။

မေမေ့အနားမှာနေပြီး မေမေ့ကို ကြည့်နေချင်ပေမဲ့ ဒေါက်တာက လက်မခံ။

စိတ်သောကတွေ ရောက်ရသည်။

"မင်း သွားတော့လေ ..."

"ဒေါက်တာ ..."

"မင်း ... မင်း ငါ့ကို ဒေါက်တာလို့ မခေါ်နဲ့ ..."

"ငါ ဆရာဝန်မဟုတ်ဘူး ..."

"ငါက လူသတ်သမားနော် ..."



"နင့်ကို သတ်ပစ်ချင်တယ် ..."

"ငါနဲ့ လာပြီးမပတ်သက်ပါနဲ့ ... အရောတဝင်လည်း လာ မလုပ်ပါနဲ့ ..."

သူ ...

အပြတ်ပြောပစ်လိုက်သည်။

နှုတ်ခမ်းတွေကိုဖိကိုက်ထားမိ၏။

ညီမလေး ...

သူငယ်စဉ်က အလွန်ချစ်မြတ်နိုးခဲ့သော ညီမလေး။

"မေမေခတ္တာဗိုက်ထဲက ညီမလေးကို သားအရမ်းလိုချင်တာ ပဲ ... မြန်မြန်မွေးပေးနော် ..."

သူ ပြောခဲ့သည်။

ညီမလေးကို အရမ်းချစ်ခဲ့၏။

အနားကမခွာပေ။

အခု ...

သူ ချစ်မြတ်နိုးခဲ့တဲ့ ညီမလေး။

"ညီမလေးမှာ အပြစ်မရှိပါဘူး ... ကိုမိုးတိမ်ယံမှာပဲ အပြစ် ရှိတာပါ ... သား ညီမလေးကို မမုန်းနဲ့နော် ..."

မေမေ ခတ္တာက ပြောသည်။

ဟုတ်ပါတယ်။

ညီမလေးမှာ အပြစ်မရှိပါဘူး။

အပြစ်ရှိတာက ဦးမိုးတိမ်ယံ။

"အဟင့် ... ဟင့် ... အဟင့် ..."

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးငိုပြီး ပြေးထွက်သွားတော့သည်။

"တောက် ..."

ဒေါသတွေက ပေါက်ကွဲချင်နေမိသည်။

"တိုတို ..."

ငယ်ငယ်က ညီမလေး သူ့ကိုခေါ်တဲ့အသံပါ။

အခု ...

ကိုကိုတဲ့ ...

"ဆရာလေး ..."

"ဟင် ..."

"ဒေါ်လေးခတ္တာနိုးနေပြီ ..."

"သမီးရောတဲ့ ..."

မိုးဝသုန်ကို အမြင်ကတ်ပြီး မေမေနှင့်မတွေ့စေ ပေ။

အမေ့ကြောင့်ပဲ ဦးမိုးတိမ်ယံက သမီးကိုလွှတ်လိုက် ဟာပဲ ဖြစ်သည်။

သူ ...

မေမေကြောင့်ပါ။

ငယ်စဉ်လေးထဲက သူ့ကို ကျွေးမွေးစောင့်ရှောက် တဲ့ မေမေ။

မပစ်ရက်ပေ။

မိုးဝသုန်ရောက်လာပြီဆိုတော့ မေမေ့အနားက သူ ထွက်သွားချင်နေမိသည်။



မေမေ့စိတ်ဝေဒနာက သူရှိမှ ဖြစ်မှာမို့ပါ။

"ဆရာလေး ..."

"ဟင် ..."

"လိုက်ကြည့်ပါဦး ..."

"အင်း ..."

မေမေ့ကိုတော့ သူ ဘယ်လိုနည်းနှင့်မှ မပစ်ရက်နိုင် ပေ။

မစွန့်ပစ်နိုင်ခဲ့ ...

"ငါ သွားကြည့်လိုက်မယ် ..."

မေမေ့ဆီ သူ ရောက်လာသည်။

ထိုင်နေ၏။

"မေမေ ..."

"ဟင် သား ..."

မေမေ ပြန်ပြီးသတိရလာပြီ ဖြစ်သည်။

"မေမေ စိတ်တွေကို ထိန်းပါ မေမေရယ် ... ဘာဖြစ်လို့ စိတ်သောကရောက်စရာတွေ တွေးနေရတာလဲ ..."

"သမီးလေးရော ... မင်းညီမလေးလေ ..."

မိုးဝသုန်ကိုတွေ့လျှင် မေမေ အတိတ်ကိုပဲ သတိရ မည်။

စိတ်ထိခိုက်ကြေကွဲမှာ စိုးမိသည်။

အနားမှာတားပါ။

"မေမေ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"အနားယူပါ ..."

"မိုးသောက်ကြယ် ..."

"ဗျာ ..."

"ညီမလေးကို မမုန်းနဲ့နော် ... မမုန်းဘူးမဟုတ်လားဟ
သား ..."

မေမေသိပါတယ်။

သား မုန်းနေတယ်မဟုတ်လား။

ကိုတိမ်ယံက မင်းအမေကိုပါ သေတွင်းထဲပို့ခဲ့တ
ပါ။

"သမီးလေးမှာ အပြစ်မရှိပါဘူးကွယ် ... သမီးလေးက ဘ
ပြစ်မှုကိုမှ မကျူးလွန်ပါဘူး ..."

"မေမေ ဒါတွေမတွေးပါနဲ့နော် ... သား တောင်းပန်ပါတယ
မေမေက စိတ်ထိခိုက်လို့မရတဲ့ ဝေဒနာရှင်လေ ..."

"ညီမလေးကို မင်းမမုန်းပါနဲ့ ... မမုန်းပါဘူးလို့ မေမေ့
ပြောစမ်းပါသားရယ် ..."

"မမုန်းပါဘူး မေမေ ..."

မေမေ စိတ်ချမ်းသာအောင် သူ ပြောလိုက်ခြင်း ဖြ
သည်။

"သမီးလေးရော ... မင်း ညီမလေးရော ..."

"ရှိပါတယ် ..."

"သွားခေါ်စမ်း ..."



"ကာလုကိုခေါ်ခိုင်းလိုက်ပါ့မယ် ..."

"သား ..."

"ဗျာ ..."

"မင်းကိုယ်တိုင်သွားခေါ်ခဲ့ပါ ..."

မိုးဝသုန်ကို သူ လုံးဝပတ်သက်လိုခြင်း မရှိခဲ့ပေ။
ကင်းကင်းနေလိုသည်။

မေမေ စိတ်မြန်မြန်တည်ငြိမ်သွားတာ မိုးဝသုန်
ကြောင့်ပါပဲ။

"မေမေလေ စိတ်တွေကို ထိန်းချုပ်ထားရတယ် ... အရင်
ကလို လွှတ်မထားရဲတော့ဘူး ... မေမေ့သမီးလေးကြောက်
သွားမှာ စိုးလို့လေ ..."

မေမေ့ကို စိတ်ထိခိုက်ကြေကွဲမှုတွေ မခံစားစေချင်
တော့ပါဘူး။

သမီးကိုတော့ မေမေ သတိရသားပဲ။

"သွားခေါ်နော် ... ညီမလေးကို မင်းချစ်တယ် မဟုတ်လား"

စောစောကတော့ မေမေဘာကိုမှ မသိတော့ဘဲ
ငိုပွဲနေခဲ့သည်။

အခု ...

သတိဝင်နေ၏။

မိုးဝသုန်ကြောင့်လား ...

"မေမေ ..."

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"မိုးဝသုန် မေမေ့အနားရောက်လာရင် မေမေအတိတ်ကို မတွေးပါနဲ့ ... "

"အင်းပါ ... "

"တွေးတာနဲ့ မေမေ့စိတ်တွေ နောက်ကျိသွားနိုင်တယ်လေ"

"အင်း ... "

"သား သွားခေါ်ပေးမယ်နော် ... "

"အင်း ... "

မေမေ့အနားကနေ ထွက်လာခဲ့သည်။

မိုးဝသုန်အနားသွားဖို့ သူ့ခြေလှမ်းတွေ တွန့်ဆုတ်နေမိ၏။

မပတ်သက်ချင်ဘူး။

မေမေကြောင့် ...

စိတ်ရောဂါဝေဒနာတွေ ခံစားနေရတဲ့ မေမေ့ကို စိတ်ချမ်းသာစေချင်သည်။

ဦးမိုးတိမ်ယံ ...

ခင်ဗျားကြီးကြောင့်ပဲ။

မေမေခုတ္တာ ခင်ဗျားကြီးနဲ့လက်ထပ်ပြီးထဲက စိတ်ဝေဒနာတွေ ခံစားနေရတာလေ။

ကျုပ်အမေလည်း သေရတယ်။

"မောင်ရင် ... "

"ဟင် ... "

"ဘယ်လဲ ... "



"မိုးဝသုန်ဆီ ... "

"တူမလေး ငိုနေတယ် ဘာဖြစ်လို့လဲဆိုတာ မေးလို့မရဘူး"

သူ ...

ထွက်လာခဲ့သည်။

"အဟင့် ဟင့် အဟင့် ... "

"မိုးဝသုန် ... "

"ဟင် ... "

သူမ မျက်ရည်တွေ ပြည့်နေတဲ့မျက်ဝန်းတွေနှင့် ...သည်။

"မင်း ငိုမနေနဲ့ ... မေမေ ခေါ်နေတယ် ... မင်းမျက်ရည်တွေ သုတ်ပစ်လိုက်စမ်း ... "

"မေမေခေါ်နေတယ် ဟုတ်လားကိုကို ... "

"ဟုတ်တယ် ... မင်းအလှပြင်လိုက်ပါ ... "

"ဟုတ်ကဲ့ ... "

သူမ ...

အလှပြင်သည်။

မေမေ့အနားမှာ သူမ နေခွင့်မရမှာပဲ စိုးရိမ်နေမိ၏။

ကိုကို ...

ကျွန်မ ကိုကိုပါပဲ။

ညီအစ်ကိုမောင်နှမမှ မရှိတာ။

မြင်မြင်ချင်းပဲ ကျွန်မ ကိုကို့ကို သံယောဇဉ်တွယ်မိ ...။

www.burmeseclassic.com

www.burmeseclassic.com



သူမ အလှပြင်ပြီးသွားသည်။

"သွားမယ် ..."

"ကိုကို ..."

"မင်း ငါ့ကိုမခေါ်နဲ့ ..."

"ခေါ်မယ် ..."

"ဘာ ..."

"ရှင်က ကျွန်မကိုကိုပဲ ..."

"မင်းအစ်ကိုမဟုတ်ဘူး ... ဘာမှလည်း မဆိုင်ဘူး ... မင်း ဘယ်လိုမှခေါ်စရာမလိုဘူးနော် မိုးဝသုန် ..."

သူ ...

တင်းတင်းမာမာဖြင့် တားဆီးပစ်လိုက်မိသည်။

မေမေ့ဆီရောက်လာ၏။

သမီးကို မြင်တော့ မေမေ ပျော်ရွှင်နေသည်။

"မေမေ့ကို ခွင့်လွှတ်ပါသမီးရယ် ... မေမေ့စိတ်တွေ တစ်ခါ တစ်ရံ လွတ်သွားတတ်တယ်လေ ..."

"မေမေ စိတ်ချမ်းသာသလိုနေပါ ... သမီးက မေမေပျော်နေ ရင် သမီးလည်းပျော်တာပါပဲ ..."

"သား ..."

"ဗျာ ..."

"ဒီညီမလေးက သားငယ်ငယ်က အရမ်းချစ်ခဲ့တာလေ"

မေမေ့စကားတွေကို နားမထောင်ဘဲ ထွက်သွား ချင်မိသည်။



"မေမေခတ္တာ ညီမလေးကို အမြန်မွေးပေးပါလို့ ... သား မကြာခဏပြောခဲ့တာပဲ မဟုတ်လား ..."

မေမေ ဘာသဘောနဲ့များ ဒီလိုစကားတွေ ပြောနေ ့တာလဲ။

"သား ..."

"ဗျာ ..."

"ညီမလေးကို လက်ထပ်ပါ ..."

"ဟင် ..."

"ဟာ ..."

"မေမေက ကျန်းမာရေးမကောင်းတော့ဘူး၊ မေမေ့စကား တွေကို သား နားထောင်ပါ ..."

မေမေ့အနားကနေ သူ ထွက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၈)

မဖြစ်နိုင်ဘူး။

မိုးဝသုန်ကို သူ လက်ထပ်လိုက်ရင် အိမ်ထောင်ရေးက ဘယ်တော့မှ အဆင်ပြေလာမှာ မဟုတ်ပါဘူး။

သောကတွေ ခံစားနေရမည်။

လက်မခံနိုင်ဘူး ...

ဒါပေမဲ့ ...

မင်းဟာ ဦးမိုးတိမ်ယံရဲ့သမီးပဲ။

ငါ့အမေကို သေတွင်းထဲပို့ခဲ့တဲ့လူ။

"ဒီမိန်းမက ကျွန်တော့်ကားထဲဝင်တိုးတာပါ ... "

ကားပိုင်ရှင်ကပြောနေတဲ့စကားတွေကို ကြားယောင်လာမိသည်။

သူ ...

မေ့မရ ...



နှစ်ပေါင်းများစွာကြာပေမဲ့ ထိုစကားသံတွေက ကြားယောင်နေဆဲပင်။

အမေနင့်ပတ်သက်ခဲ့တာတွေ သူ့မျက်ဝန်းတွေ မြင်ယောင်နေသည်။

"ရှင်လွန်တာ ... မစံပါယ်ကိုလည်း ရှင်မြှူဆွယ်တာ ... မစံပါယ်က ကျွန်မနဲ့ ညီအစ်မလိုနေလာခဲ့တာပဲ ... ကျွန်မ လုံးဝမမောင်းထုတ်ရက်ဘူး ... ရှင်ပဲ ဆင်းသွားပါ ... "

"အေး ... ငါ ဆင်းရမယ်ဆိုရင် ငါ့သမီးကိုတော့ ငါ ခေါ်သွားရမယ် ... မင်းဆီမှာ မထားခဲ့ဘူး ... "

"ခေါ်မသွားပါနဲ့ ... ကျွန်မတောင်းပန်ပါတယ် ... ကျွန်မ သမီးလေးကိုထားခဲ့ပါ ... "

"မထားနိုင်ဘူး ... ခေါ်သွားရမှာပဲ ... ငါ့ကိုမင်းပြတ်မှတော့ ငါလည်းပြတ်ရမယ် ... "

မေမေခတ္တာ ကြေကွဲပြီး ကျန်ခဲ့သည်။

အဲဒီထဲက ...

စိတ်မမှန်တော့ ...

အမေသေဆုံးသွားတဲ့အချိန်တွင် ဝေဒနာတွေက ကုံးသွားခဲ့သည်။

"သား ... ညီမလေးကို လက်ထပ်ရမယ် ... "

သူ ...

ဆောက်တည်ရာမရတော့။

လက်စားချေရမလား။

www.burmeseclassic.com

www.burmeseclassic.com



အမေ့အစား မိုးဝသုန်ကို စိတ်သောကတွေရောက်အောင် လုပ်ရမလား။

ယောက်ျားပီသပါ့မလား။

"ကျွန်မကို လက်ထပ်ပါ … ရှင် ကျွန်မကိုပစ်ပြီး မထားခဲ့ပါနဲ့နော် … "

"ဖြန်း … "

"အား … "

သူ …

ဆတ်ခနဲ ထရပ်မိသည်။

အမေ …

သား မိုးဝသုန်ကို လက်ထပ်မယ်။

ဦးမိုးတိမ်ယံကို လက်တုံ့ပြန်ရမယ်။

ကိုယ်ချင်းစာတရားတွေထားတတ်အောင်ပါ။

ညီမလေး …

မိုးဝသုန် …

တစ်ချိန်က …

သူ အလွန်အမင်းချစ်ခဲ့တဲ့ ညီမလေးပဲ ဖြစ်သည်။

ဒါပေမဲ့ …

သူ့စိတ်ထဲမှာ မုန်းတီးနေသည်။

"အမေ … "

သူ အော်ပစ်မိသည်။

မေမေဆုံးသွားပြီးကတည်းက သူစိတ်ဓာတ်ကျပြီး



ကြောခဏ အမေဟုအော်ဟစ်တတ်သည်။

"သား ဘာမှအားမငယ်နဲ့နော် … မေမေခတ္တာရှိသားပဲ … အားမငယ်ပါနဲ့ကွယ် … ကိုမိုးတိမ်ယံ … ရှင့်ကြောင့် ဒီလိုဖြစ်ရတာပဲ … ရှင် လူယုတ်မာ … "

မေမေခတ္တာက သူ့ကိုအားပေးနှစ်သိမ့်ပြီး စောင့်ရှောက်ခဲ့သည်။

သားအရင်းပမာပါပဲ။

ပတ်ဝန်းကျင်နှင့်ကင်းအောင်နေပြီး မေမေခတ္တာပြောတတ်တာက ပတ်ဝန်းကျင်က ဘာလို့အိမ်ထောင်ရေးပြိုကွဲရသလဲ မေးရင် ဘယ်လိုဖြေရမလဲတဲ့။

"သားညီမလေးကို လက်ထပ်ပါ … "

ထိုစကားတွေက သူ့နှလုံးသားတွေကို နာကျင်စွာ ကိုးနှက်နေခဲ့သည်။

"တစ်ချိန်က မင်း အရမ်းချစ်မြတ်နိုးခဲ့တဲ့ ညီမလေး ဂါ … "

သူ …

စိတ်ညစ်နေမိသည်။

မိုးဝသုန်ရောက်လာမှ အတိတ်ကမေ့လျော့နေတဲ့ အရာတွေက ပြန်ပြီး အသက်ဝင်လှုပ်ရှားလာရ၏။

အရက်သောက်သည်။

ရိုးသားစွာကြိုးစားခဲ့သော သူသည် ဆေးကုသမှုမှာ ကျွင်းပြီးထဲကအရက်ကိုအလွန်အကျွံသောက်တတ်လာခဲ့မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို သားစိတ်ချမ်းသာစေချင်တယ် မဟုတ်လား ... မေမေ အသိဝင်နေတုန်း မေမေဖြစ်စေချင်တဲ့ဆန္ဒတွေကို ပြောရတာပါ ... "

မေမေ့စကားတွေကို မပယ်ရှားလိုပေ။

မိုးဝသုန် ...

မင်း ငါ့ကိုလက်ထပ်ရင် မင်းပဲစိတ်သောကတွေ ခံစားရမှာပဲ။

"သား အတိတ်ကအကြောင်းတွေကို မေ့ပစ်လိုက်ပါနော် ညီမလေးအပေါ် စောင့်ရှောက်ပေးပါ ... "

မေမေ ...

မိုးဝသုန်ကို သားလုံးဝမစောင့်ရှောက်နိုင်ပါဘူး။

မချစ်နိုင်တော့ဘူး မေမေ။

ဦးမိုးတိမ်ယံရဲ့လုပ်ရပ်တွေကို သား ဘယ်တော့မှ မမေ့နိုင်ပါဘူး။

သူ ...

အိပ်လို့မရ။

အရက်ထိုင်သောက်နေမိသည်။

မူးချင်တယ်။

မေ့ပစ်ချင်တယ်။

သူ့ဘဝက ဘယ်တော့မှ ကံမကောင်းခဲ့ဘူး။

"အမေ ... ကျွန်တော် ဘာလုပ်ရမလဲ ... ပြောစမ်းပါ ... အမေ့အတွက် မိုးဝသုန်ကို လက်စားချေပေးရမှာလားဟင်"



သူ ...

အော်ဟစ်ပစ်ချင်မိသည်။

"ဆရာလေး ... "

"ဟင် ... ကာလု ... "

"မူးနေပြီ ... "

"ငါ မူးချင်တယ် ... အရာအားလုံးကို မေ့ပစ်ချင်တယ် ... ကာလု မင်းသိရဲ့လား ... "

"ဆရာလး ... "

"ဟင် ... "

"ဒါအတွက်ပဲ ... "

"ဘာ ... "

"မိုးဝသုန်ကိုလက်ထပ်လိုက်ပြီး... ဦးမိုးတိမ်ယံကို လက်စားချေလို့ရတာပဲ ... "

ကာလုကို ကြည့်မိသည်။

သူနှင့်ရွယ်တူကြီးပြင်းလာကြတဲ့ မိဘမဲ့တွေ။

ကာလုနှင့်ဒသသက ဉာဏ်ပညာထုံထိုင်းကြသည်။

သူက ကံကောင်း၏။

မေမေခတ္တာရဲ့အမွေစားအမွေခံသား ဖြစ်ခဲ့ရသည်။

"သားက မေမေ့သားပါပဲ ... စံပါယ်နဲ့မေမေက ညီအစ်မလိုပဲ နေလာတာပါ ... "

မတွေးချင်ပါဘူး။

"ဆရာလေးခံစားခဲ့ရတာတွေ ကာလုတို့အမြင်ပဲဟာ...

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးတိမ်ယံ မတရားဘူး ... ဆရာလေးအမေသေခဲ့ရတာ ..."

ဦးမိုးတိမ်ယံကြောင့်ပါပဲ။

ကာလု ...

ဟုတ်တယ် ...

မင်းပြောတာအမှန်ပဲ။

ငါ ...

မိုးဝသုန်ကို လက်ထပ်မယ်။

ခင်ဗျားကြီးသမီး စိတ်သောကတွေ အကြီးအကျယ်ရောက်စေရမယ်။

ကျုပ်အမေရော မေမေခတ္တာညိုရော စိတ်သောကတွေ ရောက်အောင် ခင်ဗျားလုပ်ခဲ့တာပဲ။

ခင်ဗျားကြီးလောဘတက်ပြီးအမွေပစ္စည်းတွေကြောင့် သမီးကိုလွှတ်လိုက်တာပဲ မဟုတ်လား။

"အိုကေကာလု ငါလက်ခံမယ် ... လက်ထပ်မယ် ... ဒီဟာမလေးကို ငါ ယူမယ် ..."

နင့်ကို ငါမချစ်တော့ဘူး။

ဘာညီမလေးလဲ ...

နင်က ဦးမိုးတိမ်ယံရဲ့ သွေးပဲ။

မေမေခတ္တာက သူငယ်သေးတော့ ... အတိတ်က အဖြစ်အပျက်တွေကို မသိဘူးပဲထင်နေသည်။

"ငယ်ငယ်က ညီမလေးကို သားအရမ်းချစ်တာပဲ ... မေမေခတ္တာရဲ့ဗိုက်ကို အမြဲတမ်း ဖက်ထားတာလေ ..."



မကြားချင်ဘူး။

ဒီအကြောင်းတွေ ဘာလို့တွေးနေခဲ့ရတာလဲ။

"ဆရာလေး များနေပြီ ... ဘဝကိုဘာလို့ အရှုံးကြီးပဲပေးနေရတာလဲ ဆရာလေးရယ် ... အနိုင်ယူစမ်းပါ ..."

"ကာလု ... ငါ အမြဲတမ်းစိတ်သောကတွေ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတာပဲ ... ငါ့ဘဝတစ်လျှောက်လုံး အလိုမကျမှုတွေနဲ့ပဲ ရင်ဆိုင်ရတာလေ ..."

"ခုကိစ္စမှာတော့ ဆရာလေးအနိုင်ယူလိုက်ပါ ..."

ကာလုက သူ့ကိုအခန်းထဲအထိ လိုက်ပို့သည်။

အတူတူကြီးပြင်းလာကြတဲ့လူတွေဆိုတော့ ... တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးကြ၏။

"မိုးဝသုန်ကို ဆရာလေးလက်ထပ်ပါ ..."

"အိုကေ ..."

"ဦးမိုးတိမ်ယံရဲ့စိတ်တွေကို အနှောင့်အယှက်ဖြစ်အောင် သောကတွေခံစားရအောင် လုပ်ပြလိုက်စမ်းပါ ... ဒါမှ ဘဝတစ်လျှောက်လုံး ဆရာလေးမကျေနပ်တာတွေပြေပျောက်သွားနိုင်မှာပါ ..."

ကာလုကတော့ ဆရာလေး မိုးသောက်ကြယ်ကို ...က်ပေးမိသည်။

ဦးမိုးတိမ်ယံကို သူတို့လည်း မုန်းတီးနေမိ၏။

"အမွေတွေ လိုချင်လို့ ဦးမိုးတိမ်ယံက အကွက်ဖန်တာပဲ၊ လူလည်ကြီး ..."

www.burmeseclassic.com

www.burmeseclassic.com



သူ ...

မှန်းနေသည်။

"မနက်ဖြန်ကျရင် ... လက်ထပ်ဖို့ကိစ္စ ပြောလာရင် ... ဆရာလေးလက်ခံလိုက်ပါ ... "

"အိုကေ ... "

"အိပ်ပါတော့ ... အပြင်ထွက်ပြီး ထပ်မသောက်ပါနဲ့နော် ... အပြင်မှာ အရမ်းအေးတယ် ... "

"အင်း ... "

သူ ...

အိပ်မရ၊

"အား ... "

အော်ဟစ်ချင်သည်။

မေမေ့စကားတွေကို သူနားထောင်ရမှာပဲ ဖြစ်၏။

အိပ်ရာပေါ်မှာ ပက်လက်အနေအထားနှင့် အော်ဟစ်နေမိသည်။

မိုးဝသုန်ကတော့ သူ အော်ဟစ်နေ၍ အခန်းဝမှာ ရပ်နေမိ၏။

ဘာဖြစ်ရတာလဲ။

"မင်း ငါနဲ့လာမပတ်သက်နဲ့ မိုးဝသုန် ကင်းကင်းရှင်းရှင်း နေစမ်းပါကွာ ... "

သူ ...

ကျွန်မကို ဘာဖြစ်လို့ မုန်းရတာလဲ။



အမွေလုမှာ ဆိုးလို့လား။

မလုပါဘူး။

ကျွန်မ ဒက်ဒီက အရမ်းချမ်းသာတာပါပဲ ကိုမိုး ...ာက်ကြွယ်ရယ်။

"အား ... "

"အား ... "

သူ ...

အော်ဟစ်နေသည်။

ဒုက္ခပါပဲ ...

အရက်တွေမူးနေတာလား။

လေးလေးဆီပြန်ပြီး ပြေးလာခဲ့မိသည်။

"လေးလေး ... "

"ဟင် ... တူမလေး ... "

"ဟို ... ဟိုမှာ ကိုကိုဘာဖြစ်နေလဲ မသိဘူး ... သွားကြည့်ပေးစမ်းပါ ... "

"ဟုတ်လား ... "

လေးလေးပါလိုက်လာပြီး သူ့အခန်းထဲဝင်ကြည့် ...။

အခန်းဝမှာ သူမ ရပ်နေမိ၏။

"မောင်ရင် ... "

မလှုပ်တော့ပေ။

"လေးလေး ... သူ သူ ဘာဖြစ်တာလဲဟင် ... တစ်ခုခုများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီလား ...”

“ရက်တွေအလွန်အကျွံသောက်ထားလို့ပါ တူမလေး ဘာမှ မဖြစ်ပါဘူး ...”

သူ့အိပ်ခန်းထဲကနေ ပြန်ပြီးထွက်လာခဲ့မိသည်။

သူမ စိတ်တွေပူမိနေ၏။

အရက်တွေ အလွန်အကျွံသောက်ပြီးများ တစ်ခုခု ဖြစ်နေမလား။

စိတ်ပူလိုက်တာ ကိုကိုရယ် ...

“သား ညီမလေးကိုလက်ထပ်ပါ ... ညီမလေးကို သားအရမ်း ချစ်ခဲ့တာမဟုတ်လားကွယ် ...”

မေမေ့စကားတွေကို သူ ဘာမှမတုံ့ပြန်ဘဲ ထွက် သွားသည်။

“သမီး ကိုကိုက ဆေးကုသမှုတစ်ခုမှာ လူသေမှုဖြစ်သွား ပြီးထဲက စိတ်ဓာတ်ကျနေတာပဲ ... လောကကြီးကိုလည်း အဆက်အသွယ်ဖြတ်ထားတယ်လေ ...”

ကိုကို့ဘဝကို ကြားပြီးထဲက စိတ်မကောင်းဖြစ်ရ သည်။

သနားနေမိ၏။

“မေမေက ကျန်းမာရေးအရမ်းချို့တဲ့နေပြီသမီး ... မေမေ့ စိတ်တွေ တစ်ခါတစ်ရံ သတိတောင်လစ်ချင်တယ်လေ ...”

“မေမေရယ် ...”

“မေမေသိပါတယ် ... ဒါကြောင့် သားကို စိတ်ဓာတ်တွေ



ပြန်တက်ကြွပြီး ပျော်ရွှင်လာအောင် သမီးဖန်တီးပေးပါ ...”

မေမေ ...

သူက သမီးကို မုန်းနေတာပါ။

ဘာကြောင့်လဲဟင်။

ဖေဖေက မေမေ့ကိုပစ်ခွာသွားခဲ့လို့လား။

ကျွန်မကို ဘာကြောင့်မုန်းနေတာလဲ ... ။

“ကိုကို့ကို သမီးလက်ထပ်ပါ ... သည်းခံပါ ... မေမေပိုင်ဆိုင် တဲ့ စည်းစိမ်ဥစ္စာတွေကို သားနဲ့သမီးတို့အတူတူ ထိန်းသိမ်း စောင့်ရှောက်ကြပါ ...”

သူမ ...

လက်ခံခဲ့သည်။

ရောဂါဝေဒနာတွေ ခံစားနေရတဲ့ မေမေ့ဆန္ဒတွေ ကိုလည်း ဖြည့်စွက်ပေးချင်မိ၏။

ကိုကို့ကိုလည်း မြင်မြင်ချင်း သံယောဇဉ်တွယ်နေမိ သည်။

စိတ်တွေပူလိုက်ရတာကိုကိုရယ်။

ကိုကို့အကြောင်းတွေပဲ တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"လေးလေး ... "
"ဟင် ... "
"မေမေက ကျွန်မနဲ့ ကိုကို့ကို လက်ထပ်ပေးမှာတဲ့ ... "
"သုန်သုန် ... "
"ရှင် ... "
"ဖြစ်ပါ့မလား ... "
"ဘာဖြစ်လို့လဲ လေးလေး ... "
"မောင်မိုးသောက်ကြယ်က သမီးလေးကို မုန်းနေတာပဲ"
"မေမေ့ဆန္ဒတွေကို လိုက်လျောဖို့ပဲ အဓိကပါ လေးလေး ရယ် ... "
"တူမလေးက နုဖတ်ပြီး ဖြူစင်ရိုးသားတယ် ... လောက ‌တွေကို ခံနိုင်ရည်ရှိပါ့မလားကွယ် ... "
"သုန်သုန် အတတ်နိုင်ဆုံးကြိုးစားတည်ဆောက်ပါ့မယ်"



"တူမလေးက မောင်မိုးသောက်ကြယ်အပေါ် သံယောဇဉ် တွယ်နေပြီလား ... "
"အင်း ... "
"မောင်မိုးသောက်ကြယ်က တူမလေးအပေါ် တင်းမာနေ သလားလို့ ... "
"သူ့အမွေတွေကို ကျွန်မလာလုမယ်လို့ ထင်နေလားပဲ ... အဲဒါ မဟုတ်တဲ့အကြောင်း ကျွန်မသက်သေပြရမယ် ... "
"လေးလေးကတော့ ပြန်ချင်ပြီ ... "
"ဟင် ... "
"တူမလေး အမေကို ရန်ကုန်ခေါ်သွားနိုင်ရင်လည်း ကောင်း သွားပဲ ... "
"ကိုကိုက လက်ခံမှာမဟုတ်ဘူး ... "
"လေးလေး တူမလေးစိတ်သောကတွေ ခံစားရမှာ မလို လားပါဘူးကွယ် ... "
"လေးလေးရယ် ... သုန်သုန်ကတော့ ကိုကို့အပေါ် သံယော ဇဉ်တွယ်နေပါပြီ ... "
"လေးလေးကတော့ ဘာမှမပြောလိုပါဘူး သုန်သုန် ... လေးလေးရောဂါကလည်း သိပ်မသက်သာဘူး ... "
"လေးလေးပြန်လေ ... "
"တူမလေးကို စိတ်မချလို့ပါ ... "
"လေးလေးရယ် ... "
"လေးလေးတူမလေးက အမြဲတမ်း ခြေမွေးမီးမလောင်

www.burmeseclassic.com

www.burmeseclassic.com



လက်မွေးမီးမလောင်နေလာရတာ ... အစ်ကိုကြီး ဘာ
လုပ်နေလဲ ... "

"လေးလေး ... "

"ဟင် ... "

"ရန်ကုန်ပြန်ပါ ... လေးလေးရောဂါကုဖို့လေ ... "

"မပြန်သေးပါဘူး ... တူမလေးအခြေကျမှ လေးလေးပြ
မယ် ... "

"လေးလေး ဒုက္ခရောက်လိမ့်မယ် ... "

"ရောက်ပါစေကွာ ... "

လေးလေးအတွက်တော့ သူမစိတ်မကောင်းဖြစ်
သည်။ ပန်းနာရင်ကျပ်က ပြန်ထနေ၏။

လေးလေးက သူမကိုထားခဲ့ပြီး ဘယ်တော့မှ ပြ
မှာမဟုတ်ပေ။

"ဒက်ဒီက မေမေ့အနားကို ကျွန်မရှိနေစေချင်လို့ပါ ... "

"မြိုင်သေလာကို လွှတ်လိုက်ကတည်းက လေးလေးသိ
တယ်ကွယ် ... တူမလေးအမေဆီ လွှတ်တယ်ဆိုတာ"

"ကျွန်မ ကိုကိုနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ လေးလေး"

"အင်းလေ ... တူမလေးသဘောဆန္ဒအတိုင်းပါပဲလေ ...
လေးလေး ဘာမှမတားဆီးပါဘူး ... "

လေးလေးသည် တူမကိုချစ်လွန်းသောဦးလေးဖြ
သည်။

"ကျွန်မလေးလေးအတွက်တော့ စိတ်ပူမိနေသလိုပဲ ... ဒီ



လေးလေးဆက်နေဖို့ မသင့်တော်ဘူးထင်ပါတယ် ... "

"အေးကွယ် ... ပျောက်နေတာ ကြာပြီဖြစ်တဲ့ ဒီရောဂါက
အအေးပတ်ပြီး ပြန်ထနေတယ် ... လေးလေးလည်း စိတ်
ပျက်လိုက်တာ ... "

"သုန်သုန့်အတွက် ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့နော် ...
အရာရာကို မေတ္တာနဲ့ပဲ သုန်သုန်အနိုင်ယူချင်ပါတယ်"

"တူမလေးရယ် ... "

"လေးလေး ကျွန်မကို ဒီလောက်စောင့်ရှောက်ပေးနေတာ
ပဲ ကျေးဇူးတင်ပါတယ် ... "

"တူမလေးကို လေးလေးဘယ်လောက်ချစ်တယ်ဆိုတာ ...
တူမလေးအသိဆုံးပါပဲကွယ် ... "

ကိုကို ...

ကျွန်မ ... ရှင့်ကို လက်ထပ်မယ်။

ကိုကို့ရင်ထဲမှာ တစ်စုံတစ်ခုအတွက် မကျေမနပ်ဖြစ်
နေတာ မဟုတ်လား။

ကျွန်မပေးဆပ်မယ်။

"မမလေး ... "

"ဟင် ကိုကာလု ... "

"ဒေါ်လေးခတ္တာညို ခေါ်နေပါတယ် ... "

"မေမေနိုးပြီလား ... "

"အင်း ... "

"ကျွန်မ အခုပဲ လာခဲ့ပါ့မယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"မေမေ သတိထားပါနော် ... စိတ်ညစ်စရာတွေ ဘာမှ မပြောပါနဲ့ ... "

မေမေ ငြိမ်သက်သွားသည်။

သူမ ပြေးထွက်လာမိ၏။

"ကိုကို ... "

"ကိုကို ... "

"ဟင် ... "

သူ ... အိပ်ရာမှ ထကာစဖြစ်၏။

ညက များသွား၍ ခေါင်းတွေကိုက်နေ၏။

"အား ... ကျွတ် ... ကျွတ် ... "

အိပ်ရာပေါ်မှ လူးလဲထပြီး မျက်နှာသစ်ဖို့ ပြင်ဆင်နေမိသည်။

"ကိုကို ... "

"ကိုကို ... "

"ဒုန်း ... "

"ဘုန်း ... "

"ကိုကို ... "

သူ ... တံခါးဖွင့်ပေးလိုက်သည်။

"ကိုကို ... "

"ဟင် ... "

"မေမေလေ ... မေမေ ဖောက်နေပြီ ... "

"ဘာ ... "



"လာပါ ကိုကို ... မေမေ့ကို လာကြည့်ပေးပါဦး ... "

"မေမေ ဘာဖြစ်လဲ ... မင်းဘာတွေ သွားပြောလဲ ... "

"နောက်မှ ဒါတွေမေးပါ ကိုကို ... အခု မေမေ့ကိုပဲ လာကြည့်ပါ ... "

သူ ... အပြင်ထွက်လာခဲ့မိသည်။

မေမေ့ဆီ ရောက်သွား၏။

"မေမေ ... "

ကြောင်နေသည်။

မေမေသည် စိတ်ဝေဒနာတစ်ခုခုခံစားရလျှင် သတိလစ်ချင်သလိုပင် အသိမဲ့နေတတ်၏။

ဘေးမှာ မေမေ့လက်ဝတ်ရတနာတွေ။

"မင်းတောင်းတာလား ... "

"မဟုတ်ပါဘူး ... မေမေကခေါ်ပြီး ပေးတာပါ ... ရှင်မယုံရင် ကိုကာလုကို မေးကြည့်ပါ ... "

မေမေ့ကို ဆေးတိုးပေးသည်။

အနားယူနိုင်အောင် ကြိုးစားရ၏။

မေမေ့အထာကို သူအသိဆုံးဖြစ်နေရသည်။

"မင်း မေမေ့ကို အနှောင့်အယှက်မပေးပါနဲ့ ... မေမေ့အနား မင်းမကပ်ပါနဲ့ မိုးဝသုန် ... "

"မေမေခေါ်လို့ပါ ... "

"မင်းစိတ်အနှောင့်အယှက်ဖြစ်စရာတွေ ဘာတွေသွားပြောလဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"မပြောပါဘူး … မေမေက ခေါ်ပြီး လက်ဝတ်ရတနာတွေ ပေးတာပါ … ကျွန်မက ဖေဖေ့အကြောင်းပြောလိုက်လို့"

"တောက် … "

ဖေဖေသည် အတိတ်မှာ အတော်ရက်စက်ခဲ့တဲ့ အကြောင်းတွေ ရှိနိုင်သည်။

ဘာတွေလဲ။

သူမ ဘာမှမသိပေ။

"ကိုကို … "

"ဟင် … "

"ဒီရတနာတွေ သုန်မလိုချင်ပါဘူး … ကိုကိုလက်ခံပြီး သိမ်းထားပေးပါနော် … "

"မယူဘူး … "

သူ …

အော်ပစ်လိုက်သည်။

ဒီမိန်းကလေးက သူမကိုယ် အမွေကိစ္စနှင့် မုန်းနေသည်ဟု ထင်နေ၏။

မဟုတ်ပေ။

ကာလုပြောသလို ဒီမိန်းကလေးကို လက်ထပ်လိုက်ရမလား။

"ဆရာလေးအတွက် အကွက်ပဲလေ … ဦးမိုးထိယံအတွက် လက်စားချေလို့ရတာပဲ … "

သုန်သုန် …



မင်းအဖေကို ငါအရမ်းမုန်းတယ်ဆိုတာ သိလား။

"သုန်သုန်ကို ပညာရှိရှိပိစက်ရမယ် … စိတ်သောကတွေ အမြဲတမ်း ခံစားစေရမယ် … "

သူ့စိတ်တွေထဲမှာ တွေးနေမိသည်။

"ကိုကို … "

"ဟင် … "

"ကျွန်မ မေမေ့ဆီက ဘာပစ္စည်းမှ မလိုချင်ပါဘူး … တတ်နိုင်ရင် မေမေ့အတွက်ပဲ ငွေပေးဆပ်ချင်ပါတယ် … "

"မင်းသွားတော့ … "

"ကျွန်မ ဒီပစ္စည်းတွေကို လက်မခံပါရစေနဲ့ … "

"မင်းထွက်သွားစမ်း … "

သူ …

အော်ပစ်မိသည်။

မေမေအိပ်နေ၏။

အိပ်ဆေးထိုးပေးထား၍ မေမေအိပ်ပျော်နေခြင်းဖြစ်သည်။

"မေမေ သားကို သုန်သုန်နဲ့ လက်ထပ်မပေးပါနဲ့နော် … ဒီမိန်းကလေးကို သားမချစ်ဘူး … "

မေမေ့ကို ပြောနေမိသည်။

"သား မေမေ့အနားကနေ ခွဲခွာမသွားနဲ့နော် … မေမေ ခတ္တာနဲ့ သားက ဘဝတူတွေပါ … မေမေ့မှာ အားကိုးစရာ သားပဲရှိပါတယ် … "



www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် ..."

"မေမေပိုင်ဆိုင်သမျှစည်းစိမ်ဥစ္စာတွေအားလုံး သားပဲရမှာပါ ..."

"သား ဘာအမွေမှမမက်ပါဘူး မေမေ ... မေမေ့ကို ပြုစုစောင့်ရှောက်ခွင့်ရရင်ပဲ ကျေနပ်ပါပြီ ..."

"သားရယ် ..."

မေမေသည် သူ့ကိုအလွန်အမင်း ချစ်မြတ်နိုးခဲ့သည်။

ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

သားအရင်းပမာပါပဲ။

မေမေသည် စိတ်ထိခိုက်ကြေကွဲစရာတွေတွေ့လျှင် သတိလစ်ပြီး စိတ်ဝေဒနာ ပြန်ထတတ်သည်။

သူ ... ဆေးကုထားရသည်။

မေမေ့ကို သက်ဆိုင်ရာသမားတော်ကြီးပြသတာပဲ။

နောက်ပိုင်း ...

မေမေက အိမ်ထဲမှာပဲနေပြီး အပြင်သို့ သိပ်မထွက်တော့ပေ။

သူ ... စိတ်ရှုပ်ထွေးသွားရသည်။

ဘာတွေလဲ။

အသိမဲ့နေတဲ့ မေမေ့ကို ငေးစိုက်ကြည့်နေမိသည်။



## အခန်း(၁၀)

"မေမေ ..."

"ဟင် ..."

"သတိရပြီလား ..."

"အင်း ..."

"မေမေရယ် ..."

မေမေ့လက်တွေကို သူဆုပ်ကိုင်ထားမိသည်။

သူ့ကို စူးစိုက်စွာကြည့်နေ၏။

"မေမေ ..."

"ဟင် ..."

"သားကို မှတ်မိရဲ့လားဟင် ..."

"မှတ်မိပါတယ် သားလေ ... မေမေ့သား ..."

"ဟုတ်ပါတယ် သားက မေမေ့သားပါ ..."

မေမေ့မျက်ဝန်းတွေက သိပ်ကောင်းမွန်ပုံမရပေ။

www.burmeseclassic.com

www.burmeseclassic.com



ရီဝေနေသည်။

"သား ... "

"ဗျာ ... "

"မေမေ့ကို သားချစ်တယ် မဟုတ်လား ... "

"ချစ်ပါတယ် မေမေရယ် ... "

"မေမေ့သား မေမေ့သားပါ ... "

မေမေက သူ့ကိုတင်းကျပ်စွာ ပွေ့ဖက်ထားသ

"သားနဲ့ သမီးကို မေမေလက်ထပ်ပေးမယ် ... "

"ဟင် ... "

"သားလက်ခံနော် ... ညီမလေးကို သားစောင့်ရှောက်မယ် ... "

မေမေ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် သူမှ မလုပ်လိုပေ။

"သားရော ... မေမေ့သမီးလေးရော ... မင်းညီမလေးရေ

"ရှိပါတယ် မေမေ ... "

"ရတနာတွေ မေမေပေးတာလေ ... သမီးလေးရသ တယ် ... သားက ဒီခြံကြီးနဲ့ တခြားလုပ်ငန်းတွေ ယူ ...

"မေမေ ... "

"ဟင် ... "

"သား ဘာမှမလိုချင်ပါဘူး ... "

"ညီမလေးနဲ့လက်ထပ်ပြီး မေမေ့ပစ္စည်းတွေကို စေ ရှောက်ပါ ... "



ဦးမိုးတိမ်ယံရဲ့သမီးဖြစ်နေတဲ့အတွက် သားလက်ထပ်မှာပါ။

အသေအချာပဲ မေမေ။

အံသွားတွေကို တင်းကျပ်စွာဖြင့် ဖိကိုက်ထားရသည်။

ဒေါသတွေက ပေါက်ကွဲချင်နေ၏။

မိုးဝသုန်ကို မုန်းတယ်။

မေမေ့အတွက် လက်စားချေရမှာပဲလေ။

ကာလုပြောတာ မှန်တယ်။

အကွက်ပဲ။

မင်းကို လက်ထပ်မယ်။

ဦးမိုးတိမ်ယံရဲ့သမီးဖြစ်နေတဲ့မင်းကို ငါနှိပ်စက်ပြယ်။

"မေမေ့ကျန်းမာရေးအခြေအနေကို မေမေသိပါတယ်ကွယ် ဒါကြောင့် မနက်ဖြန် သားနဲ့သမီးတို့ လက်ထပ်ပွဲကျင်းပချင်တယ် သား ... "

"ကောင်းပါတယ်မေမေ ... အရေးကြီးတာက မေမေစိတ်ချမ်းသာဖို့ပဲ ... "

"သား ... "

"ဗျာ ... "

"အခုတလော မေမေသတိလစ်တာ စိတ်နေတယ် ... "

"ဟုတ်တယ် မေမေ ... သတိထားပါနော် ... မေမေ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ထိန်းချုပ်ပါ ... ဝေဒနာတွေ မခံစားစေချင်ဘူး ...”
“မေမေကတော့ အသက်ရှည်မှာမဟုတ်တော့ပါဘူး သား
ရယ် ... ”
“မေမေ ... ”
“မင်းညီမလေးကိုသာ စောင့်ရှောက်ပါ ... ”
“ဟုတ်ကဲ့ပါ မေမေ ... ”
“သားကို မေမေယုံကြည်တယ် ... သားက တည်ကြည်ပြီး
အစွမ်းအစရှိတဲ့ ယောကျ်ားတစ်ယောက်ပါ ... ”

မေမေ့ကိုကြည့်ရတာ ပျော်ရွှင်ချမ်းမြေ့မှုမရှိပေ။
ရောဂါဝေဒနာတွေ ခံစားနေရသည်။
အခုတလော ...
ပိုဆိုးနေသည်။
သတိမေ့လျော့မှုကို မကြာခဏခံစားနေရ၏။
စိတ်ပူစရာတော့ ကောင်းသည်။

“သမီးလေးရော ... ”
“မေမေ ... ”
“ဟင် ... ”
“အနားယူလိုက်ပါ ... ”
“အင်း ... ”
“မေမေဖြစ်စေချင်တာတွေကို သားဖြစ်အောင် စွမ်းဆောင်
ပေးမယ် ... ”
“မနက်ဖြန်လက်ထပ်ပွဲကိုကျင်းပမယ် ... ဒီမှာရှိတဲ့လူတွေ



ပဲ ကျင်းပမယ် ... မေမေ့သတို့သမီးဝတ်စုံကို ဝတ်ရမယ်”
“မေမေ့သဘောပါပဲ ... ”
“သမီးကို သားသွားပြော ... ဒသတို့ ကာလုတို့နဲ့ စီစဉ်ပါ
သား ... ”
“ဟုတ်ကဲ့ ... ”
“မေမေ အနားယူမယ် ... ”
“ဟုတ်ကဲ့ ... ”

မိုးဝသုန် ...
မတတ်နိုင်တော့ဘူး။
မင်းက ငါ့အကွက်ထဲဝင်လာတာပဲ။
သူ ...
မေမေ့ဆီကနေ ထွက်လာခဲ့သည်။
သုန်သုန့်ဆီ ရောက်သွား၏။

“မိုးဝသုန် ... ”
“ဟင် ... ”

ကိုကိုရောက်လာ၍ သူမဝမ်းသာအားရဖြစ်သွားရ
သည်။

“ကိုကို ... ”
“မိုးဝသုန် ... ”
“ရှင် ... ”
“မနက်ဖြန် မင်းနဲ့ငါ လက်ထပ်မယ် ... ”
“ရှင် ... ”

www.burmeseclassic.com

www.burmeseclassic.com



"မေမွေဆန္ဒပဲ မိုးဝသုန် ..."

သူ ...

ထွက်သွားသည်။

ဘုရားရေ ...

လက်ထပ်ပွဲတစ်ခုကို ထမင်းစားရေသောက်ပြော သွားသည်။

မေမေ အသိဝင်လာပြီလား။

သူမသွားတွေ့ရမှာ ကြောက်နေမိသည်။

လက်ထပ်ပွဲကို သူလက်ခံလိုက်တဲ့ သဘောဖြစ်နေ ။

ကိုကို့မှာ အလေးအနက်မရှိဘူးဆိုတာ သူမသိနေ သည်။

အိပ်လို့မရ။

ဘယ်လိုလဲ။

ဖေဖေ့ဆီလည်း အကြောင်းကြားလို့မဖြစ်။

မိခင်ကိုယ်တိုင်ကလည်း ဖခင်ကို အမုန်းကြီးမုန်းနေ သည်။

"မကြားချင်ဘူး ... ဒီလူ့အကြောင်း ငါမကြားချင်ဘူး ... အလကားလူ ... လူယုတ်မာ ..."

မေမေ့ရောဂါပြန်ထသည်။

ဘာတွေလဲ။

လက်ထပ်ပွဲကို ဘယ်လိုစီစဉ်မှာလဲ။



ကမ္ဘာပေါ်မှာ အအေးစက်ဆုံး မင်္ဂလာပွဲတစ်ခုပဲ။

"လေးလေး ..."

"ဟင် ..."

"မနက်ဖြန် ကျွန်မနဲ့ ကိုကို လက်ထပ်ကြမယ်တဲ့ ..."

"ဘာ ..."

ဦးမိုးတစ်ယောက် တူမလေးကို စူးစိုက်စွာ ကြည့် သည်။

ချောမောလှပတဲ့ တူမလေး။

ချစ်ခင်နှစ်သက်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့သည်။

တန်ဖိုးကြီးမားတဲ့ မိန်းကလေး။

ကြည့်စမ်း။

ဟင်းရွက်ကန်စွန်းရွက် ထင်နေလားမသိပေ။

"မင်းဒက်ဒီဆီရော အကြောင်းမကြားဘူးလား ... ဘာ ကြောင့်များ ... ချက်ချင်းကြီးလက်ထပ်ရတာလဲ ..."

"မေမေနေမကောင်းလို့ ထင်တယ် ..."

"ဘာပဲဖြစ်ဖြစ်လေ ... သူတို့ ဒီလိုမလုပ်သင့်ပါဘူး ..."

"လေးလေး ..."

"ဟင် ..."

"ဘာမှမပြောပါနဲ့နော် ... သူတို့စီစဉ်ချင်သလိုပဲ စီစဉ်ပါစေ မေမေကတော့ သုန့်အတွက် လက်ဝတ်ရတနာတွေ ပေးပါ တယ် ..."

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"သုန် မယူခဲ့တာပါ ... "

"ဘာ ... "

"အမွေကြောင့် မေမေ့အနားလာတယ်ဆိုတာ မထင်စေချင်လို့ပါ ... "

"သုန်သုန် ... "

"ရှင် ... "

"မောင်မိုးသောက်ကြယ်က သမီးကို ချစ်မှာတော့မဟုတ်ဘူးနော် ... လေးလေးတို့ ပြန်ကြရအောင်ပါ ... တူမလေး ဒုက္ခရောက်မှာကို လေးလေးမကြည့်ရက်ဘူး ... "

"သုန်သုန်းမပြန်ဘူး မေမေ့ကို ထားခဲ့ပြီး သုန်သုန် ဘယ်မှ မသွား သုန်သုန်ဘယ်မှမသွားဘူးနော် ... လေးလေး ... "

"ဒီလက်ထပ်ပွဲက ပေါ့ပေါ့ပျက်ပျက်နဲ့ တန်ဖိုးမထားတဲ့လက်ထပ်ပွဲပါ ... "

"သုန်သုန်ကျေနပ်စွာ လက်ခံပါတယ် လေးလေး ... "

ကျွန်မ ...

ကိုကို့ကို ချစ်တယ်။

အရမ်းမြတ်နိုးတယ်။

ဖူးစာရေစက်ပဲလား မသိဘူးနော် ကိုကို။

"မောင်မိုးသောက်ကြယ်ကလည်း အမွေကိစ္စတွေကြောင့် တူမလေးနဲ့လက်ထပ်ဖို့ သဘောတူတာပဲ ... "

"မေမေ့ဆန္ဒတွေပဲ လေးလေးရယ် ... ကျွန်မလက်ခံပါတယ် ... "



"လေးလေးစိတ်တွေ အရမ်းပူတာပဲ ... "

"ကျွန်မ ရင်ဆိုင်နိုင်ပါတယ် လေးလေးရယ် ... "

"တူမလေး စိတ်သောကတွေရောက်တော့မယ်ဆိုတာ ... လေးလေး မြင်ယောင်နေမိတယ်ကွယ် ... "

"ကျွန်မ ရင်ဆိုင်မယ် ... "

မေမေ ...

ကျွန်မကို ဘာမှမပြောဘူး။

မေမေ့ကို ကြည့်ချင်တယ်။

ကျွန်မကိုမြင်ရင် မေမေစိတ်တွေ ချောက်ချားနေကာလား။

ဖေဖေ့ကြောင့်ပဲ။

အတိတ်က ဘာတွေဖြစ်ခဲ့လည်းဆိုတာ မသိရပေ။

"လေးလေး ... "

"ဟင် ... "

"ရန်ကုန်ပြန်ချင်ရင် ပြန်ပါနော် ... လေးလေးကျန်းမာရေးက ဒီမှာမနေသင့်တော့ဘူး မဟုတ်လား ... "

"မပြန်ပါဘူးကွယ် ... တူမလေးအနားမှာ လေးလေးနေပါ့မယ် ... "

"လေးလေး ကျန်းမာရေးကလည်း ရှိသေးတာပဲ ... "

"ရပါတယ်ကွယ် ... "

တူမလေး ဒုက္ခရောက်တော့မယ်ဆိုတာ မိမိသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ..."

"ဟင် ..."

"ဒက်ဒီ့ဆီကို လုံးပအကြောင်းမကြားပါနဲ့နော် ... ဖေဖေ့နာမည်ကြားတာနဲ့ မေမေ ဒေါသဖြစ်ပြီး အတိတ်ကိုမေ့သွားတာပဲ ..."

"အင်းပါလေ ... သုန်သုန့်ဆန္ဒက လေးလေးဆန္ဒပါပဲ ... တူမလေးလက်ထပ်ပွဲကတော့ ပျင်းစရာအကောင်းဆုံးပါပဲကွာ ..."

သူမကျေနပ်စွာ ခံယူဖို့ ဆုံးဖြတ်ပြီးသားဖြစ်နေသည်။

ကိုကို ...

ကျွန်မနှလုံးသားတွေထဲမှာ ကိုကို့ကို စွဲမြဲစွာ တည်ရှိနေပါပြီ။

မေမေ့ကိုလည်း စိတ်ချမ်းသာစေချင်ပါတယ်။

ဘာပဲဖြစ်ဖြစ် ...

ကျွန်မပေးဆပ်မှာပါ ကိုကို။

တင်းမာခက်ထန်နေတဲ့ ကိုကို့နှလုံးသားတွေကို ပျော့ပျောင်းနူးညံ့သွားစေချင်ပါတယ်။

မနက်ဖြန်တဲ့။

လက်ထပ်ပွဲအတွက် ကျွန်မ ရင်ခုန်စွာ စောင့်မျှော်နေခဲ့သည်။

ဘယ်သူမှလာပြီး မပြောကြ။



လက်ထပ်ပွဲအစီအစဉ်တွေကိုလည်း ကျွန်မ ဘာမှ မသိခဲ့။ ဘယ်သူနဲ့မှလည်း မတွေ့။

မြိုင်သေလာဂ က လူတွေအားလုံး စိတ်ဝင်စားပုံလည်း မပေါ်ပေ။

ကိုကိုလည်း မတွေ့တော့။

မေမေရော ...

သူမကို တွေ့ဆုံဖို့ မပြော။

မေမေနေမကောင်းဘူးလားဟု တွေးမိနေသည်။

အိပ်မရ။

ရင်ထဲမှာ ပူလောင်နေသည်။

မနက်မိုးလင်းတော့ မေမေက သူမကို တွေ့ဆုံဖို့ ပါသည်။

"သမီး ..."

"ရှင် ..."

"သမီးအလှအပတွေ ပြင်ရမယ်နော် ..."

"ရှင် ..."

"ဒီနေ့ သမီးလက်ထပ်ပွဲလေ ..."

"ကိုကိုက သမီးကိုပြောပါတယ် ..."

"သမီးလက်ခံတယ် မဟုတ်လား ..."

"ဟုတ်ကဲ့ပါ ..."

"ဒီနေ့ ကိုးနာရီမှာ သားနဲ့ သမီးကို မေမေကိုယ်တိုင် လက်ထပ်ပေးမယ် ..."

www.burmeseclassic.com

www.burmeseclassic.com



သူမ … ရင်ခုန်နေမိသည်။

ကိုကိုရော …

ကျွန်မလိုပဲ ရင်ခုန်နေမလားဟင် … ။

ကိုကို့အကြောင်းတွေကို ကျွန်မအမြဲတမ်းစဉ်းစားနေမိသည်။

ဘာဖြစ်လို့လဲဆိုတာ ကျွန်မတကယ့်ကို နားမလည်နိုင်တာပါ။

"သမီး … "

"ရှင် … "

"မေမေ ငယ်ငယ်က ဝတ်တဲ့ သတို့သမီးဝတ်စုံကို သမီးဝတ်ရမယ် … "

"ရှင် … "

"စိန်တွေကို ညှတ်နေအောင် ဝတ်ရမယ် … "

မေမေစိတ်တွေ အတိတ်ကို ပြန်သတိရသွားမှာ စိတ်ပူမိသည်။

"မေမေ … "

"ရှင် … "

"သမီးမှာ ဝတ်စုံတွေ ရှိပါတယ် … "

"မေမေ လက်ထပ်တုန်းက သမီးအရွယ်ပဲလေ … တော်မှာပါ … သမီးဝတ်ကြည့်စမ်းပါ … "

"ဟင့်အင်း … "

"ဘာဖြစ်လို့လဲ သမီး … "



"မေမေ့အတိတ်တွေကို သတိမရစေချင်လို့ပါ … "

ဟုတ်သားပဲ။

ဒေါ်ခတ္တာညို အတိတ်ကအရိပ်တွေကို မစဉ်းစားချင်ပါဘူး။

စိတ်သောကတွေ အမြဲတမ်းခံစားနေရသည်။

"မေမေ … "

"ဟင် … "

"အတိတ်တွေကို မေးပစ်လိုက်ပါတော့ … "

"မေမေ မေ့ထားပါတယ် … ဒီအကြောင်းတွေကို မတွေးပါနဲ့နော် … "

"သမီးလေးစိတ်ချမ်းသာပါစေ … မေမေချစ်တဲ့သမီးလေးပါကွယ် … "

"မေမေရယ် … "

မေမေ ငယ်စဉ်က သတို့သမီးဝတ်စုံကို သူမ ငြင်းလိုက်သည်။

အတိတ်ကို မေမေသတိရသွားမှာ စိတ်ပူမိ၏။

"မေမေ ဘာမှမတွေးတော့ပါဘူး … သတို့သမီးဝတ်စုံကိုလည်း မေမေဝတ်တဲ့ဝတ်စုံကိုပဲ ဝတ်ပါကွယ် … "

မေမေက ဇွတ်အတင်းဝတ်ခိုင်းနေ၍ သူမစိတ်ပျက်လက်ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

သတို့သမီးဝတ်စုံကို သူမဝတ်သည်။

မေမေ ဒီအရွယ်မှာပဲ လက်ထပ်ခဲ့တာဟု ပြောခဲ့၏။

"သမီးနဲ့ သားအတွက် အကြင်လင်မယားဖြစ်မြောက်ဖို့ မေမေသက်သေရှိရင် ပြီးပါပြီ ... ကာလုရှိတယ် ... ဒဿဖို့ တယ် ... "

ဒေါ်ခတ္တာညိုကတော့ သားနှင့် သမီးကိုလက်ထပ် ပေးပြီးရင် စိတ်အေးပြီဖြစ်သည်။

သားက စိတ်သဘောထားပြည့်ဝပြီး ထက်မြက်သူ ပါ။

သတို့သားထွက်လာသည်။

"ကဲ သမီးနဲ့ သား ဒီနေ့ကစပြီး အကြင်လင်မယားဖြစ်ပြီ မင်္ဂလာဆွမ်းကို ဘုရားမှာကပ်မယ် ... ကဲ ဘာလိုသေးလဲ"

ဒေါ်ခတ္တာညိုက သားနှင့် သမီးလက်ကိုယူပြီး ထပ်



ပေးခဲ့သည်။

"ကာလု မင်္ဂလာဖလှားထဲက ရေစင်ဖျန်းတော့ ... "

"ဟုတ်ကဲ့ ... "

"ဒဿက ခရုသင်းကိုမှုတ်နော် ... "

"ဟုတ်ကဲ့ ... "

"ကဲ ... လက်ထပ်မင်္ဂလာပွဲလေး စပါပြီ ... "

ဒေါ်ခတ္တာညိုကတော့ လက်ထပ်ပွဲပြီးဆုံးသွား၍ ဝမ်းသာသွားမိသည်။

"သား ... "

"ဗျာ ... မေမေ ... "

"သမီးလေးကို မင်းလက်ထဲအပ်လိုက်ပြီ ... မင်းစောင့် ရှောက်ပါ ... "

"စိတ်ချပါ မေမေ ... "

"ဒီလင် ဒီမယား အိုအောင် မင်းအောင်ပေါင်းရပါစေ ... "

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ... "

သူမက ဆုတောင်းသည်။

ကိုကိုက ငြိမ်သက်နေ၏။

ကျွန်မနဲ့လက်ထပ်တဲ့အတွက် ရှင်စိတ်မပါဘူးလား ဟင်။

မေမေလက်ထပ်ပေးတော့ သူမလက်ကလေးကို ပြလျော့စွာ ဆုပ်ကိုင်သည်။

ရှင်စိတ်မဝင်စားတဲ့သဘောလား။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကြောင့်ပဲ ကျွန်မကို မလွှဲမရှောင်သာ လက်ထပ်လိုက်ရတာပဲ မဟုတ်လား။

ကိုကိုရယ် ...

ကျွန်မကတော့ ကိုကို့ကို ချစ်ပါတယ်။

ဘယ်လိုအကြောင်းမျိုးနဲ့ဖြစ်ပါစေ ကိုကို့ပေးဆပ်ပါမယ်။

"မင်္ဂလာအိပ်ခန်းကြီးထဲကို မေမေကိုယ်တိုင် လိုက်ပို့မယ်"

သားနှင့် သမီးတို့ မင်္ဂလာအိပ်ခန်းကြီးထဲ လိုက်ပို့သည်။

မိမိတို့ ဧနီးမောင်နှံ အိပ်စက်ခဲ့တဲ့ အခန်းပဲ။

နှစ်ယောက်အိပ် ရှေးဟောင်းခုတင်ကြီး၊ အိပ်ရာခင်းတွေက ဒီအတိုင်းပဲ ဖြစ်နေသည်။

ကိုတိမ်ယံအား သတိရမိလာ၏။

ကျွန်မကိုယ်ဝန်ရှိနေတဲ့ အချိန်မှာ ... ရှင် ...

"စံပယ့်အပြစ်မရှိဘူး ... ရှင့်အပြစ်ပဲ ... စံပယ်နဲ့ ကျွန်မက ညီအစ်မရင်းတွေလိုနေတာပါ ... ရှင် ... ရှင် ... စံပယ်ကို စော်ကားလိုက်တာ မဟုတ်လား ... "

အတိတ်ကို သတိရမိလာရသည်။

မိမိလက်ထပ်တုန်းက ဒီအရွယ်ပဲ။

"ရှင် ... ရှင် ကျွန်မကိုချစ်လို့ လက်ထပ်တာမှမဟုတ်တာ ကျွန်မအမွေရတဲ့ စည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်လား..."

ရှင် ...



လူယုတ်မာ။

ပိုင်းလုံး။

လက်ထပ်ကြတာ နှစ်နှစ်ပဲရှိသေးသည်။

ရှင်ဖောက်ပြန်ချင်နေပြီ။

"ငါမှားတယ် ခတ္တာညို ... တောင်းပန်ပါတယ် ... တကယ်တော့ ငါ မင်းကိုချစ်တယ် ... စည်းစိမ်ဥစ္စာတွေကြောင့် မဟုတ်ပါဘူး ... "

"ရှင် လူလိမ် ... လူညာပဲ ဟန်ဆောင်နေတာ ကျွန်မမှာ ကိုယ်ဝန်နဲ့ ကျွန်မစိတ်သောကတွေ ရောက်အောင် ဘာဖြစ်လို့ ယုပ်ရတာလဲ ... ကျွန်မ ရှင့်ကိုလုံးဝခွင့်မလွှတ်ဘူး"

အတိတ်က နာကြည်းစရာကောင်းတဲ့အတိတ်ကို တွေးမိသွားပြန်သည်။

"မမ ကျွန်မကိုခွင့်လွှတ်ပါ ... ကျွန်မလည်း မှားတာပါပဲ"

"စံပယ် ညည်းမှာအပြစ်မရှိပါဘူး ... ခိုကိုးရာမဲ့လို့ ငါ့ဆီမှာ လာနေတာပဲ ... ဒင်းကြောင့် ... "

"ကိုမိုးတိမ်ယံကို အပြစ်မတင်ပါနဲ့ ခွင့်လွှတ်လိုက်ပါနော် ကျွန်မအမှားတွေလည်း ပါပါတယ် ... "

စံပယ်က မိမိထက်ငယ်ပေမဲ့ အိမ်ထောင်အစောကြီး ကျသွားသည်။

သားလေးပင် အရွယ်ရောက်နေ၏။

"ရှင် ... ရှင် တော်တော်ယုတ်မာတဲ့ လူပဲ ... ကျွန်မ ရှင့်ကို လုံးဝခွင့်မလွှတ်နိုင်ဘူး ... "

www.burmeseclassic.com

www.burmeseclassic.com



အတိတ်တွေကို တွေးမိပြီး ဒေါ်ခတ္တာညိုရင်ထဲမှ တလှုပ်လှုပ်ဖြစ်လာသည်။

ဒေါသတွေက ပေါက်ကွဲချင်လာရ၏။

ဘယ်တော့မှ မေ့ပစ်လို့မရတဲ့အဖြစ်အပျက်တွေ။

အမြဲတမ်း ...

သတိရနေခဲ့ရသည်။

နာကြည်းနေခဲ့ရ၏။

သမီးလေး ...

မိမိသမီးလေးမှာတော့ အပြစ်မရှိပါဘူး။

"မေမေ့အနားမှာနေရင် ညည်းအဖေကိုတော့ အပြီးအပြ စွန့်လွှတ်ရလိမ့်မယ် ..."

ကိုမိုးတိမ်ယံ။

ရှင့်ရဲ့ယုတ်မာကောက်ကျစ်မှုတွေကို ကျွန်မဘာ နည်းနဲ့မှ မေ့ပစ်လို့မရဘူး။

"မေမေ ..."

"ဟင် ..."

"သတိထားပါနော် ..."

"မေမေသွားတော့မယ် ... သားက သမီးကိုစောင့်ရှော ပါ ..."

"မေမေ သားလိုက်ပို့မယ် ... မေမေစိတ်ထိခိုက်သွား မဟုတ်လား ... နေမကောင်းဘူး မဟုတ်လား ..."

"မလိုပါဘူး ... သားနဲ့ သမီး မင်္ဂလာဦးလေး ပျော်ပျော်



ရွှင်နေကြ ... မေမေ ဘာမှမဖြစ်ပါဘူး ... အနားယူတော့ မယ် ..."

မေမေ ပြန်ထွက်သွားသည်။

သူမ ကိုကို့ကို ကြည့်မိ၏။

စာဖတ်နေသည်။

သူမဘေးမှာရှိနေသည်ဆိုတာကိုပင် သတိမထား ဘူး။

ကျွန်မ ဘာဆက်လုပ်ရမလဲ။

ဒက်ဒီ ...

သမီး လုပ်ရပ်တွေ မှားသွားပြီလား။

မေမေကတော့ ဒက်ဒီ့ကို အရမ်းစိတ်နာနေသလဲ

ဘာတွေဖြစ်နေကြတာလဲ ဟင်။

အတိတ်က ဘာတွေဖြစ်ခဲ့ကြတာလဲ။

နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာကျွန်မစိတ်ချောက် ချား ထိုင်နေမိသည်။

ကျွန်မထွက်သွားရမလား။

ဒီမှာပဲ ဆက်နေရမလား။

မြိုင်သေလာမှာ အတိတ်က ဘာတွေဖြစ်ခဲ့လည်းဆို မတွေးနိုင်လောက်အောင်ပ။

"ကျုပ်က လူသတ်သမား ဆရာဝန်မဟုတ်ဘူး ... ကျုပ် ဆေးမကုနိုင်ဘူး အမိ ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ...

စိတ်ဓာတ်ကျနေတာပါ။

ဘဝမှာ အောင်မြင်မှုတွေရပြီးမှ ကျဆုံးသွားခဲ့ရ သည်။

လူတစ်ယောက်ကို မှားယွင်းစွာ သတ်ခဲ့မိလို့ပဲ

ကိုကို့ကို ကျွန်မအားပေးရမယ်။

နှစ်သိမ့်ပေးရမယ်။

ဘာပဲဖြစ်ဖြစ် ...

ကျွန်မဘက်ကပဲ အနစ်နာခံမယ်။

"ကိုကို ..."

သူ ...

လှည့်ကြည့်သည်။

"ကျွန်မ ကော်ဖီဖျော်ပေးရမလားဟင် ..."

"မလိုပါဘူး ..."

"ကိုကိုသောက်သောက် မသောက်သောက် ... ကျွန်မ ကော်ဖီတစ်ခွက်တော့ ပေးထားမယ်နော် ..."

"မသောက်ဘူး ... ငါက ကာလုဖျော်တာကလွဲပြီး မသောက်ဘူး ..."

ခဏကြာတော့ ...

ကိုကာလုက ကော်ဖီကိုဖော်ဘူးနှင့်ဖျော်ပြီး သည်။

"နောက်ဆို ကျွန်မကို ကော်ဖီဖျော်နည်းသင်ပေးဦးနော်



ကာလု ... ကိုကိုကြိုက်တတ်တာ ကိုကာလုပဲသိတယ်လေ"

"ဟုတ်ကဲ့ ..."

ကိုကာလုထွက်သွားသည်။

ဒီမှာရှိတဲ့လူတွေရဲ့မျက်နှာတွေက တင်းမာနေကြ သည်။

ဘာကြောင့်မှန်းမသိ။

ဖေဖေနှင့်ပတ်သက်မည့် အတိတ်အကြောင်းတွေ ရှိ သည်။

ကျွန်မ သိချင်လိုက်တာ။

မေမေကလည်း မေးလို့မရ။

ဒက်ဒီအသံကြားသည်နှင့် မေမေရောဂါဝေဒနာတွေ ရော။

ကိုကိုက စာဖတ်နေဆဲပင် ...

"ကိုကို ..."

"ဘာလဲ မိုးဝသုန် ..."

"ကိုကို ... ညောင်းနေလား ... ကျွန်မနှိပ်ပေးရမလား"

"ကောင်းတယ် ... မင်း ငါ့ကို နှိပ်ပေးစမ်း ... ငါက ဇက် ကြောတွေ အရမ်းတက်တတ်တယ် ..."

"ဟုတ်ကဲ့ ..."

ကိုကိုက လက်ခံလိုက်၍ သူမဝမ်းသာပျော်ရွှင်သွား သည်။

စာဖတ်နေတဲ့ ကိုကို့ကို နှိပ်ပေးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဝသုန် ... "

"ရှင် ... "

"ငါ ... မင်းကို လက်ထပ်တာ မေမေ့ကြောင့်ပဲလေ ... တကယ်တော့ မင်းကို ငါလုံးဝမချစ်ဘူး ... "

"ကျွန်မကတော့ ကိုကို့ကိုချစ်တယ် ... "

ကောင်းတယ်။

မင်း ငါ့ကိုချစ်ရမယ်။

စွဲလမ်းနှစ်သက်နေစေရမယ်။

မေမေ ခတ္တာညိုနဲ့ ငါ့အမေလေ မင်းအဖေအပေါ်မှာ ဘယ်လောက်အထိ ကြေကွဲမှုတွေ ခံစားခဲ့ရလဲ။

ပေးဆပ်ကြရလဲ။

"ငါ့မှာ ချစ်သူရှိတယ် မိုးဝသုန် ... မင်းကို ငါ မချစ်ဘူး"

"ကိုကို ... "

"ငါပျော်သလို စိတ်ချမ်းသာသလိုနေမယ် ... မင်း ငါ့ကို ပေါင်းနိုင်မှ ပေါင်းပါ ... "

"ကိုကိုရယ် ... ဝသုန်လေ ... ကိုကို့ကို ချစ်ပါတယ် ... ကိုကို့အတွက် ဘယ်လောက်ပဲ ပေးဆပ်ရပါစေ ... ကျွန်မ ပေးဆပ်ပါ့မယ် ... "

မင်း ဘယ်လောက်ပဲ ပေးဆပ်ရပါစေ။ ငါ့ရင်ထဲမှာ ဘယ်တော့မှ ကျေနပ်နိုင်မှာမဟုတ်ဘူး မိုးဝသုန်။

ဦးမိုးတိမ်ယံရဲ့လုပ်ရပ်တွေကို ငါဘယ်တော့မှ မမေ့ဘူး။



မင်း ...

ငါ့ကြောင့် စိတ်သောကတွေ ရောက်စေရမယ်။

ဘဝမှာ ပေးဆပ်ရမယ်။

"ငါက တွေ့တဲ့မိန်းကလေးတွေကို ချစ်တတ်တယ် ... မိုးဝသုန် ... "

"ရှင် ... "

"ပြီးတော့ ငါက လူသတ်သမား ... "

"ကိုကို ... "

"ငါက စိတ်မထင်ရင် လူသတ်ချင်တယ် ... "

သူမ ...

အထိတ်တလန့်ဖြစ်သွားရသည်။

ဘုရားရေ ...

ကျွန်မ ဒုက္ခရောက်ပြီလား။

"ငါ အဲဒီလူကို တမင် ပွိုင်စင်ကို ထိုးပေးလိုက်တာပဲ ... "

"ရှင် ... "

"ငါ့ရဲ့စိတ္တဇပဲ ... တစ်ခါတစ်ရံ စိတ်ဖောက်ပြန်ချင်လာရင် တစ်နည်းနည်းနဲ့တော့ လူသတ်တယ် ... "

"ဟင် ... "

သူမ ဘယ်လိုလုပ်ရမှန်းမသိအောင် ဖြစ်သွားရသည်။

"မင်းကိုငါမချစ်ဘူး ... မေမေခတ္တာညိုကြောင့်ပဲ လက်ခံလိုက်တာ ... "

ကိုကို့စိတ်တွေက မမှန်တော့ဘူးလား မသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လာမိသည်။

"မိုးဝသုန် ..."

"ရှင် ..."

"မင်းသွားတော့ ..."

"ဟုတ်ကဲ့ ..."

သူမ ...

အပြင်မှာပဲ အိပ်ရမလား။

အခန်းထဲမှာပဲ အိပ်ရမလားဆိုတာ ဝေခွဲမရဖြစ်ရသည်။

မဖြစ်ပါဘူး။

အပြင်မှာပဲ သွားအိပ်မယ်။

"ဟေ ..."

"ရှင် ..."

"ဘယ်လဲ ..."

"ကျွန်မ အပြင်မှာ သွားအိပ်မလားလို့ပါ ... ဟို ကိုကို့ကို အနှောင့်အယှက်မပေးချင်လို့ပါ ..."

"မရဘူး ..."

"ရှင် ..."

"မင်းနဲ့ ငါက ဇနီးမောင်နှံလေ ... မင်းဒီမှာပဲ အိပ်ပါ ..."

"ဟုတ်ကဲ့ ..."

ကိုကို့စကားတွေကို သူမဆန့်ကျင်ဘက်လုံးဝမပြောလိုပေ။



နာခံနေမိသည်။

ကိုကို့အမိန့်တွေကို နာခံဖို့အသင့်ဖြစ်နေရတာပဲ အံ့ဖွယ်ရာပင်။

"မင်း ငါ့အနားမှာ နေစမ်းပါ ..."

"ဟုတ်ကဲ့ ..."

"မိုးဝသုန် ..."

"ရှင် ..."

"အိပ်ကြမယ် ..."

"ဟုတ်ကဲ့ ..."

သူက သူမရဲ့ကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်ထားသည်။

ကိုကို ဘာတွေဖြစ်နေပြီလဲ။

စိတ်မှကောင်းရဲ့လား။

"မင်းဟာ ငါ့ရဲ့ဇနီးမယားပဲ ... မင်း ငါ့အနားကနေ ဘယ်မှမသွားရဘူး ..."

ရှင် ...

ရူးနေပြီလား။

စိတ်ဝေဒနာရှင်တစ်ယောက်လို သူလှုပ်ရှားနေသည်ဟု ထင်မိသည်။

ကြောက်လာမိ၏။

"မိုးဝသုန် ..."

"ရှင် ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကိုချစ်ရဲ့လား ..."

"ချစ်ပါတယ် ကိုကို ..."

"ရမ်းတယ်ကွာ ... အရမ်းကြိုက်တာပဲ ... အဲဒီလိုပဲ ဖြစ်နေစေရမယ်လေ ..."

သူ ...

မှားနေပြီလား။

မတတ်နိုင်ဘူး။

မိုးဝသုန်ကို စိတ်တွေအနှောင့်အယှက်ဖြစ်အောင် လုပ်ရမယ်။

ဒါမှ ...

ကြေမှာပါ။

ဦးမိုးတိမ်ယံ ...

ခင်ဗျားသမီးကို ဘာလို့ ပို့လိုက်ရတာလဲ။

အမွေတွေကြောင့် မဟုတ်လား။

လောဘကြီးတဲ့လူ။

ခင်ဗျားသမီး ကျုပ်ကြောင့် ဘဝတစ်လျှောက်လုံး စိတ်သောကတွေ ခံစားရတော့မယ်လေ။

မေမေခတ္တာညို နဲ့ အမေ့အတွက် ခင်ဗျားကြီးပေး ဆပ်ရမယ်။

သူ့ရင်ထဲမှာ နာကြည်းမှုတွေနှင့် ကြေကွဲနေရသည်။



အခန်း(၁၂)

"ဆရာလေး ... ဆရာလေး ..."

"ဆရာလေး ..."

"ဝုန်း ..."

"ဝုန်း ... ဝုန်း ..."

"ဆရာလေး ..."

"ဆရာလေး ..."

"ဒုန်း ..."

"ဒုန်း ..."

"ဟင် ..."

သူမ ...

ထလိုက်မိသည်။

အပြင်မှာ ကိုကာလုတံခါးထုနေ၏။

"ဆရာလေး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ... "
"ဝုန်း ... "
"ကိုကို ... "
"ကိုကို ... "
"ဟင် ... "
"အပြင်မှာနိုးနေတယ် ... "

သူ ...

လူးလဲထလိုက်မိသည်။

"ဆရာလေး ... "
"ဆရာလေး ... "

သူ ...

အပြင်ထွက်လိုက်သည်။

"ဆရာလေး ... "
"ဟင် ဘာဖြစ်လို့လဲ ... အိမ်မှာ ဘာဖြစ်နေလို့လဲ ... ကာလု ပြောစမ်း ... "
"ဒေါ်လေး ... ဒေါ်လေး ခတ္တာညိုလေ ... "
"ဟင် ... မေမေ ဘာဖြစ်လို့လဲ ... မေမေဘာဖြစ်လဲဟင်"
"ဆုံးသွားပြီ ... "
"ဘာ ... "
"ဒေါ်လေးခတ္တာညိုကို နိုးနေကျ မနိုးလို့ ကာလုသွားကြည့်တာ ခေါ်လို့မရတော့ဘူး ဆရာလေး ... "
"ဟင် ... "



"မေမေဆုံးပြီ ဟုတ်လား ... "
"မေမေဘာဖြစ်လို့ ဆုံးရတာလဲ ... ဟုတ်ရဲ့လား ကိုကာလု"
"ဟုတ်ပါတယ် ... ကျုပ်အသေအချာကြည့်ခဲ့တာပဲ ... ဒသသ တောင် စမ်းသပ်ကြည့်ပြီးပါပြီ ... "

သူ ...

မေမေ့ဆီကိုရောက်သွားသည်။

"မေမေ ... "

နိုးမရတော့။

မေမေသည် နှုတ်မဆက်ဘဲ လူ့လောကကြီးကနေ ထွက်သွားပြီဖြစ်သည်။

"မေမေ ... ဘယ်လိုဖြစ်ရတာလဲ မေမေရယ် ... သားကို တောင် ဘာလို့နှုတ်မဆက်သွားရတာလဲ မေမေ ... "

သူ ...

ကြေကွဲစွာဖြင့် ပြောမိသည်။

"မေမေ ... သမီးကို စိတ်ချသွားပြီလားဟင် ... သမီးကို ဘာလို့ ထားခဲ့ရတာလဲ ... မေမေ့ကို ပြုစုဖို့ ဖေဖေက သမီး ကို လွှတ်လိုက်တာပါ ... "

မိုးဝသုန် မေမေ့အလောင်းကြီးကိုဖက်ပြီး ကြေကွဲ စွာငိုမိသည်။

"ငါ့အမေသေရတာ မင်းကြောင့်ပဲ ... မင်းရောက်လာတော့ အတိတ်ကအကြောင်းတွေ ပြန်သတိရနေတော့တာပဲ ... မင်း ဒီကိုရောက်လာတာ တကယ့်ကို ဒုက္ခပေးဖို့ပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"မေမေရယ် ကျွန်မရောက်လာတာ ကိုကိုပြောသလို ဖြစ်နေပြီပဲ ... မေမေ့ကို လူ့လောကကြီးထဲက မောင်းထုတ်ဖို့ရောက်လာတာလား ... "

"မေမေ သားဘယ်လိုဖြေရမလဲ ... ပြောပါဦး မေမေ ... "

မေမေခတ္တာညီကို သူချစ်ခင်စွာ မိခင်အရင်းပမာ သံယောဇဉ်ကြီးခဲ့ရသည်။

သားအမိပမာ နှစ်ပေါင်းများစွာ အတူနေထိုင်ခဲ့ကြသည်။

"သားအရင်းလို မေမေချစ်ခဲ့တာပါ ... သားကို မေမေစောင့်ရှောက်ခဲ့တာပါ ... "

မင်းကြောင့်ပဲ မိုးဝသုန်။

မေမေက မင်းရောက်လာမှ စိတ်ဝေဒနာတွေ ပိုခံစားရတာ။

နှလုံးထဲမှာ ခံစားနေရပြီး မေမေဝေဒနာတွေ ဘယ်လောက်တိုးနေပြီလဲ။

"မေမေ ... "

"မေမေ ... "

နှစ်ယောက်လုံးပြိုင်တူအော်ဟစ်မိသည်။

"ဆရာလေး ... "

"ဟင် ... "

"သင်္ဂြိုဟ်ဖို့ကိစ္စတွေ လုပ်ရမယ် ... ဘယ်လိုစီစဉ်မလဲ ... ဒေါ်လေးခတ္တာအလောင်းကို ဘယ်နှစ်ရက်ထားမလဲ ... "



"ငါးရက်ထားမယ် ... မေမေ့ကို ပြင်ဆင်ထားပြီး ကြည့်ရမယ်လေ ... "

"ကောင်းပါပြီ ... "

မေမေ ...

ဘယ်လိုဖြစ်ရတာလဲ။

ကျွန်တော် အရမ်းခံစားရတာပဲ။

မေမေရဲ့ငြိမ်သက်ဖြူလျော်နေတဲ့ ဝေဒနာတွေ ခံစားနေရသည့်မျက်နှာပြင်ကို ကြည့်မိနေသည်။

ဦးမိုးတိမ်ယံကြောင့် မေမေစိတ်ဝေဒနာခံစားလာရ၏။

သမီးကို ဘာလို့လွှတ်လိုက်ရတာလဲ။

အမွေကြောင့်လား။

ဘယ်တော့မှ အမွေတွေမရစေရဘူး။

ခင်ဗျားသမီး စိတ်သောကတွေ အမြဲတမ်းခံစားနေစေရမယ်။

"ဦးမိုးတိမ်ယံကို ခေါ်ပါ ... "

"ဟင် ... "

"ဒက်ဒီ့ကို အကြောင်းကြားရမယ် ဟုတ်လား ... ကိုကို"

"အင်းလေ ... မင်းအဖေပဲဟာ ... "

"မေမေအရမ်းစိတ်နာကြည်းနေတဲ့ ဒက်ဒီ့ကို အကြောင်းမကြားပါနဲ့ ... "

"မေမေမှ မရှိတော့တာဘဲ ... မင်းအဖေဆီ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြားတာ ဘာမှမဖြစ်တော့ပါဘူး ... ”

“ကိုကို ... ”

“မင်းဒက်ဒီကို တစ်သက်လုံး ဖြတ်တောက်တော့မလား”

“ကိုကိုရယ် ... ”

“မိဘပဲ ... မင်းဘာပဲဖြစ်ဖြစ် အကြောင်းကြားသင့်ပါတယ်”

ကိုကိုရယ်။

ကျွန်မအပေါ် ငဲ့ညှာထောက်ထားတာပဲ။

“သမီး ခတ္တာညီုအနားသွားပါ ... ဟိုရောက်ရင် ဒက်ဒီ
လို့ လွှတ်ရလဲဆိုတာ သဘောပေါက်မှာပါ ... ”

အမွေပစ္စည်းတွေကြောင့်ဟုတော့ မထင်မိ။

မိခင်ကို ပြုစုစောင့်ရှောက်ဖို့ လွှတ်လိုက်တာပဲ
နိုင်သည်။

ဒက်ဒီဟာ စိတ်သဘောထား ယုတ်မာကော
ကျစ်မည်ဟု မထင်မိပေ။

မေမေကတော့ မုန်းတီးနေသည်။

နာကြည်းနေ၏။

ဒက်ဒီ့အကြောင်းတွေးမိတိုင်း မေမေစိတ်ဝေ
တွေ ခံစားရသည်။

သတိမေ့လျော့သွားတတ်၏။

“ကိုကို ... ”

“ဘာလဲ မိုးဝသုန် ... ”

“ဒက်ဒီလေဖြတ်ထားလို့ လာနိုင်မှာမဟုတ်ပါဘူး ... ”



“မင်းဒက်ဒီကို ပါအောင်ခေါ်ပါ ... လေးလေးမိုးစင်ရော်ကား
နဲ့ သွားခေါ်ပါ ... ”

သူ ...

တမင်ခေါ်တာပါ။

ဦးမိုးတိမ်ယံကို စိတ်သောကတွေ ခံစားစေချင်မိ
ည်။

“လေးလေး ... ”

“ဟင် ... ”

“ဦးမိုးတိမ်ယံကို သွားခေါ်ပါ ... ”

“မောင်ရင် ... ”

“ကားနဲ့ပဲ ရအောင်သွားခေါ်ပါ ... ”

“အစ်ကိုကြီး နေမကောင်းဘူး ... အခြေအနေတောင် ဘယ်
လိုဖြစ်နေပြီလည်း မသိတော့ဘူး ... ”

“ရအောင် ခေါ်လာခဲ့ပါ ... ”

“အင်းလေ ... မောင်ရင်က ခေါ်လာစေချင်တယ်ဆိုရင်
တော့ ... လေးလေးသွားခေါ်ပါ့မယ် ... ”

“ခေါ်ပါ ... ”

ဦးမိုးတိမ်ယံ။

ခင်ဗျားကြီးအလှည့်ပဲ။

လေဖြတ်သွားတဲ့ ဦးမိုးတိမ်ယံ အိပ်ရာထဲက မထနိုင်
။

ပိုပြီး ခံစားရမှာပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မေမေ့အလောင်းကို ပြင်သည်။

သူ ...

အနားက မခွာမိ။

မေမေ့ကို စူးစိုက်စွာဖြင့် ကြည့်မိသည်။

“သမီးကို စောင့်ရှောက်ပါ ... သူ့အဖေနဲ့ လုံး၀မပတ်သက်ပါစေနဲ့တော့ ...”

မေမေ့ဆန္ဒမရှိပေမဲ့ သားကတော့ ဦးမိုးတိမ်ယံကို မြို့သေလာမှာနေဖို့ ခေါ်မိလိုက်ပြီ။

ခွင့်လွှတ်ပါ မေမေ။

ကျွန်တော် လက်တုံ့ပြန်ချင်လို့။

မတတ်နိုင်တော့ဘူး။

အိပ်ရာထဲမှာ လဲနေတဲ့လူတစ်ယောက်ကို ဆရာ တစ်ယောက်ဖြစ်တဲ့ သူ့ရဲ့လက်တုံ့ပြန်မှုတွေက ရက်စက်ရာ ရောက်နေပြီလား။

သားရက်စက်ရမှာပဲ။

မေမေသဘောကျမှာပါ။

အားလုံးအပေါ်လည်း ဦးမိုးတိမ်ယံက ရက်စက် တာပဲလေ။

“ကိုကို ...”

“ဟင် ...”

“စားစရာတစ်ခုခု စားရအောင် ...”

“မစားချင်ဘူး ... ငါ့ရင်ထဲမှာ ပြည့်နေတယ် ... ဘာဖြ



မှန်းမသိဘူး မိုး၀သုန် ...”

“ကိုကိုက ခံစားရမှာပါ ... ကျွန်မထက် မေမေ့အနားမှာ နေလာရတာပဲလေ ... ဒီလိုကြီးတော့ မနေပါနဲ့နော် ကိုကို”

သူမ ...

ကိုကို့ကို ကြင်နာနေမိသည်။

သူမရဲ့ အားကိုးတွယ်တာရာ လင်ယောကျ်ားပဲ။

ကိုကိုထိုင်နေဆဲပင်။

မေမေ့အလောင်းနားက မခွာခဲ့။

ဒက်ဒီ့ကိုတော့ လေးလေးက သွားခေါ်နေပြီဖြစ် ်။

မေမေ့အနား ဒက်ဒီလာတာ မေမေက သဘောကျ လား။

ကံကြမ္မာရယ်။

ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲဟင်။

“ကိုကိုတစ်ခုခုတော့ စားလိုက်ပါနော် ... ကိုကို ဘာမှမစား ရသေးဘူး မဟုတ်လား ...”

“မေမေ့အနားမှာ ငါနေပါရစေ မိုး၀သုန် ... ဘာမှမစားချင် ဘူးကွာ ...”

“နွားနို့လေး တစ်ခွက်လောက်တော့ သောက်လိုက်ပါ ကိုကို ရယ် ...”

“မသောက်ဘူး ... ငါ့အနားကို မင်းမလာစမ်းပါနဲ့ မိုး၀သုန် မေမေ့အနားမှာ ငါတစ်ယောက်တည်း နေချင်တယ် ...”

www.burmeseclassic.com

www.burmeseclassic.com



သူမ ...

ထွက်လာခဲ့မိသည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့က ထားမိ၏။

မေမေ့အနားမှာ ကိုကိုပဲရှိသည်။

အသုဘအိမ်က ငြိမ်သည်မရှိ။

အိမ်သားတွေကလည်း နည်းလွန်း၍ အစောင့် မရှိခဲ့။

"မိုးဝသုန် ..."

"ရှင် ..."

"မင်းလည်း တစ်ခုခုစားဦးလေ ..."

သူမကို လာရောက်အားပေးသူက ကိုဒဿပဲ သည်။

ရုပ်က ဆိုးလိုက်တာ။

စိတ်သဘောထားကတော့ ဖြူစင်သည်ဟု ထ သည်။

"ကိုကို့ကို ကျွေးပါနော် ... ကျွန်မက အရေးမကြီးပါဘူး"

ကိုကိုပဲ။

စိတ်တွေ အရမ်းထိခိုက်ကြေကွဲနေရသည်။

ကျွန်မကြောင့်ပါ။

ဒက်ဒီ့ကို မာမီက အလွန်အမင်း မုန်းတီးနာကြ နေသည်။



"ကိုဒဿ ..."

"ဟင် ..."

"မေမေနဲ့ ကျွန်မဒက်ဒီတို့ အတိတ်က ဘာတွေဖြစ်ခဲ့ကြလဲ ဟင် ..."

ဒဿက ဒီအိမ်မှာ ကြီးပြင်းလာသူဖြစ်သည်။

ကိုကိုနှင့် ကစားဖော်တဲ့။

"မသိဘူး ..."

"ဟင် ..."

"ကျုပ်က ခြံစောင့်ပဲ ... ကျုပ်အဖေက ခြံစောင့်ဆိုတော့ အိမ်ကြီးထဲ သိပ်မဝင်ရဘူး ..."

"ကိုဒဿ တကယ်မသိတာလားဟင် ... ရှင်တကယ်လည်း မသိတာလား ... ကိုကို ဘာတွေဖြစ်နေလဲ ... ကျွန်မအရမ်း သိချင်တာ ..."

"မသိပါဘူး မမိုးဝသုန် ... ကျုပ်က ခြံစောင့်ပဲလေ ... မှတ်လည်း သိပ်မမှတ်မိတော့ပါဘူး ..."

ဒဿသိတာက ဒေါ်လေးခတ္တာညို့တို့ အိမ်ထောင် ရေးပြိုကွဲသွားတာပဲ။ ဘာကြောင့်လဲဆိုတာ ဒဿမသိခဲ့။

မစပ်စုပေ။

"တို့က အလုပ်သမားပဲ ... ဘာမှစပ်စုစရာမလိုဘူး ... သူတို့ဟာ သူတို့ ဘာပဲဖြစ်ဖြစ် ..."

အဖေက ပြောသည်။

အလုပ်ရှင်အပေါ် သစ္စာရှိဖို့တစ်ခုပဲ အဖေကသိထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ စပ်စုတာ မကြိုက်။

"ကျုပ်မသိဘူး ... "

"ကျွန်မလည်း ဘာမှမသိဘူး ... ကျွန်မသာရောက်မ ရင် မေမေ ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ ကြုံရမှာမဟုတ်ပါ ကိုဒဿရယ် ... "

ဒဿစိတ်ထဲမှာ မမိုးဝသုန်ကို သနားနေမိသည်။

စိတ်သဘောထားဖြူစင်သော မိန်းမတစ်ယော ာ ထင်မိ၏။

မင်းဒုက္ခရောက်တော့မယ်။

မိုးသောက်ကြယ်ရဲ့စိတ်တွေက အမြဲတမ်းေ ဒ ဖုံးလွှမ်းနေတာပဲ။

ဘဝမှာ အရှုံးတွေနဲ့ပဲ ရင်ဆိုင်နေခဲ့ရလို့လေ။

"မင်း နွားနို့သောက်ပါ ... အရာအားလုံးက ဖြစ်ပျက်ေ ပဲ ... မိန်းကလေး ... "

"ကျေးဇူးပါပဲ ကိုဒဿ ... "

အဖေက အိမ်ရှင်တွေရဲ့အကြောင်းကို စပ်စု မကြိုက်ခဲ့။

"သား တာဝန်ကျေအောင်ပဲ ကြိုးစား ... မကောင်း မကြံနဲ့ ... အဖေတို့ဘဝက အတိတ်ဘဝက ကံမကော သူများအိမ်က အစေအပါးဖြစ်နေတာလေ ... "

သူငယ်ရွယ်စဉ်မှာပင် မိဘတွေဆုံးပါးသွားရာ ခြံစောင့်ရာထူးဆက်ရ၏။



အိမ်ကြီးအကြောင်း မစပ်စုတာက အကျင့်ရနေသည်။ မင်းကို ကာလုကလည်း အရေးတယူမလုပ်ဘူး။

"မင်းတစ်ခုခုတော့ စားလိုက်ပါ မမိုးဝသုန် ... "

"ဟုတ်ကဲ့ ... "

ကိုဒဿထွက်သွားသည်။

ကိုကာလုကတော့ သူမနှင့် အရောတဝင်မနေဘဲ ကင်းကင်းနေ၏။ မလိုလားတဲ့ပုံပင်။

အကြည့်တွေက မာထန်နေသည်။

တစ်ချိန်က ...

မြိုင်သေလာမှာ ဘာတွေဖြစ်ခဲ့လဲ။

မနက်ဖြန် ...

ဒက်ဒီရောက်လာမည်။

ဘာတွေဖြစ်ကြဦးမလဲမသိပါဘူး။

မေမေမုန်းတီးနေတဲ့ယောကျ်ားတစ်ယောက်ကို မေမေ့အနား ဗွတ်အတင်းခေါ်နေတာက ကိုကိုပဲ။

ဒက်ဒီ့ကိုလည်း စိတ်ချမ်းသာအောင် ထားချင်မိသည်။

မိုးဝသုန်ရဲ့ဘဝ သောကမုန်တိုင်းတွေ စတင်နေပြီလား။

နွားနို့တစ်ခွက်ကိုပင် အနိုင်နိုင်သောက်ဖို့ ကြိုးစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



၈

## အခန်း(၁၃)

ခတ္တာညို ...

မင်းသေဆုံးသွားပြီပဲ။

အရာအားလုံး ငါ့အပြစ်တွေပါကွာ။

သေဆုံးသွားသည်အထိ ခတ္တာညိုသည် သူ့ကိုမုန်းတီးသွားခဲ့သည်။ နာကြည်းသွားခဲ့၏။

ကိုယ်စိတ်မကောင်းပါဘူး။

မင်းအတွက် ကိုယ် ဘာမှလုပ်မပေးနိုင်ခဲ့ပါဘူး။

ဦးမိုးတိမ်ယံ စိတ်မကောင်းကြီးစွာဖြစ်ရသည်။

"အစ်ကိုကြီး သမီးကိုလည်း ... မောင်မိုးသောက်ကြယ့် ဒေါ်ခတ္တာညိုက လက်ထပ်ပေးသွားတယ်လေ ... "

"ဟင် ... "

ညီလေးက ပြောသည်။

သူ ... စိတ်ပူမိသည်။



မိုးသောက်ကြယ်က စံပယ့်ရဲ့သား။

ငါးနှစ်လောက်အရွယ်ရှိဦးမည်။

စံပယ့်ကို ဒေါသတကြီး ရိုက်နှက်တဲ့အထိဖြစ်ရသည်။ မိုးသောက်ကြယ် တွေ့သွား၏။

မိခင်အတွက် ဒေါသတကြီး တုံ့ပြန်လိုတဲ့ မိုးသောက်ကြယ်။

"မင်္ဂလာပွဲက မခမ်းနားပါဘူး ... လူသုံးလေးယောက်ရှေ့မှာလေ ... ဒေါ်ခတ္တာညိုက လက်ထပ်ပေးလိုက်တာပဲ ... တူမလေးအတွက် စိတ်မကောင်းစရာဘဲ ... "

မိမိ ...

သိနေသည်။

ခတ္တာညိုအနား သမီးသွားလျှင် ဒီလိုပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမယ်ဆိုတာ သိပြီးသားပါပဲ။

"အစ်ကိုကြီး လိုက်နိုင်မလား ... "

"လိုက်မယ် ... "

မိမိဆုံးဖြတ်လိုက်သည်။

ခတ္တာညိုရဲ့မျက်နှာကိုတော့ နောက်ဆုံးအနေနှင့် ကြည့်ရမည်။ တောင်းပန်ရမည်။

မြို့ငသေလာကိုမရောက်တာ ကြာပြီ။

ခတ္တာညိုက မိမိကို တွေ့ဆုံရဖို့ မပြောနှင့် နာမည်ပင်မကြားချင်ခဲ့။

"အစ်ကိုကြီး ... စိတ်ထိခိုက်ကြေကွဲရမလား ... "

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ..."

"ကျွန်တော်ကတော့ မောင်မိုးသောက်ကြယ်ပုံစံကို မကြို
ဘူး ... တူမလေး ဒုက္ခရောက်မယ်ထင်တယ် ..."

မိမိသိသည်။

ပေးဆပ်တာပါ။

မင်းကျေနပ်စေဖို့ပါ။

ငါ့ကို ခေါ်ခိုင်းလိုက်တတာလည်း မင်းရဲ့လက်
ပြန်မှုအတွက် မဟုတ်လား။

"အစ်ကိုကြီး ..."

"ဟင် ..."

"လိုက်လို့ဖြစ်မလား ... တူမလေးကိုပဲ ဒီကိုပြန်ခေါ်လာ
မယ် ... အမွေတွေ ဘာတွေလည်း လုံးဝမယူပါနဲ့တော့"

"မင်းအသာနေစမ်းပါ ... သွားမယ် ..."

"အစ်ကိုကြီး ..."

"ချိုင်းထောက်နဲ့ သွားမယ် ..."

"အစ်ကိုကြီးတို့အတိတ်က ဘာတွေဖြစ်လည်းဆိုတာ ကျ
တော်မသိပါဘူး ... အခုလောလောဆယ်တော့ တူမ
စတေးရမှာလား ..."

"သွားမယ် ..."

မြိုင်သေလာကို မိမိလိုက်လာခဲ့သည်။

ဟိုရောက်တော့ ...

သမီးလေးက မျက်ရည်တွေနှင့် ဆီးကြိုနေခဲ့သ



"ဒက်ဒီ ..."

"သမီးလေး ..."

"မေမေဆုံးပြီ ..."

"သမီးလေးရယ် ..."

သမီးလေးကို ဖက်ထားမိသည်။

"မေမေ့ကို လာကြည့်ပါဦး ဒက်ဒီရယ် ..."

ခတ္တာညို့ရဲ့အလောင်းပြင်ထားတဲ့နေရာကို ရောက်
လာရသည်။

အလောင်းဘေးနားမှာ မိုးသောက်ကြယ်။

အကြည့်ချင်း ဆုံမိသွားသည်။

"ကိုကို ဒါ ကျွန်မဒက်ဒီ ဦးမိုးတိမ်ယံပါ ..."

မိုးသောက်ကြယ်ရဲ့မျက်ဝန်းအကြည့်တွေ ဘယ်
လောက်မာထန်နေလည်းဆိုတာ သိသာနေသည်။

မင်း ...

ငါ့ကို မုန်းတီးနေတယ် မဟုတ်လား။

"ဒက်ဒီ ..."

"ဟင် ..."

"သူက ကိုကိုမိုးသောက်ကြယ်ပါ ... သမီးခင်ပွန်းလေ"

သမီးလေး ...

အလွန်လှပတဲ့ မိန်းကလေး။

ဒီမိန်းကလေးရဲ့လက်ထပ်ပွဲက စုတ်ပြတ်နုံချာလှ
သည်ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေလေ ... "

မိမိ ...

ခတ္တာညို၊ရဲ့အလောင်းနား လျှောက်သွားမိနေသည်။

အသက်အရွယ်ကြီးရင့်နေတဲ့ ခတ္တာညို၊ရဲ့မျက်နှာပြင်က အိုမင်းရင့်ရော်နေသည်။

စိတ်သောကတွေ အကြီးအကျယ် ခံစားနေရပုံပင်။

"မိန်းမချောလေး ခတ္တာညို၊ရဲ့အလှအပ မရှိတော့ ... "

"ခတ္တာညို ... "

ခတ္တာညို အနားကပ်သွားရမှာပင် သူကြောက်ရွံ့တုန်လှုပ်နေမိသည်။

"လူယုတ်မာ ... ရှင်အရမ်းယုတ်မာတယ် ... စံပယ့်ကိုရော ကျွန်မကိုပါ စော်ကားတာပဲ ... "

ခတ္တာညို နာကြည်းစွာပြောခဲ့သော စကားတွေပဲဖြစ်သည်။

"စံပယ်ကို ရှင်စည်းရုံးသိမ်းသွင်းတာပဲ ... စော်ကားလိုက်တာပဲ ... "

သူ ... ရှင်းပြဖို့ ကြိုးစားသည်။

ခတ္တာညို၊က လက်မခံပေ။

နားမထောင်ခဲ့။

"ဘာမှလာရှင်းပြမနေနဲ့ ... ရှင်ထွက်သွား ... ရှင်ရှာဖွေထားတဲ့ စည်းစိမ်ဥစ္စာ ဘာမှမရှိဘူး ... အဝတ်တစ်ထည်



ကိုယ်တစ်ခုနဲ့ ထွက်သွား ... "

အော်ဟစ်၍ မောင်းထုတ်ခဲ့သည်။

"ခတ္တာညို ... ကိုယ် စံပယ်နဲ့ မဖောက်ပြန်ခဲ့ပါဘူး ... စံပယ်က စပြီး စိတ်လှုပ်ရှားခဲ့တာပါ ... ကိုယ်နည်းနည်းစိတ်ယိုင်သွားတာတစ်ခုပါပဲ ... "

စံပယ်အပေါ်တော့ သူစိတ်ယိုင်သွားတာတော့ အမှန်ပဲဖြစ်သည်။

သာယာသွားခဲ့မိ၏။

မိန်းမက ကိုယ်ဝန်နှင့် ...

"ရှင် ... ရှင် ကျွန်မရဲ့စည်းစိမ်ဥစ္စာတွေကို မက်မောပြီး လက်ထပ်တာပဲ ... ရှင့်မှာ ဘာအစွမ်းအစမှ မရှိဘူး ... "

"မင်း ငါ့ကို အဲဒီလောက်အထိပြောဖို့မလိုပါဘူး ခတ္တာညို မင်းဆင်းဆိုရင် ... ငါဆင်းသွားပါ့မယ် ... "

"ဆင်းသွား ... အခုချက်ချင်း ရှင်ဆင်းသွားစမ်းပါ ... "

"ဆင်းသွားရင် ငါ့သမီးကိုတော့ ငါခေါ်သွားရမယ် ... ငါ့မှာ တွယ်တာစရာ ဒါပဲရှိတာပါ ... "

"မခေါ်နဲ့ ... ကျွန်မ သမီးလေးကို ရှင်လုံးဝခေါ်သွားစရာမလိုဘူး ... ထားခဲ့ပါ ... ခေါ်မသွားပါနဲ့ ... "

သူ ...

ခေါ်ဖြစ်အောင် ခေါ်သွားခဲ့သည်။

သမီးဘဝရှေ့ရေးအတွက် သူကြိုးစားတည်ဆောက်ရင်း အောင်မြင်တဲ့လူတစ်ယောက်ဖြစ်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းရှေ့က သွားတော့ ခတ္တာညို ... ငါ နောက်ကနေ လိုက်လာမှာပါ ... တမလွန်မှာ တို့နှစ်ယောက် ပြန်တွေ့ရင်တောင် အညိုးအတေးတွေ မရှိစေချင်ဘူး ... "

ပြောနေသည်။

ခတ္တာညို မကြားနိုင်တော့။

"လူစုံပြီဆိုရင် အလောင်းကို သင်္ဂြိုဟ်မယ် ... "

သမီးကတော့ ကြေကွဲစွာ တသိမ့်သိမ့်ရှိုက်ငိုနေသည်။

"အစ်ကိုကြီး ... "

"ဟင် ... "

"သင်္ဂြိုဟ်တဲ့နေရာအထိ လိုက်မသွားပါနဲ့နော် ... "

"အင်း ... "

ညီကလာပြီး ဖေးမကာ သူ့အိပ်ခန်းထဲခေါ်လာသည်။

"မေမေရယ် ... သမီးကို စိတ်ချသွားပြီလား ... မေမေဝေဒနာတွေ ကြိတ်မှိတ်ခံစားနေရတာ သမီးသိပါတယ်နော်"

မိုးသောက်ကြယ်ကတော့ မေမေ့အလောင်းကို ထမ်းပြီးလိုက်နေမိသည်။

မြိုင်သေလာရဲ့ခြံစပ်မှာပဲ ဂူသွင်းသင်္ဂြိုဟ်ကြမည်ဖြစ်၏။

မေမေခတ္တာညို။

ဦးမိုးတိမ်ယံရောက်လာပြီ။



မေမေ အရမ်းနာကြည်းမုန်းတီးနေတဲ့လူကြီးမဟုတ်လား။ ဒီလူကြီး ကိုယ်ချင်းစာတတ်လာအောင် သားကြိုးစားဖြိမယ်။

မေမေခတ္တာညိုအတွက်လေ။

အမေ့အတွက် ...

"သားကိုခွင့်လွှတ်ပါ ... မိုးဝသုန်ကို သားမချစ်ဘူး ... မုန်းတယ် ... မေမေ့သမီးဆိုပေမဲ့ ဦးမိုးထက်ယံရဲ့သွေးပဲလေ"

မိုးဝသုန် ...

မင်းပေးဆပ်ရမယ်။

ကံကြမ္မာပဲ။

မင်းကို ငါ့ရှေ့ရောက်လာဖို့ ကံကြမ္မာနတ်မင်းကြီးတွေ ဖန်ဆင်းပေးလိုက်တာပဲလေ။

ခင်ဗျားကြီးက သမီးအမွေတွေရဖို့အတွက် ဒီကိုလွှတ်လိုက်တာမဟုတ်လား။

ဘာအမွေမှ မရစေရဘူး။

ကျုပ်တစ်ယောက်တည်း အပိုင်သိမ်းပြမယ်။

"မေမေ ... "

မိုးဝသုန်ရဲ့အသံကြားမှ သူအသိတွေဝင်လာရသည်။

ဂူဆီကို ရောက်လာပြီပဲ။

"ဂူသွင်းမယ် ... အားလုံးကန်တော့ကြပါ ... "

ကာလုက ပြောသည်။

"မေမေ သမီးကန်တော့ပါတယ် ... နောင်ဘဝတွေမှာ မေမေဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ မကြုံရပါစေနဲ့နော် ... "

www.burmeseclassic.com

www.burmeseclassic.com



သူမ ကန်တော့သည်။

"ဆရာလေး ... "

"ဟင် ... "

"ဂူသွင်းတော့မယ် ... "

"အင်း ... "

မေမေ့အလောင်းကို ဂူသွင်းလိုက်တော့သည်။

မိုးဝသုန် တသိမ့်သိမ့်ရှိုက်ငိုနေသည်။

သူ ...

မေမေ အုတ်ဂူကို ကြည့်သည်။

မျက်ရည်တွေ ပြည့်နေ၏။

အမေဆုံးစဉ်က သူသိပ်မမှတ်မိတဲ့အရွယ်။

အဲဒီတုန်းကလည်း ကြေကွဲရတာပဲ။

"ဒီမိန်းမစိတ်မနှံ့ဘူးထင်တယ် ... ကားထဲဝင်တိုးတာပဲ ... "

အမေ ...

ဒေါ်စံပယ် ...

ဘာကြောင့်များ ဒီလိုလုပ်ရတာလဲ။

အဖြေက ရှင်းနေသည်။

ဦးမိုးတိမ်ယံကြောင့်ပဲ။

"ကျွန်မ ရှင့်နောက်ကို လိုက်ခဲ့ပါရစေ ... ကျွန်မကို ထားမသွားပါနဲ့နော် ... "

"မင်းမရှုပ်ပါနဲ့ ... ငါ့ကိုဘာလို့ ဒုက္ခပေးချင်ရတာလဲ ... "

"ဒုက္ခပေးတာ မဟုတ်ပါဘူး ... ကျွန်မ ရှင့်ကိုချစ်လို့ပါ"



"ဖြန်း ... "

သူ ...

ဒေါသတွေ ပေါက်ကွဲရသည်။

ဦးမိုးတိမ်ယံဆိုတဲ့လူကို သတ်ပစ်ချင်လောက်အောင် မုန်းတီးမိ၏။

"မေမေ ... "

အော်ဟစ်မိသည်။

"ဆရာလေး သတိထားပါ ... ဖြန်ကြပါစို့ ... "

ဒဿက သူ့လက်ကိုဆွဲသည်။

ရှန်းဖယ်ပစ်မိ၏။

မေမေ ...

ကျွန်တော့်ဘဝမှာ ဘာဖြစ်လို့များ ပျော်ရွှင်ခြင်းတွေနဲ့ လွဲချော်နေရတာလဲ။

သောကတွေပဲ ခံစားနေရတယ်။

စိတ်ရှုပ်ထွေးစရာတွေပဲ ကြုံတွေ့နေရတာလဲ။

ဘဝမှာ အောင်မြင်မှုတွေထက် ကျရှုံးခြင်းတွေကများနေသည်။

"မေမေ ... "

ကျွန်တော်ရှုံးသွပ်ချင်လာရပြီ။

စိတ်ထဲမှာ တကယ့်ကို မွန်းကျပ်နေရတယ် မေမေ။

"ဆရာလေး ... "

"ဟင် ... "

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ကြရအောင် ..."

"ငါ ဒီမှာနေမယ် ..."

"မိုးချုပ်တော့မယ် ဆရာလေး ..."

"ဒဿ ... ငါ့ကိုထားခဲ့ပါ ... မေမေ့အငွေ့အသက်တွေရှိ နေရာမှာ ငါနေချင်တယ် ..."

မိုးဝသုန်ကိုတော့ ဒဿနှင့် ဦးမိုးစင်ရော်က ဖေ ခေါ်ဆောင်သွားပြီဖြစ်သည်။

သူကျန်ခဲ့၏။

"သားမဖြေနိုင်ဘူး ... သားချစ်မြတ်နိုးတဲ့လူတွေမှ မရှိ တော ..."

မေမေခတ္တာညို့ရဲ့အုတ်ဂူနားမှာ သူမထိုင်ပိ သည်။

ကြေကွဲနေ၏။

နှလုံးသားရဲ့နာကြည်းမှုတွေက သူ့ရင်ထဲမှာ နက်နေသည်။

"မေမေရော ..."

"မေမေ ..."

"မေမေ ..."

မိုးချုပ်စပြုလာသည်။

မေမေ့အုတ်ဂူနားမှာ သူတစ်ယောက်တည်း နေဆဲပင်ဖြစ်၏။

ဦးမိုးတိမ်ယံဆိုတဲ့လူကြီးရောက်နေတယ် ဖေ

BURMESE CLASSIC .com



သားအကွက်ထဲကို သူဝင်လာတာပဲ။

မရဘူး။

ဘာအမွေမှ မပေးဘူး။

မိုးဝသုန်က သူ့ကိုချစ်နေတယ်ဆိုတာ သူသိနေ ည်။

ကံကြမ္မာပဲ။

ခင်ပျားသမီး စိတ်အနှောင့်အယှက်တွေ အမြဲတမ်း စေရမယ်။

မေမေရော ခင်ဗျားကြီးရော ကျူပ်ဒီအကြောင်းတွေ မသိဘူးလို့ ထင်နေတာ မဟုတ်လား။

မေ့ပစ်ဖို့

နာကြည်းကြေကွဲစွာ အမှတ်ရမိနေဆဲဖြစ်သည်။

"ဆရာလေး ..."

"ဟင် ..."

"ဝင်ကြရအောင် ..."

"ကာလု ငါဘယ်လိုမှ မဖြေနိုင်တော့ဘူး ..."

"ဆရာလေးမှာ ဖြေနိုင်စရာတွေ အများကြီးရှိနေတာပဲ"

"ဟင် ..."

"ဦးမိုးတိမ်ယံရောက်လာပြီလေ ..."

မြိုင်သေလာကအကြောင်းတွေကို ဒဿထက် ကာ က ပိုသိထားသည်။

သူနဲ့ အနီးကပ်နေတာ ကာလုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒဿက ခြိစောင့်။

မြိုင်သေလာရဲ့ဖြစ်ပျက်သမျှ ကာလုက အသိ

"မင်းအမေက ကားထဲကို စိတ်တွေကစဉ့်ကလျား

ဝင်တိုးပစ်လိုက်တာပဲ ..."

ကာလုက မျက်မြင်သက်သေအဖြစ် ပြန်

သည်။

"ငါတားတာ မမိလိုက်ဘူး ... မိုးသောက်ကြယ် ..."

ငယ်စဉ်ကတော့ သူနှင့်ကာလုက သူငယ်ချ

တူတွေ။

မေမေခတ္တာက မွေးစားတော့ ဆရာလေးဟု

ခေါ်ကြရသည်။

"ငါ့သားက မြိုင်သေလာရဲ့အရှင်သခင်ပဲ ... ဆရာ

ခေါ်ရမယ် ..."

မေမေခတ္တာက သူ့ဘဝကို မြင့်မားတိုးတ

မြှင့်တင်ပေးခဲ့သည်။

သားအရင်းပမာ စောင့်ရှောက်လာခဲ့၏။

မြိုင်သေလာရဲ့ အရှင်သခင်အဖြစ် အပ်

သည်။

"အိမ်ထဲဝင်ပါစို့ ဆရာလေး ..."

ကာလုက ဇွတ်အတင်းပင်ပြန်ခေါ်လာတော



## အခန်း(၁၄)

"ဒက်ဒီ ..."

"ဟင် ..."

"အတိတ်ကအကြောင်းတွေကို သမီးသိအောင် ပြန်ပြောပြ ပါလားဟင် ..."

"သမီးသိဖို့ မလိုပါဘူး ... ဒက်ဒီပြန်တော့မှာပဲ ... သမီးက အိမ်ထောင်ရှင်တစ်ယောက်ဖြစ်နေပြီပဲ ..."

ဦးမိုးတိမ်ယံကတော့ မောင်မိုးသောက်ကြယ်ရဲ့ စည်ကို သိနေသည်။

သမီးကို နှိပ်စက်ဖို့ပဲ မဟုတ်လား။

ဒက်ဒီသိပါတယ်။

တမင် လွှတ်လိုက်တာပဲ။

တကယ်တော့ ...

ခတ္တာညီုရဲ့တင်းမာနေတဲ့စိတ်တွေကို ပြေလျော့

www.burmeseclassic.com

www.burmeseclassic.com



သွားဖို့ပါပဲ။

"သမီးကိုပြောပြပါ ဒါမှ သမီးဘယ်လိုရင်ဆိုင်ရမလဲဆို... သိမှာပေ့ါ ..."

သမီးကို ပြောပြသင့်လား။

မိမိရဲ့ ဆိုးဝါးတဲ့အတိတ်အကြောင်းတွေကို မပြော... ချင်တော့။

မေ့ထားချင်မိသည်။

အမုန်းတွေ၊ အနာဂတ်တွေ မရှိစေချင်တော့ပေ။

ခတ္တာညိုက မေ့မပစ်ခဲ့။

မုန်းတီးနာကြည်းနေသည်။

သေသည်အထိ ဦးမိုးတိမ်ယံ နာမည်ကိုပင် မ... ချင်လောက်အောင် ဖြစ်ရ၏။

"ဒက်ဒီ ..."

"ဟင် ..."

"သမီးကိုတော့ ပြောပြသင့်ပါတယ်နော် ..."

"ဒက်ဒီပြန်တော့မယ် ..."

"ဒက်ဒီ ..."

"ဘာမှဆက်မမေးဖို့ဘဲ ..."

"သမီး ဘာမှသိခွင့်မရှိတော့ဘူးလား ..."

"ဒက်ဒီ တစ်ရက်နှစ်ရက်အတွင်း ပြန်မယ် ..."

ဒီခြံကြီးထဲမှာ ဆက်နေရင် မိမိလည်း ခတ္တာ... လမ်းစဉ်ကို လိုက်ရဖို့ သေချာသည်။



အချစ်ဆုံးသမီးလေး စိတ်သောကတွေ ခံစားရမှာ ကို မလိုလားပါဘူး။

ဒက်ဒီ ရင်ကွဲတော့မယ်။

"စင်ရော် ..."

"ပြောပါ အစ်ကိုကြီး ..."

"မင်း ဒီမှာနေပြီး တူမလေးကို စောင့်ရှောက်ပါ ..."

"လေးလေးက ရောဂါပြန်ထနေတယ် ... ဟိုမှာပဲ နေသင့်ပါတယ် ... သမီးတစ်ယောက်တည်း ရင်ဆိုင်နိုင်ပါတယ် ..."

"မဖြစ်ဘူး ..."

"လေးလေးနေမယ် ..."

ဦးမိုးစင်ရော်ကလည်း တူမလေးကို စိတ်မချပေ။

အစ်ကိုကြီးကိုလည်း စိတ်ချမ်းသာစေချင်တာပါ။

"တူမလေးကို ကျွန်တော်စောင့်ရှောက်မှာပါ ..."

"ငါပြန်မယ် ..."

"ဒက်ဒီ ..."

"ဒက်ဒီ ဘာမှမတတ်နိုင်ဘူး ... သမီးဟာ အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ပါ ... တစ်နေ့မှာ အမုန်တရားရဲ့ အကျိုးကို ခံစားရမှာပါ ..."

"သမီးသိချင်တယ် ..."

"သွားကြတော့ ..."

ဦးမိုးတိမ်ယံတစ်ယောက်တည်း ကျန်ခဲ့တော့သည်။

အတိတ်ကို မတွေးချင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ...

တွေးနေမိသည်။

မိမိအပြစ်တွေ အများကြီးပါနေခဲ့သည်။

ဆင်းရဲနွမ်းပါးသော မိမိက သူဌေးသမီးခတ္တာညိုနှင့် ချစ်မိကြ၏။

ခတ္တာညို ...

ချမ်းသာသည်။

ရုပ်ချော၏။

မိမိက အလုပ်သမား။

လူကြီးတွေက သဘောမတူတော့ ခိုးရာလိုက်ပြေးကြသည်။

နောက်ဆုံး လူကြီးမိဘတွေက ... သမီးကိုချစ်၍ သဘောတူလိုက်၏။

လက်ထပ်ပြီး နှစ်နှစ်လောက်အကြာတွင် ခတ္တာညို ကိုယ်ဝန်ရှိသည်။

ခတ္တာညိုသည် သူဌေးသမီးဖြစ်ပေမဲ့ စိတ်သဘောထားဖြူစင်၏။

မိမိကိုချစ်သည်။

ငွေကြေးနှင့် လုပ်ငန်းတွေကအစ မိမိသဘောပဲ။

အေးချမ်းတဲ့မိသားစုလေးအတွင်းသို့ မုန်တိုင်းတစ်ခုက ကျရောက်မွှေနှောက်ဖို့ အကြောင်းတွေပေါ်လာရသည်။

သေလာမြို့သို့ စံပယ်ပြန်ရောက်လာခြင်းပင်။



"စံပယ်နဲ့ ခတ္တာက သွေးသားမတော်စပ်ကြပေမဲ့ ညီမရင်းလိုပဲချစ်ကြတာပါ ... မေမေတို့ကလည်း မွေးစားသမီးဆိုပေမဲ့ သမီးအရင်းလိုပဲ ..."

စံပယ်က အိမ်ထောင်သည်သေဆုံးသွားပြီး ငါးနှစ်သားအရွယ်ကလေးတစ်ယောက်နှင့် လာနေသည်။

ချောမောလှပတဲ့စံပယ်က ကလေးအမေဆိုပေမဲ့ ပျိုရှုံးခဲ့၏။

ခတ္တာညိုက ကိုယ်ဝန်နှင့် ရောဂါတွေစုံတဲ့ မိန်းကလေးဖြစ်နေသည်။

စံပယ်က သူ့ကိုဝင်ပူးကပ်တာပါ။

"စံပယ်က ကိုမိုးတိမ်ကို အရမ်းအထင်ကြီးတာပဲ ... ခတ္တာ ယောကျ်ားရ ကံကောင်းမယ်ထင်တယ်နော် ... တကယ်ပါပဲ ကြင်နာတတ်တဲ့ယောကျ်ားကိုရတာပဲ ..."

စံပယ့်ယောကျ်ားက စံပယ့်ကိုနှိပ်စက်တဲ့ယောကျ်ားဖြစ်နေသည်။

မိမိက ခတ္တာညိုကိုချစ်၏။

ယုယကြင်နာသည်။

"စံပယ်က ရိုးသားအေးချမ်းတဲ့ မိန်းကလေးပါ ... အိမ်ထောင်ရေးကံမကောင်းရှာဘူးလေ ... ယောကျ်ားက ဆိုးတယ် ... အနှိပ်အစက်ခံရတယ် ... အရမ်းသနားစရာကောင်းတဲ့ မိန်းကလေးပဲ ..."

စံပယ့်ကိုခတ္တာညိုကအမြဲတမ်းသနားနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခတ္တာညို့အပေါ် စံပယ်ကလည်း တာဝန်ကျေခဲ့သည်။

လုပ်စရာရှိတာတွေကို မညည်းမညူလုပ်ဆောင်ပေးတတ်သည်။

တစ်နေ့ ...

"ကိုမိုးတိမ်ယံ ..."

"ဟင် ..."

"ရှင်အရမ်းပင်ပန်းနွမ်းနယ်နေတယ် ... ကျွန်မနှိပ်ပေးရမလား ..."

"ဟာ ... မဟုတ်တာ စံပယ် ... ရပါတယ် ... ကိုယ် အနှိပ်အနင်းခံရလောက်အောင် မပင်ပန်းပါဘူး ..."

"စံပယ့်ယောကျ်ားရှိစဉ်က စံပယ့်ကို အညှာအတာမရှိ ခိုင်းတာဘဲ ... ကိုမိုးတိမ်ယံလိုမဟုတ်ဘူး ... ခတ္တာညိုက ကံကောင်းတယ် ... ကိုမိုးတိမ်ယံကို မပြုစုနိုင်တာ စံပယ် အားမရလိုက်တာနော် ..."

စံပယ့်ရဲ့အကြည့်တွေက အဓိပ္ပာယ်တွေမရိုးသားဟုထင်မိလာသည်။

"ရှင်အရမ်းကိုက်ခဲနေတာ စံပယ်သိပါတယ် ... စံပယ် ဆေးလိမ်းပေးမယ် ..."

ခတ္တာ ဆေးခန်းသွားနေတဲ့အချိန်တွင် မိမိကိုဆေးလိမ်းပေးတတ်သည်။

အနားမှာနေတတ်၏။



မိမိ ...

ခံနိုင်ရည်မရှိခဲ့။

စံပယ်နှင့် ရင်းနှီးစွာ နေခဲ့မိသည်။

မိမိအနားမှာကပ်ပြီး မိမိဝေယျာဝစ္စတွေ လုပ်ပေးတတ်၏။

သာယာမိသွားသည်။

ခတ္တာညိုက ကိုယ်ဝန်နှင့်ဆိုတော့ အခန်းထဲမှာဖဲအနေများ၏။

အလုပ်တွေကို စံပယ်က ကူညီနေတော့ စံပယ်နှင့်မိမိက တတွဲတွဲ။

အမှားအယွင်းတော့ မဖြစ်။

မိမိ ...

စောင့်ထိန်းခဲ့သည်။

စံပယ်မျှော်လင့်နေတဲ့ လိုလားတောင့်တမှုတွေကိုမိမိမဖြည့်စွမ်းခဲ့။

ကိုယ်ကျင့်တရားနှင့် အမှားအယွင်းတွေ မဖြစ်စေခဲ့။

ခတ္တာညို သမီးကလေးမွေးသည်။

အလုပ်တွေရှုပ်ပြီး ယောကျ်ားအနားပင် မကပ်တော့။

စံပယ်နှင့် ပိုရင်းနှီးလာရသည်။

"ကိုမိုးတိမ်ယံနဲ့ ကျွန်မ အတူနေချင်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



မိမိကလည်း စံပယ်ရဲ့အပြုအစုအယုအယတွေကြား မှာ သာယာနေခဲ့သည်။

အလွန်အကျွံတွေမဖြစ်ကြပေမဲ့ နီးစပ်မှုတော့ရှိနေ၏။

"ကျွန်မတို့နှစ်ယောက်ကြားမှာ ကာရံထားတဲ့ အကာအရံတွေကို ဖယ်ရှားပစ်ကြရအောင် ..."

"စံပယ် ..."

"ကိုမိုးတိမ်ယံ ..."

"မဖြစ်နိုင်ဘူး... တို့နှစ်ယောက် ခပ်ဝေးဝေးနေကြရအောင်"

မိမိ ...

အသိဝင်လာမိသည်။

နောက်ဆုတ်ခဲ့သည်။

မရ ...

စံပယ်က ရှေ့တိုးသည်။

သမီးလေးတစ်နှစ်အရွယ်တွင် ခတ္တာညိုက ရိပ်မိသွားသည်။

စံပယ့်ကို အပြစ်မမြင်ပေ။

"စံပယ်က အရမ်းရိုးသားတဲ့မိန်းကလေးပဲရှင့် ... ရှင်ဖြားယောင်းသွေးဆောင်တာ မဟုတ်လား ..."

ခတ္တာညိုက မိမိအပေါ်ပဲ အပြစ်တွေပုံချသည်။

"မင်းတို့စံပယ်ကြောင့် ... ငါ့စိတ်တွေ သာယာသွားမိတာပါ ခတ္တာ ..."



"မဖြစ်နိုင်ဘူး ... စံပယ်က ခတ္တာညိုအပေါ် ဘယ်တော့မှ ကောက်ကျစ်ယုတ်မာမှုတွေ မလုပ်ဘူး ..."

ရှင်းပြမရ။

လက်မခံပေ။

စံပယ်မှ စံပယ်ပဲ။

"ကျွန်မတို့က ညီအစ်မလိုနေတာကို ရှင်ခွဲပစ်ရက်တယ် ..."

"ခတ္တာညို ..."

"ရှင်ထွက်သွားစမ်းပါ ... ရှင့်လို ယုတ်မာကောက်ကျစ်တဲ့လူ တစ်ယောက်နဲ့ မပေါင်းနိုင်တော့ဘူး ..."

"စံပယ်နဲ့ ကိုယ် ဘာမှမဖြစ်ပါဘူး ... မင်းယုံပါ ..."

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ စံပယ်တို့သားအမိကို မစွန့်လွှတ်နိုင်ဘူး ... စံပယ်က ကျွန်မငယ်ငယ်က ကျွန်မအသက်ကို ကယ်ခဲ့တာ ... ကျွန်မရေနစ်နေတဲ့အချိန်မှာ ကျွန်မကို အသက်စွန့်ပြီး ကယ်ခဲ့တာ စံပယ်ပဲ ..."

ခတ္တာညိုက စပယ့်အပေါ် ဘယ်လိုမှအပြစ်မယူခဲ့ပေ။

"စံပယ် ... မင်းရှင်းပြစမ်းပါ ... ကိုယ့်စိတ်တွေ သာယာသွားတာမှန်ပေမဲ့ ကိုယ်နဲ့ မင်း ဘာမှမဖြစ်ကြဘူး ... အဲဒါ မင်းရှင်းပြပါ ..."

"မရှင်းဘူး ... ကျွန်မ ကိုမိုးတိမ်ယံနောက်ကိုပဲ လိုက်ခဲ့မယ်လေ ..."

"ဘာ ..."

www.burmeseclassic.com

www.burmeseclassic.com



"သားကိုလည်း ထားခဲ့မယ် … ခတ္တာညိုက သားကိုချစ်ပါတယ် … ဘာမှ ပြဿနာမရှိပါဘူး … ကျွန်မတို့ ထွက်သွားကြရအောင် … "

"စံပယ် မင်း … "

"ကိုမိုးတိမ်ယံ ကျွန်မတို့ ထွက်သွားကြရအောင် … ဘဝသစ်တစ်ခုကို တူထောင်ကြရအောင် … "

"မင်း … မင်း … "

စံပယ့်ကို မိမိက ဘယ်လိုမှ ဖျောင်းဖျလို့မရဖြစ်နေသည်။

"ကိုယ်တောင်းပန်ပါတယ် စံပယ် … မင်းရှင်းပြပါ … ကိုယ်တို့ နောက်ဆုတ်လိုက်တာ အကောင်းဆုံးပဲ … "

"ပြဿနာက ဖြစ်ပြီးသွားပြီပဲ … ဖြေရှင်းလို့ မရတော့ဘူး ကိုမိုးတိမ်ယံနဲ့ စံပယ် ထွက်သွားကြတာ အကောင်းဆုံးပဲ"

"မင်းကို မခေါ်ဘူး … "

"ကိုမိုးတိမ်ယံ … "

"ငါတစ်ယောက်တည်းပဲ ထွက်သွားတော့မယ် … မင်းကို ငါဘယ်တော့မှ မခေါ်ဘူး … "

မိမိ …

ဒေါသတကြီးနှင့် ပြောမိသည်။

ခတ္တာညိုကလည်း မိမိကို မုန်းတီးစွာမပေါင်းနိုင်တော့ဘူးဟု ပြောခဲ့၏။

ပြဿနာက ညှိနှိုင်းမရတော့။



ဆိုးဝါးသွားရသည်။

စံပယ်က တစ်မျိုး။

"ကျွန်မကို မထားခဲ့ပါနဲ့ … ကျွန်မတောင်းပန်ပါရစေ … ကျွန်မကို ခေါ်သွားပါ … "

"စံပယ် … မင်း … မင်း ငါ့ကို မနှောင့်ယှက်ပါနဲ့ … ငါတို့အိမ်ထောင်ရေးကို ဖြိုခွဲတာ မင်းကျေနပ်ပါတော့နော် … "

"ကိုမိုးတိမ်ယံ … ကျွန်မလိုက်မယ် … ကျွန်မကို ထားမသွားပါနဲ့နော် … ကျွန်မတောင်းပန်ပါတယ် … ကျွန်မလိုက်ခဲ့ပါရစေ … "

"ဖြန်း … "

"ဟင် … "

မိမိဒေါသအလျောက် လွန်ကျူးမိသွားခဲ့သည်။

မထင်မှတ်ဘဲ ကလေးက တွေ့သွားတော့၏။

မိုးသောက်ကြယ် တွေ့သွားတာပဲ။

"အမေ ဒီလူကြီးက အမေ့ကို ဘာလို့ ရိုက်တာလဲ … ကျွန်တော် လိုက်ပြီးသတ်ရမလား … "

မိမိကြားလိုက်သည်။

သမီးလေးကိုခေါ်ပြီး သေလာမြိုင်ကနေ ထွက်လာခဲ့၏။

အဖြစ်အပျက်တွေက ရှုပ်ထွေးနေတော့သည်။

စံပယ်က ဖြေရှင်းမပေးခဲ့။

အမှားတွေ အားလုံးက သူ့အပြစ်တွေပဲ ဖြစ်သွားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ရှင်လူယုတ်မာကြီးပဲ ... ကျွန်မကို စည်းစိမ်ဥစ္စာတွေ
ပြီး ကျွန်မကို အရချိုင်တယ် ... ပြီးတော့ ကျွန်မညီ
နေတဲ့ မိန်းကလေးအပေါ် စော်ကားတယ် ... ဖျက်
တယ် ..."

ခတ္တာညိုက ရှုပ်စွဲသည်။

စံပယ်က မရှင်းခဲ့။

အပြစ်တွေအားလုံးက ဘူ့အပေါ်ပုံကျသွား
သည်။

စံပယ့်ကိုပဲ ခတ္တာညိုက ယုံခဲ့၏။

"စံပယ်က ရိုးသားတယ် ... ရှင်ဖြားယောင်းသွေး
တာပဲဖြစ်မယ် ... ရှင်တော်တော်ယုတ်မာကောက်ကျစ်
လူတစ်ယောက်ပဲ ... ရှင်ထွက်သွားစမ်း ... ဒီမှာ ခိုကပ်
လုံးဝစိတ်မကူးနဲ့ ..."

ခတ္တာညိုကို စိတ်နာပြီး သမီးနှင့်အတူ ထွက်လ
သည်။

မိမိကြိုးစားခဲ့၏။

ဘဝမှာ မခံချင်စိတ်တွေနှင့် အောင်မြင်အောင်
စားခဲ့သည်။

အောင်မြင်ခဲ့၏။

စံပယ်သေဆုံးသွားတာကိုလည်း မိမိသိသည်။

ခတ္တာညို တဖြည်းဖြည်းနှင့် စိတ်ဝေဒနာတွေ ခံ



ရတာကိုလည်း သိ၏။

မတတ်နိုင်တော့။

မိမိလေဖြတ်တဲ့အချိန်တွင် သမီးလေးကို မိခင်နှင့်
တွေ့စေလိုသည်။

စံပယ့်သား မိုးသောက်ကြယ်အပေါ် ပေးဆပ်မှုတစ်
ခုတော့ မိမိမလွဲမသွေ ပေးဆပ်သင့်သည်ဟု ထင်မိ၏။

ခတ္တာညိုက စံပယ့်သားနှင့် သမီးကိုလက်ထပ်ပေး
ပယ်ဆိုတာကို မိမိသိနှင့်ပြီးသားဖြစ်သည်။

ဘယ်တတ်နိုင်မလဲ။

သမီးကံပဲ။

အမှန်တရားဆိုတာ တစ်နေ့ကျရင် ကောင်းကျိုးချမ်း
သာတွေ ပေါ်လာမှာပါ။

မိမိပြန်မယ်။

သမီးက ပြဿနာတွေကို အေးချမ်းစွာ ဖြေရှင်းပေး
နိုင်မှာပဲဟု မိမိယုံကြည်သည်။

ခတ္တာညို ...

"ငါ့အပေါ် မင်းရဲ့အငြိုးအတေးတွေက သေဆုံးသွားတဲ့အထိ
ပါသွားပြီပဲ ..."

ဦးမိုးတိမ်ယံစိတ်ထိခိုက်ကြေကွဲမှုတွေ ခံစားနေရ
သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

ဒက်ဒီပြန်သွားသည်။

"သမီးပျော်သလောက်နေပါနော် ... စိတ်သောကတွေ သိပ်
ခံစားရရင်တော့ ... ဒက်ဒီ့ဆီပြန်လာခဲ့ပါ ... "

"ဒက်ဒီ ... "

"ဟင် ... "

"ကျန်းမာရေးကို ဂရုစိုက်ပါ ... ဒက်ဒီတစ်ခုခုဖြစ်ရင် သမီး
ဆီကို လှမ်းအကြောင်းကြားပါနော် ... "

"ဒက်ဒီ့အတွက် စိတ်အေးအေးထားပါ ... ဘာမှမဖြစ်ပါဘူး
ရောဂါကလည်း ဒီလိုပါပဲ ... အခြေအနေ အတော်လေး
တိုးတက်ပါတယ် သမီးရယ် ... "

ဒက်ဒီက စိတ်မချဖြစ်နေတဲ့ သမီးရှေ့မှာ ပြုံးရွှင်နေ
သည်။

ကျွန်မပြန်လိုက်သွားချင်ပေမဲ့ ကိုကိုက ရှိနေ၏။



မေမေဆုံးပြီးကတည်းက ကိုကို့မျက်ဝန်းတွေက
တင်းမာနေသည်။

ဒက်ဒီ့ကိုလည်း အရေးအရာမလုပ်။

မိုးဝသုန် စိတ်ညစ်နေရသည်။

"သမီးအတွက် ဘာမှမပူပါနဲ့နော် ... သမီးနေတတ်ပါတယ်
ဒက်ဒီ ... "

"သမီးရယ် ... "

လေးလေးကတော့ ဒက်ဒီ့ကိုပြန်ပို့ပြီး ပြန်လာမယ်
တဲ့။

ဒက်ဒီ့အနားမှာပဲ နေပါဟု ပြောတာ လက်မခံပေ။

"တူမလေးကို စိတ်မချဘူး ... လေးလေးပြန်လာမယ် ...
ဆေးတွေယူလာခဲ့ပါ့မယ် ... "

ဒီခြံကြီးထဲမှာ လူက လေးယောက်ပဲရှိနေသည်။

ကိုကို ...

ကျွန်မ ...

ဒဿနဲ့ ကာလု ... ။

ကိုကိုနှင့် ကိုကာလုရဲ့မျက်နှာက တင်းမာခက်ထန်
နေသည်။

ကိုဒဿက ဝသုန့်အပေါ် အကြင်နာရှိသေး၏။

အင်းလေ ...

ကျွန်မ ကိုကိုကျေနပ်အောင် နေရမှာပဲ။

"ဆရာလေးက စိတ်ဓာတ်တွေကျနေတယ် ... သူ့ဘဝမှာ

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း အခက်အခဲတွေ ... သောကတွေနဲ့ပဲ ရင်ဆိုင်နေ
တာလေ ... ”

ဆေးကုတော့လည်း လူသတ်သမားဘဝကို ရောက်
ရသည်။

ကျွန်မ ...

ကိုကို့ကို အားပေးချင်တယ်။

ကူညီချင်တယ်။

“ဆရာလေး ဆေးကုသခွင့်မလျှောက်တော့တာဘဲမိုးဝသုန်”

ကိုကိုရယ် ...

သနားလိုက်တာ။

ကျွန်မ ...

ရှင့်ကို ပြစ်ပယ်ပြီး ဘယ်ကိုမှမသွားနိုင်ပါဘူး။

“မိုးဝသုန် ... ”

“ရှင် ... ”

“ဆရာလေး အုတ်ဂူမှာပဲ ရှိနေတယ် ... မင်းသွားခေါ်ပါ”

ကိုကာလုက လာပြောသည်။

“ဟုတ်ကဲ့ ... ”

ကိုကိုက သူမအနားလာတာကို မနှစ်သက်ချင်တော့
အကြည့်တွေက အမြဲတမ်းတင်းမာနေတတ်လေ
သည်။

မေမေ့အုတ်ဂူ ...

ကိုကိုက ထိုအုတ်ဂူလေးနားမှာ အမြဲတမ်းထိုင်နေ



တတ်သည်။

မေမေ့အုတ်ဂူဆီ သူမရောက်သွားရ၏။

“မေမေ ... သား မိုးဝသုန်ကို မချစ်ဘူး ... မုန်းတယ် ...
အရမ်းမုန်းတာပဲ မေမေ ... ”

“ဟင် ... ”

ကိုကိုပြောနေတဲ့စကားတွေကို သူမကြားလိုက်ရ
သည်။

ခြေလှမ်းတွေ ရပ်သွားရ၏။

“ဦးမိုးတိမ်ယံရဲ့သမီးကို မုန်းတယ် ... ဦးမိုးတိမ်ယံရဲ့သမီးကို
ကျွန်တော် အရမ်းမုန်းတာပဲ ... ”

ဦးမိုးတိမ်ယံရဲ့သမီးကို မုန်းတယ်တဲ့။

မေမေ့ကြောင့်လား။

ဘာအကြောင်းတွေကြောင့် ကျွန်မကို မုန်းရတာလဲ
ကိုကို ... ။

“မေမေ ကျွန်တော်ကံမကောင်းဘူး ... ကံကြမ္မာတွေက
အမြဲတမ်း ဆိုးဝါးနေရပါတယ် မေမေ ... ”

“ဖျပ် ... ”

“ဖျပ် ... ”

သူမခြေလှမ်းတွေ ရွေ့လျားလိုက်၍ ကိုကိုက လှည့်
ကြည့်သည်။

“ကိုကို ... ”

“မင်း ဘာလာလုပ်တာလဲ ... ”

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို လာခေါ်တာပါ ..."

သူပြောနေတဲ့စကားတွေကို မိုးဝသုန်ကြားသွား
လား။

ကောင်းတယ်။

ကြားသွားလည်း ကောင်းတာပဲ။

မင်းစိတ်သောကတွေကို ခံစားစေချင်တယ်။

မင်းအဖေကြောင့် ငါ့အမေဘဝပျက်ရတယ်။

မေမေခတ္တာညို စိတ်သောကတွေ အရမ်းခံစားခဲ့
တယ်။

မင်းပေးဆပ်ရမယ်။

"ပြန်ရအောင် ..."

သူ ...

မေမေ့အုတ်ဂူသို့ နေ့စဉ်လာခဲ့သည်။

စိတ်သဘောထားပြည့်ဝတဲ့ မေမေ့ကို သူဘယ်လို
မေ့လို့ရ။

"သား ဘာမှအားမငယ်နဲ့နော် ... မေမေခတ္တာရှိတယ် ...
မေမေပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေက သားအတွက်ပဲ ..."

မေမေက သူ့နာမည်နှင့် စည်းစိမ်ဥစ္စာတွေကို ...
အပ်ခဲ့သည်။

သမီးအရင်း မိုးဝသုန်ကိုပင် မပေးခဲ့။

မိုးဝသုန် ...

မင်းကို ငါ အမုန်းဆုံးပဲ။



ငါပြောတဲ့စကားတွေကို မင်းကြားသွားလည်း ဘာ
ဖြစ်လဲ။

လုံးဝဂရုမစိုက်ဘူး။

မင်းကို မချစ်မနှစ်သက်တဲ့ယောကျ်ားတစ်ယောက်
ရဲ့ဇနီးဖြစ်နေရတာ မင်းဘဝတစ်လျှောက်လုံး ခံစားစမ်း။

"ပြန်ကြပါစို့နော် ကိုကို ..."

သူ ...

ထသည်။

မိုးဝသုန်က သူပြောတဲ့စကားတွေအတွက် စိတ်ဆိုး
ဟန်မပြ။

မျက်ဝန်းတွေက ပျော့နေသည်။

နူးညံ့နေ၏။

မင်းကိုငါက ခံစားစေချင်တာပါ။

"ကိုကို ..."

"ဟင် ..."

"ညနေစာတော့ ကိုကိုစားပါ ..."

"ငါ အရက်သောက်ချင်တယ် ..."

"မဖြစ်ဘူး ..."

"ဘာ ..."

"ကိုကို ဘာမှမစားရသေးဘူးလေ ..."

"မစားဘူးကွာ ... ငါအရက်ပဲ သောက်မယ် ... မင်းပြင်ပေး
စမ်းပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုကို ... အမြည်းတော့ များများစားပါနော် ကျွန်မ အားလုံးလုပ်ပေးပါ့မယ် ... "

သူ ...

ထိုင်နေသည်။

ရင်ထဲမှာ မွန်းကျပ်နေ၏။

ကံဆိုးတဲ့သူ ...

"ဒေါက်တာ ကျွန်မအဖေကို သတ်လိုက်တာပဲ ... ရှင်ဆေးထိုးအပ်သွင်းမှ အဖေသေသွားရတာ ... "

"အား ... "

သူ ...

အော်ပစ်သည်။

စိတ်တွေ ချောက်ချားလာရ၏။

"ကိုမိုးတိမ်ယံ ... ကျွန်မကို ပစ်မသွားပါနဲ့ ... "

"ဖြန်း ... "

"အမေ ... "

ကာလုရောက်လာသည်။

"ဆရာလေး ... "

"ဟင် ... "

"မိုးဝသုန်က မခံစားရဘဲ ဆရာလေးပဲ ခံစားနေရပြီလား"

"ကာလု ... ငါ့အတိတ်ကို ဘယ်လိုမှ မေ့မရဘူး ... ငါ့ဘဝမှာ ကံဆိုးခြင်းတွေပဲ ဘာလို့ကျရောက်နေရတာလဲ ... "

"ဆရာလေးစိတ်ထိန်းပါ ... "



ကာလုကတော့ ဆရာလေးစိတ်တွေကို ပြေပျောက်သွားစေချင်သည်။

"ဆရာလေး ခံစားနေရတာ အချိန်တွေ ကြာနေပါပြီ ... မိုးဝသုန်ရောက်လာပြီပဲ ... ကြောင်က ကြွက်ကိုကစားသလို ... ဖြည်းဖြည်းချင်းဆော့ကစားပစ်လိုက်စမ်းပါ ... "

ဦးမိုးတိမ်ယံကို ကာလုလည်း မုန်းတီးမိသည်။

သေလာမြိုင်ကို ကောင်းကောင်းမွှေနှောက်သွားတဲ့ လူတစ်ယောက်။

ဒေါ်လေးခတ္တာညိုရော၊ ဒေါ်လေးစံပယ်ရော ဘဝပျက်ရသည်။

စိတ်သောကတွေ ခံစားရ၏။

သေလာမြိုင်လည်း အတော်လေးခြောက်သွေ့သွားရသည်။

"မိုးဝသုန်ကို ဆရာလေးအသုံးချပါ ... မွန်းကျပ်နေတဲ့ စိတ်တွေကို ပြေပျောက်သွားအောင် ကြိုးစားပါ ... အရက်တွေ အရမ်းသောက်တာက ဆရာလေးဘဝကို ဖျက်ဆီးပစ်နေသလိုပါပဲ ... "

"ငါ့ဘဝကောင်းတာ တစ်ခုမှမရှိဘူး ကာလု ... ဆိုးဝါးတဲ့ ကံကြမ္မာတွေနဲ့ပဲ ရင်ဆိုင်နေရတယ် ... ငါ့လက်ထပ်ခဲ့ရတဲ့ မိန်းမက ငါ့အမုန်းဆုံး ဦးမိုးတိမ်ယံရဲ့သမီး ... "

"ဆရာလေးကို ပေးဆပ်ဖို့ မိုးဝသုန်ရောက်လာတာပဲ"

သူ ...

www.burmeseclassic.com

www.burmeseclassic.com



စိတ်သောကတွေ ခံစားနေရသည်။

စည်းစိမ်ချမ်းသာတွေရှိနေပေမဲ့ အပူသောကတွေ ရှိ၏။

ဘယ်လိုဖြေဖျောက်ရမလဲ။

မမေ ခေတ္တာညို သေဆုံးသွားရတာပဲ သူ့ ... အတွက် အင်အားတွေဆုတ်ယုတ်ရသည်။

မိုးဝသုန်ကြောင့်ပဲ။

ဦးမိုးတိမ်ယံက သမီးကို အမွေတွေရဖို့ လွှတ်လို ... တာပဲ။

"ကိုကို ... "

"ဟင် ... "

"စားစရာတွေရပါပြီ ... "

"မင်း အရက်ငှဲ့ပေးစမ်း ... "

မိုးဝသုန်ကလည်း တကယ့်ကို ရိုကျိုးတဲ့မိန်းက ... ဖြစ်နေသည်။

အရက်ငှဲ့ပေးနေ၏။

"ကိုကို အမြည်းတွေကို များများစားပါနော် ... "

"မိုးဝသုန် ... "

"ရှင် ... "

"မင်း ဒီသေလာမြိုင်မှာ ဘာဖြစ်လို့ ကပ်နေရတာလဲ ... အမွေတွေကြောင့်လား ... အမွေတွေအားလုံးက ငါ့နာ ... တွေပဲ ... မင်းကိုလုံးဝမပေးနိုင်ဘူးနော် ... "



"ကျွန်မ ဘာမှမလိုချင်ပါဘူး ... ရှင့်အတွက်ပဲ ကျွန်မပေးဆပ်ချင်တာပါ ... "

"ဘာ ... "

"ရှင် ကျွန်မကို မုန်းနေတယ် မဟုတ်လား ... ဘာဖြစ်လို့ မုန်းနေတာလဲဆိုတာ ကျွန်မသိချင်တယ် ... "

"မင်းသိဖို့ မလိုပါဘူး ... "

"ကျွန်မ ဒက်ဒီကြောင့် ရှင်က မုန်းနေတာ မဟုတ်လား"

"မိုးဝသုန် ... "

"ရှင် ... "

"မင်း ငါ့အနားက သွားတော့ ... "

"ကျွန်မဒက်ဒီမှာ ဘယ်လိုပြစ်မှုမျိုးတွေရှိလည်းဆိုတာ ... ကျွန်မသိချင်တယ် ... "

"မပြောနိုင်ဘူး ... "

"ပြောပြပါ ကိုကို ... "

"မပြောနိုင်ဘူး ... "

"ကျွန်မ ... "

"မင်းသွားတော့ ... "

"ကိုကို့ကို စိတ်မချဘူး ... "

"မင်းထွက်သွား ... "

သူ ... အော်ဟစ်မိသည်။

မိုးဝသုန်ကိုမြင်တိုင်း ဒေါသတွေက ပေါက်ကွဲချင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကိုမေ့ပစ်လို့ မရ။

"ဆရာလေးက ကိုယ့်စိတ်တွေကို ဖိစီးနေတာပဲ ... "

ပြောမရ။

သူ့စိတ်တွေကို အမြဲတမ်းဖိစီးနေစေသည်။

မိုးဝသုန် ထွက်သွားသည်။

အမွေတွေကို အပိုင်စီးထားရတာကပင် သူ့စိတ်တွေကို မလုံမလဲဖြစ်ရသည်။

"မိုးဝသုန် ... မင်းရှိနေတာ ငါ့စိတ်တွေ ပိုပြီးချောက်ချားလာရသလိုပဲ ... "

မိုးဝသုန်ကတော့ အိပ်ခန်းထဲဝင်လာပြီး ငိုမိသည်။

ကိုကိုရယ် ...

ကျွန်မကို ဘာဖြစ်လို့များ မုန်းတီးနေရတာလဲ။

အမွေအတွက် ကျွန်မကိုကို့အနားမှာကပ်နေတာ မဟုတ်ပါဘူး။

"သမီးနေပါ ... မောင်မိုးသောက်ကြယ် ကျေနပ်တဲ့အထိ နေပါ ... "

ဒက်ဒီ့မှာ မေမေ့အပေါ် ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေရှိမှာပါပဲ။

ဘာကြောင့်လဲဟင်။

မေမေက ဘာဖြစ်လို့စိတ်နာရတာလဲ။

ကိုကို သူမကိုမုန်းတီးနေတာလည်း ဒက်ဒီ့ပြစ်မှုတွေကြောင့်ပဲဖြစ်မှာပါ။



ငိုမိသည်။

ကြေကွဲထိခိုက်မှုတွေ ခံစားနေရ၏။

"မေမေ ကျွန်မခံစားနေရပါပြီ ... စိတ်သောကတွေ ကျွန်မအရမ်းခံစားနေရပါတယ် ... ဒက်ဒီတစ်ချိန်က နှိပ်စက်ညှဉ်းပန်းခဲ့တာတွေကြောင့်ပဲ မဟုတ်လား ... "

ကိုကိုဝင်မလာပေ။

သူမစိတ်ပူမိနေသည်။

အပြင်ဘက်မှာ အရမ်းအေးစက်နေတာ သူမသိ၏။

"မေမေ ... ကိုကို ကျွန်မကို မုန်းနေတယ် ... မေမေကတော့ သမီးလေးကို စောင့်ရှောက်ပါလို့ ပြောခဲ့တယ် မဟုတ်လား ကိုကိုက ကျွန်မကို အရမ်းမုန်းနေတယ် ... "

ညဉ့်နက်လာတော့ သူမအပြင်ထွက်ပြီး ကိုကို့ကို ခေါ်သည်။

လူမှန်းမသိတော့။

"ကိုကို ... "

"သွားစမ်း ... မင်းကိုငါ အရမ်းမုန်းတယ် ... "

အော်ဟစ်နေသည်။

"သမီးမနေနိုင်တဲ့အခြေအနေမျိုးရောက်လာရင် ဒက်ဒီ့ဆီကို ပြန်လာခဲ့ပါ ... "

ဒက်ဒီ ...

နေမကောင်းဘူး။

လေဖြတ်ထား၍ ဒုက္ခိတဘဝရောက်နေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက် စိတ်သောကတွေ ရောက်နေရမှာပါပဲ။

အမွေအတွက် ကျွန်မလာနေတာဟုထင်နေတဲ့ ကိုကို့စိတ်တွေကို ပြုပြင်ပေးချင်သည်။

ကျွန်မမှာ အမွေတွေ အများကြီးပါ။

ချမ်းသာကြွယ်ဝတဲ့ ဖခင်တစ်ယောက်ရဲ့တစ်ဦးတည်းသောသမီးလေ။

အရင်ကတော့ မေမေရှိလို့ ကျွန်မ သေလာမြိုင်မှာနေတာပါ။

အခုတော့ ...

ကိုကို့ကို ချစ်လို့ ...

အမူးလွန်နေတဲ့ ကိုကို့ကို စိတ်ပူစွာ ကြည့်နေမိသည်။



## အခန်း(၁၆)

ကိုကို့အနားမှာ ထိုင်နေမိသည်။

အမူးလွန်နေတဲ့ ကိုကို တစ်ခုခုဖြစ်သွားမှာကို စိတ်ပူနေမိ၏။

"ကိုကို ..."

"ကိုကို ..."

လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေသည်။

ဘုရားရေ ...

ကိုကို ဘာဖြစ်နေရတာလဲ။

"ကိုကို ..."

သူမ ...

စိတ်ပူနေမိသည်။

ကိုကိုအရက်အမူးလွန်နေတာလား။

"ကိုကို ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့နဖူးကို စမ်းကြည့်တော့ အပူရှိန်မြင့်တက်နေ
သည်။

ညက ...
အအေးပတ်ပြီထင်တယ်။
ဒုက္ခပါပဲ။
ကျွန်မ ဘယ်လိုလုပ်ရမလဲဟင်။

"ကိုကို ... "
"ကိုကို ... "

ကိုကိုသည် မလှုပ်မယှက်ငြိမ်သက်စွာ အိပ်ပျော်နေ
သည်။

ကိုယ်တွေပူနေ၍ ကျွန်မစိတ်ပူမိလာရ၏။
ရေပတ်တိုက်ပေးသည်။
ကိုကိုမနိုးပေ။
သူမ ...
အပြင်သို့ ထွက်လာခဲ့သည်။
အောက်ထပ်က ကိုကာလုအခန်းကို ရောက်လာ
၏။

"ကိုကာလု ... "
"ကိုကာလု ... "
"ဟင် ... "
"ထပါဦး ... ကိုကိုအရက်မူးလွန်နေတယ် ... ကိုယ်ပေါ့
လည်း ပူနေတယ်လေ ... "



"ဟင် ... "
"ဘယ်လိုလုပ်ရမလဲ ... ကျွန်မစိတ်တွေ အရမ်းပူတာပဲ"
ကိုကာလုလိုက်လာသည်။
"မင်းကြောင့် ဆရာလေးစိတ်ညစ်နေတာပဲ မိုးဝသုန် ... "
ကာလုက ပြောလိုက်သည်။
ဦးမိုးတိမ်ယံရဲ့သမီးကို သူမုန်းတီးမိနေသည်။
ဒေါ်လေးခတ္တာညိုနှင့် ဒေါ်လေးစံပယ်အတွက်ပဲ
ရ၏။

"မင်းဘာဖြစ်လို့ ဒီကိုရောက်လာရတာလဲ ... "
မိုးဝသုန်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ရ
။ ဦးမိုးတိမ်ယံရဲ့သမီးကို မုန်းတီးနာကြည်းနေမိသည်။
သေလာမြိုင်ရဲ့ပျော်ရွှင်ချမ်းမြေ့မှုတွေကို ဆိတ်သုဉ်းရ
ဦးမိုးတိမ်ယံကြောင့်ပဲဖြစ်၏။

"မိုးဝသုန် ... "
"ရှင် ... "
"မင်းကြောင့် ဒေါ်လေးခတ္တာညိုလည်း ဆုံးရပြီ ... ဆရာလေးလည်း အရက်ကို အရမ်းသောက်နေတယ် ... "
"အဲဒါတွေ နောက်မှပြောပါ ... ကိုကို့အတွက် ဘာလုပ်ရင်ကောင်းမယ်ဆိုတာ စဉ်းစားပေးပါဦး ... "
သူမ ...
ချမ်းသာကြွယ်ဝတဲ့သူဌေးသမီးလေးတစ်ယောက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ...

သေလာမြိုင်ရဲ့အရှင်သခင်မလေးပဲ။

ကိုကာလုက အစေအပါး။

ကိုကို့အရှိန်အဝါတွေနှင့် သူမအား တင်းမာစွာ ဆ...

ဆံပြောဆိုနေသည်။

ကိုဒဿလိုမဟုတ်။

ကိုကာလုကလည်း သူမအား မုန်းတီးနေပုံပင်။

"ကျွန်မတို့ ဆရာဝန်ကိုလိုက်ရှာရင် ကောင်းမလားဟင် ..."

"ဒီမှာ ဆရာဝန်မရှိဘူး ... အဝေးကြီးသွားရမှာပဲ ... ပြ... ရောက်လာမှ ဆရာလေး အရက်တွေအလွန်အကျွံသော... တာပဲ ... "

မေမေသေဆုံးသွားတာကို ဖြေလို့မရအောင် ကို...

ခံစားနေရသည်။

ဝသုန်လည်း ခံစားရတာပါပဲ။

မေမေနှင့် တွေ့ဆုံတာမကြာခင် မေမေနှင့် ပြ...

သည်။

ထာဝရပါ။

သမီးမှာ အမေရှိတယ်ဆိုတာကို ဒက်ဒီဘယ်တော့...

မပြောခဲ့။

"သေလာမြိုင်ကိုပဲ သမီးသွားပါ ... ဟိုရောက်ရင် အ... အနေအားလုံးကို သမီးသိမှာပါ ... "

ဒက်ဒီက ပြောခဲ့သည်။



သေလာမြိုင်မှာ သူမရောက်တော့ တွေ့ဆုံရတဲ့သူက မေမေ ... ။

"မေမေ့သမီးလေးပါလား ... မေမေအရမ်းဝမ်းသာလိုက်တာကွယ် ... မေမေ မတွေ့ရတော့ဘူးလို့ ထင်နေတာပါ"

မေမေရဲ့ နွေးထွေးစွာ ဆီးကြိုမှုတွေကို သူမသိလိုက်ရသည်။

သမီးအနာဂတ်အတွက် မေမေစိစဉ်ပေးချင်တာတွေက များနေ၏။

စောင့်ရှောက်ပေးလိုသည်။

မေမေမစောင့်ရှောက်နိုင်တော့။

သူမကို တွေ့ရလေ မေမေအတိတ်ကို မမေ့နိုင်လေဖြစ်ရသည်။

"မင်းထွက်သွားပါ ... ဆရာလေးကို ကျုပ်ပဲ ပြုစုမယ် ..."

"ထွက်မသွားနိုင်ပါဘူး ... ကိုကို့အနားမှာ ကျွန်မနေပါရစေ"

"ဒါဆိုလည်း နေ ... ကျုပ်ကတော့ ဘာမှမတတ်နိုင်ဘူး"

"ကိုကာလု ... "

ကိုကို့အကြောင်းတွေကို သူမက ဘာမှမသိပေ။

ကိုကာလုတို့က အသိဆုံးပါ။

"ကျွန်မထွက်ပေးမယ် ... "

သူမ ...

ထွက်လာခဲ့သည်။

"တူမလေး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လေးလေး ... "

"ဘာဖြစ်လို့ ဧည့်ခန်းထဲမှာ ထွက်ထိုင်နေရတာလဲ ... "

"ဟို ... ဟို ... ကိုကို အရက်တွေ အမူးလွန်နေတယ် ... ကျွန်မ ဘာမှမလုပ်တတ်လို့ပါ ... "

"ဟင် ... "

"အခန်းထဲမှာ ကိုကာလုရှိနေတယ်လေ ... "

"ဝသုန် ... "

"ရှင် ... "

"တူမလေး ဘာဖြစ်လို့ ဒုက္ခတွေခံနေရတာလဲ ... "

"ရှင် ... "

"ရန်ကုန်ကိုပြန်ရအောင်နော် ... "

လေးလေးသည် တူမအတွက် အမြဲတမ်းစိတ်ပူေ တတ်သည်။

ကျန်းမာရေးမကောင်းတဲ့ကြားမှ တူမကိုစောင့် ရှောက်နေ၏။

"ဘာဖြစ်လို့ ဒီမှာလာပြီး ဒုက္ခခံနေရတာလဲ ဝသုန် ... ရန်ကုန်ကို ပြန်ကြရအောင် ... "

"ဝသုန်မပြန်ချင်သေးပါဘူး လေးလေး ... ဝသုန်က အိ ထောင်ရှင်မဖြစ်နေပါပြီ ... "

သေလာမြို့မှာ တူမလေးမိုးဝသုန် အနှိမ်ခံရသည်ပ ထင်မိသည်။ ကာလုဆိုတဲ့ကောင်ရဲ့မျက်နှာကလည်း တင်းမာ‌ေ ၏။



မိမိ မကြိုက်မိ။

သေလာမြို့က တူမလေးရဲ့အမွေပစ္စည်းပဲ။

သူတို့လင်မယားကြား မင်းဝင်မပါနဲ့ဟု အစ်ကိုကြီး က မှာထားသည်။

"လေးလေး ... သွားအိပ်ပါ ဝသုန် ဘာမှမဖြစ်ပါဘူး ... "

"တူမလေး ... "

"ရှင် ... "

"အခန်းထဲ ပြန်ဝင်တော့ ... လာ လေးလေးလိုက်ပို့မယ် မောင်မိုးသောက်ကြယ် ဘာတွေဖြစ်နေတယ်ဆိုတာကို လည်း ကြည့်ရမယ် ... "

"လေးလေး ... "

"တူမလေး အသာနေစမ်းပါ ... ဒီသေလာမြို့ရဲ့အရှင်သခင် က တူမလေးပဲ ... "

"လေးလေး ... "

"လာစမ်းပါ ... "

လေးလေးက သူမလက်ကိုဆွဲပြီး ... အပေါ်ထပ်သို့ ခေါ်လာသည်။

အခန်းထဲရောက်တော့ ကိုကိုသတိရနေ၏။

ကိုကာလု ဆေးထိုးလိုက်ပုံပဲ။

"ကျုပ်သွားတော့မယ် ဆရာလေး ... "

ကိုကာလုထွက်သွားသည်။

မျက်နှာထားက တင်းမာခက်ထန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးသောက်ကြယ် ဘယ်လိုနေသေးလဲ ... "

လေးလေးကို ဟက်ဟက်ပက်ပက်မဆက်ဆံပေ။

မျက်လုံးတွေကို မှိတ်ထားသည်။

လေးလေးအတွက် ဝသုန်မျက်နှာပူသွားရ၏။

ကိုကိုက လေးလေးကို စကားမပြောချင်တာလား။

လူမှုရေးအရပင် မပြောခဲ့။

လေးလေးပြန်ထွက်သွားသည်။

"မင်းဦးလေး ငါ့ကို စကားလာမပြောစေပါနဲ့ မိုးဝသုန် ... "

"ရှင် ... "

"မင်းဦးလေးကို ပြန်ပါစေ ... "

"လေးလေးက ကျွန်မကို စိတ်မချလို့ပါ ... "

"ကျန်းမာရေးလည်း မကောင်းဘူး ... ပန်းနာရင်ကျပ်သ...

မင်းအတွက် ရသင့်ရထိုက်တာတွေ မရမှာစိုးလို့လား ...

"အို ... လေးလေးနေတာ ကျွန်မကို စိတ်မချလို့ တ...

တည်းပါ ကိုကို ... စည်းစိမ်ဥစ္စာတွေနဲ့ ဘာမှမဆိုင်ပါ...

သူမ ...

ရှင်းပြနေသည်။

သူကတော့ ဦးမိုးစင်ရော်ရှိနေတာ စိတ်အနေ...

အယုက်ဖြစ်ရ၏။

မနေစေချင်ပေ။

"ပြန်ခိုင်းလိုက်ပါ ... "

သူ ...



မတွေ့လိုပေ။

မိုးဝသုန်ကိစ္စတွေမှာ ဝင်စွက်ဖက်နေသည်ဟု ထင်မိသည်။

"သေလာမြိုင်ရဲ့အရှင်သခင်မက မင်းပဲထင်ပြီး နေရာတကာဝင်စွက်ဖက်နေတာလား မိုးဝသုန် ... "

"မဟုတ်ပါဘူး ကိုကို ... လေးလေးကို ကျွန်မပြန်ခိုင်းပါ့မယ်

ကျွန်မကိုငယ်ငယ်လေးကတည်းကလေးလေးစောင့်ရှောက်လာတာပါ ... "

"မင်း အခုအိမ်ထောင်ကျနေပြီပဲ ... "

"ကျွန်မ သိပါတယ် ... "

လေးလေးကို ပြန်ခိုင်းရမယ်။

ကိုကိုမကြိုက်တဲ့အလုပ်တွေကို ကျွန်မရှောင်တာကောင်းဆုံးပါပဲ။

"သားက စိတ်သဘောထားပြည့်ဝပါတယ် သမီးရယ် ... ဘဝရဲ့ လောကဓံတွေ ရိုက်ခတ်မှုကြောင့် စိတ်ရှုပ်ထွေးနေရှာတယ်လေ ... "

ကိုကို့ကို သနားမိသည်။

နားလည်ခွင့်လွှတ်မိ၏။

ကျွန်မ ...

ကိုကို့ကို ချစ်တယ်။

"မင်းလေးလေးက ကာလုကိုလည်း တင်းတင်းမာမာဆက်ဆံနေတယ်နော် ... ကာလုက နှစ်ပေါင်းများစွာ ဒီမှာနေ...

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စတွေကို စီမံလာတာပဲ ... ”

သူမအပေါ် ဆက်ဆံရေးတင်းမာသည်ဟု ထင်၏။

“ကိုကို စိတ်အနှောင့်အယှက်ဖြစ်မှာတွေကို ကျွန်မဖယ်ပစ်မှာပါ ကိုကိုရယ် ... ”

ကိုကိုနေကောင်းသွားတာ မြန်လိုက်တာဆို၊ ငါတမင်မထူးချင်လို့ ငြိမ်နေတာတဲ့။

ဖြစ်မှဖြစ်ရလေ ကိုကိုရယ်။

ကျွန်မ ဒီလောက်အထိ စိတ်ပူနေတာပဲ။

ရှင်က တမင်ငြိမ်သက်နေတာတဲ့။

“ကျွန်မစိတ်တွေ အရမ်းပူနေတာများ ကိုကိုရယ် ... ”

သူ ...

တမင်ငြိမ်သက်နေတာပါ။

အမူးလွန်တာရော၊ အအေးပတ်ပြီး ဖျားချင်နေရော၊ ခံစားနေရပေမဲ့ သတိတော့ လစ်မသွားခဲ့ပေ။

မိုးဝသုန်ခေါ်နေတာကို သိသည်။

တမင်ငြိမ်သက်နေတာပါ။

ကာလုဝင်လာသည်။

မိုးဝသုန်ကို ပြောဆိုနေတာတွေလည်း သိနေသူဖျားနေသည်။

ကာလုကို ဆေးစပ်ပြီး တိုးခိုင်းလိုက်၏။

“ဟိုလူ ဦးမိုးစင်ရော်က ကျုပ်ကို မလိုလားသလိုဘဲ ...



လေး ... အကြည့်တွေက မလိုလားသလိုဘဲ အမြန်ပြန်ခိုင်းလိုက်ပါ ... ”

မိုးဝသုန် ...

မင်း ဘာဖြစ်လို့ စိတ်သဘောထားတွေ ဖြူစင်နေရတာလဲ။

ငါ့အနားမှာ ဘာဖြစ်လို့များ အောက်ကျို့နေရတာလဲ။

သေလာမြိုင်ကလည်း မင်းအမွေပဲ။

ဦးမိုးတိမ်ယံကိုယ်တိုင်ကလည်း ချမ်းသာကြွယ်ဝတဲ့လူတစ်ယောက်။

မင်းပေးဆပ်နေတာလား။

သူ ...

မျက်လုံးတွေကို မှိတ်ထားလိုက်မိသည်။

မိုးဝသုန်လည်း သူ့ဘေးမှာ ဝင်အိပ်သည်။

ငါ့ဘဝတွေ ဘာဖြစ်လို့များ အဆင်မပြေမှုတွေနဲ့ပဲ ရင်ဆိုင်နေရတာလဲ။

ငယ်စဉ်လေးကတည်းကပဲလေ။

အဲဒါ ဘာကြောင့်လဲ။

အိမ်ထောင်ရေးမှာလည်း မချစ်တဲ့မိန်းမကို လက်ထပ်ရတယ်။

ဘဝတစ်လျှောက်လုံး ကံမကောင်းခြင်းတွေပဲ ရှိနေတော့မှာလား။

www.burmeseclassic.com

www.burmeseclassic.com



ကာလုကတော့ မိုးဝသုန်ကို နှိပ်စက်ပစ်တဲ့။

အတိတ်က အရိပ်တွေကို ဖယ်ရှားနိုင်တဲ့နည်းလမ်းတဲ့။

သူ့ဘဝတွေက နာကြည်းစရာတွေနှင့် ပြည့်နှက်နေတာတော့ အမှန်ပဲဖြစ်သည်။



## အခန်း(၁၇)

"ဆရာလေး ..."

"ဟင် ..."

"ဆရာလေးဘဝမှာ အမြဲတမ်း စိတ်သောကတွေနဲ့ပဲ ရင်ဆိုင်ဖြတ်သန်းသွားတော့မလား ..."

ဒသာ ...

ကြည့်မနေနိုင်တော့။

မိုးဝသုန်က အပြစ်မဲ့တဲ့ မိန်းကလေးဆိုတာ ဒသာ သိနေသည်။

သေလာမြိုင်မှာ ပြဿနာတွေ တက်ခဲ့တာတော့ အမှန်ပဲ။

ဒသာ သိပ်မသိခဲ့။

သူက ခြံစောင့်ပဲ။

အိမ်တွင်းရေးတွေကို သိပ်မသိခဲ့ရ။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာတွေက ပြီးခဲ့ပြီပဲ ဆရာလေး ... မိုးဝသုန်မှာလည်း
အပြစ်မရှိပါဘူး ..."
"ဒဿ ... မိုးဝသုန်မှာ အပြစ်မရှိပါဘူးလို့ မင်း ဘာဖြစ်လို့
ပြောရတာလဲ ... မိုးဝသုန်က ဦးမိုးတိမ်ယံရဲ့ သမီးပဲ ..."
"ပြစ်မှုကျူးလွန်တာ မိုးဝသုန်မှ မဟုတ်တာဘဲ ဆရာလေး"

သူ ...

ဒဿကို ကြည့်မိသည်။

ကာလု ...

ဒဿ ...

သူ ...

သေလာမြိုင်ခြံကြီးထဲမှာ အတူတူ ကြီးပြင်းလာခဲ့
သူတွေ။

တစ်ယောက်အပေါ် တစ်ယောက် စေတနာထား
ကြသည်။

ဒဿက ရုပ်ဆိုး၏။

စိတ်သဘောထား ဖြူစင်သည်။

"ဆရာလေး သောကတွေကို မခံစားစေချင်လို့ပါ ..."
"ငါ့သောကတွေက ဘယ်တော့မှ ပြေပျောက်သွားမှာ
မိုးဝသုန်ကို ငါ ချစ်လို့မရဘူး ... မုန်းနေတယ် ..."
"ကွာရှင်းလိုက်ပါ ..."
"မကွာဘူး ဒဿ ... မိုးဝသုန်က ဦးမိုးတိမ်ယံရဲ့ သမီး
ငါ့ကို ပေးဆပ်ရမယ်လေ ..."



သူ ...

မိုးဝသုန်ကို စိတ်သောကရောက်စေလိုမိသည်။

နည်းနည်းမှ အရေးမစိုက်ခဲ့။

မိုးဝသုန် ...

မင်း ဟန်ဆောင်နေတာလား။

ငါ့ကို အရမ်းချစ်မြတ်နိုးတဲ့ အမူအရာတွေ ပြနေတာ
လား။

"ဒဿ ..."
"ဟင် ..."
"ငါ့ကိစ္စထဲမှာ မင်း ဝင်မပါ,ပါနဲ့ ..."
"ဆရာလေး ..."
"ငါ့အတွက် မိုးဝသုန်က ကြွက်ပဲ ... ကြောင်စိတ်တိုင်းကျ
ဆော့ကစားဖို့ ကြွက်လေးရထားတာလေ ..."
"ဆရာလေးပဲ စိတ်သောကတွေ ရောက်ရမှာပါ ... ဘဝကို
ပြုပြင်ပြောင်းလဲပစ်သင့်ပါတယ် ..."

ဒဿ ...

ထွက်လာခဲ့သည်။

ဆရာလေး မှားနေပြီ။

မိုးဝသုန်ကို ဆက်ပေါင်းနေရင် ဆရာလေး စိတ်
သောကတွေ ဆက်ပြီးခံစားနေရမှာပါပဲ။

မဖြစ်စေချင်တော့ဘူး ...။

ဒဿက လူကြမ်းရုပ်ကြမ်းဖြစ်ပေမဲ့ စိတ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သည်။

ခံစားတတ်၏။

မိုးဝသုန်ကို သနားနေမိသည်။

မိန်းမချောလေး မိုးဝသုန်ရော၊ ဆရာလေးရော စိတ်သောက ဝေဒနာတွေ မခံစားစေချင်တော့ပါဘူးလေ။

ဘဝကို ပြန်စစေချင်တယ်။

သေတဲ့လူလည်း သေပြီပဲ။

မီးဖိုခန်းထဲမှာ မိုးဝသုန် မနက်စာအတွက် ပြင်ဆင်နေသည်။

ကာလုရော ...

မဆီမဆိုင် မိုးဝသုန်ကို ကာလုက မုန်းတီးနေပုံပင်။

"မင်း ဘာမှမသိရင် အသာနေစမ်းပါ ဒဿ ... ဆရာလေးကိစ္စပဲ ... ဘာမှဖျောင်းဖျစရာ မလိုဘူး ... "

ကာလုကို ပြောကြည့်တော့လည်း တင်းမာစွာ ငြင်းဆန်ခဲ့သည်။

"မိုးဝသုန် ... "

"ရှင် ... ကိုဒဿ ... "

"မင်း အလုပ်တွေ အရမ်းများနေရင် ငါ ဝင်ကူပေးမယ်"

"ရပါတယ် ... ကျွန်မ မနက်စာစီစဉ်နေတာပါ ... ဒါအိမ်ရှင်၏ အလုပ်ပဲလေ ... "

ကိုဒဿက ရုပ်ရည်ကြမ်းတမ်းပေမဲ့ စိတ်သဘောထား ဖြူစင်သည်ဟုထင်သည်။



"ခွင့်ယူထားတဲ့ အိမ်ဖော်သားအမိ ပြန်လာမှာပါ ... "

"ရပါတယ် ကိုဒဿ ... ကျွန်မ ကိုကို့ကို ပြုစုယုယပေးချင်ပါတယ် ... ကိုကို့ရင်ထဲမှာ ရှိနေတဲ့ ဒေါသတွေကို ဖယ်ရှားပေးချင်တယ် ... "

"ကျုပ်လည်း ဒီလိုဆန္ဒတွေ ရှိနေပါတယ် ... "

"ကိုဒဿ ... "

"ပြောပါ ... "

"အတိတ်က သေလာမြိုင်မှာ ဘာတွေဖြစ်ခဲ့လဲ ... "

"ငါ မသိဘူး ... "

"ဟင် ... "

"သေလာမြိုင်အကြောင်း ငါ ဘယ်တုန်းကမှ မစပ်စုခဲ့ဘူး... အဖေကမကြိုက်လို့ ... "

ကိုကာလုကိုတော့ မိုးဝသုန် မမေးရဲခဲ့ပေ။

သူမအား မျက်နှာထားတင်းတင်းနှင့် ဆက်ဆံတတ်သည်။

ဒီမှာ ...

ကိုကာလုက - အိမ်တော်စိုးကြီး။

ကိုဒဿက ခြံစောင့်။

"ထမင်းဟင်းတွေ ချက်ပေးတဲ့ သားအမိနှစ်ယောက် ရှိပါတယ် ... ခွင့်ယူပြီး တောပြန်သွားလို့လေ ... "

"ဝသုန် လုပ်နိုင်ပါတယ် ... အိမ်မှာ ဘာမှမလုပ်ရပေမဲ့ ဝသုန်က အိမ်ထောင်ကျသွားပြီပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"မမိုးဝသုန် ..."
"ရှင် ..."
"မင်း ပြန်ပါ ..."
"ရှင် ..."
"ဆရာလေးရော မင်းရော အားလုံး ကောင်းဖို့အတွက် မင်း ပြန်သင့်တယ် ..."
"မပြန်ဘူး ..."
"ဒီမှာ မင်းနေဖို့ ကောင်းတဲ့အခြေအနေ မရှိနိုင်တော့ဘူး"
"ကျွန်မ နေမယ် ..."
"မင်းအတွက်ပါ ..."
"မေတ္တာဆိုတာ အသွားအပြန် ရှိပါတယ် ..."

ကျွန်မ ယုံတယ် ကိုဒဿ။

ကိုကို့ကို ကျွန်မ ချစ်တယ် ... ။

မေတ္တာဆိုတာ အသွားအပြန်တွေတော့ ရှိနိုင်ပါသေးတယ်။

စားစရာတွေပြင်သည်။

ကိုဒဿက ဝိုင်းကူနေ၏။

သူမအပေါ် စေတနာ အထားဆုံးက ကိုဒဿပါပဲ။

ကိုကို့ကိုတော့ ဝသုန် မစွန့်လွှတ်နိုင်ဘူး။

ဒက်ဒီကြောင့် အတိတ်က ဆိုးဝါးတဲ့အဖြစ်အပျက်တွေ ရှိနေနိုင်သည်။

ကျွန်မ ...



ခြေဖျက်ပစ်ရမယ်။

ကိုကို့ဘဝကို ပျော်ရွှင်ချမ်းမြေ့မှုတွေ ရလာအောင် ကျွန်မ ကြိုးစားမယ်။

"ကိုဒဿ ရှင်ထွက်သွားပါ ... ကျွန်မ လုပ်နိုင်ပါတယ်"

"ကောင်းပါပြီ မိုးဝသုန် ... မင်းရှိနေချင်းက သေလာမြိုင်မှာ ဆိုးဝါးတဲ့ အခြေအနေတွေပဲ ဖြစ်ပေါ်လာနိုင်တယ်ဆိုတာ မင်း သိထားပါနော် ..."

ကိုဒဿ ထွက်သွားသည်။

"ဟင်း ..."

သက်ပြင်းမောကြီးကို ပြင်းပြစွာဖြင့် မှုတ်ထုတ်ပစ်လိုက်မိသည်။

စိတ်မောလိုက်တာ။

မတတ်နိုင်ဘူးလေ။

ကိုကို့အနားကနေ ကျွန်မ ထွက်ခွာဖို့ဆန္ဒ ကျွန်မမှာ မရှိနေပေ။

အချစ်ဆိုတာကို ကျွန်မ စဉ်းစားနေမိသည်။

ကိုကို့ကို ချစ်တယ် ... ။

ဘာကြောင့်လဲ ...

ကျွန်မအပေါ် နည်းနည်းမှ ချစ်ခြင်းမေတ္တာ မရှိတဲ့ ကိုပါ။

"တူမလေး ..."
"ရှင် လေးလေး ..."

www.burmeseclassic.com

www.burmeseclassic.com



"မီးဖိုခန်းထဲ ကိုယ်တိုင်ဝင်နေရလားကွယ် ... "
"ဟုတ်ကဲ့ ... "
"မိုးဝသုန် ... "
"ရှင် ... "
"လေးလေးတို့ ပြန်ကြရအောင်ပါကွယ် ... "
ဒက်ဒီ့ကို ပို့ပြီး လေးလေး ချက်ချင်းပြန်လာခဲ့သ
သူမကို စိတ်မချ၍ ဖြစ်၏။
တွေ့သမျှ လူတွေက ပြန်ဖို့ပဲ ပြောနေခဲ့ကြ၏။
"မပြန်ဘူး လေးလေး ... ဝသုန်က လူလွတ်မှ မဟုတ်
တာ ... အိမ်ထောင်ရှင်လေ ... "
"မင်းကိုမှ မိုးသောက်ကြယ်က မချစ်တာဘဲကွယ် ...
"လေးလေးရယ် ... ကျွန်မကို ပြန်ဖို့မပြောပါနဲ့တော
လေးလေးပဲ ပြန်ပါ ... ဝသုန့်ကို စိတ်ချပါ ... "
"စိတ်မချပါဘူး ... "
"လေးလေး ... "
"တူမလေး ဘယ်တုန်းက ဒီအလုပ်တွေ လုပ်ခဲ့ဖူးလို
"ကျွန်မ အိမ်ရှင်မ ဖြစ်နေပြီပဲဟာ ... "
"မိုးဝသုန် ... တူမလေး ဘာဖြစ်လို့ ခေါင်းမာချင်နေ
လဲ ... အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်တွေကို တူမလေး မ
နဲ့ ... "
"လေးလေးရယ် ... ဝသုန့်ဘဝမှာတော့ အဓိပ္ပာယ်ရှိ
တယ် ... ဝသုန်က အိမ်ထောင်ရှင်ပါ ... အိမ်ထော



ပြိုကွဲစရာအကြောင်းတွေကို အတတ်နိုင်ဆုံး ရှောင်ရမယ်
လေ ... "
ဝဋ်ကြွေးပဲဟု ဦးမိုးဇင်ယော် စိတ်ထဲမှာ တွေးနေမိ
ညီ။
တူမလေး ...
တစ်သက်လုံး အိမ်မှာ အစေအပါးတွေရဲ့ အပြုအစု
ယုအယနှင့် နေလာခဲ့သော မိန်းကလေးဖြစ်သည်။
ဒုက္ခရောက်နေရ၏။
အိမ်မှုကိစ္စတွေ လုပ်နေရသည်။
အိမ်ဖော် မရှိဘူးလား။
ဦးမိုးဇင်ယော်ကတော့ ... တူမလေးအတွက် စိတ်
အားနိုင်ဘဲ ဖြစ်နေသည်။
ကျန်းမာရေးက မကောင်းတော့။
သေလာမြိုင်မှာ နေရတာ အသက်ရှူက ပိုကျပ်နေ
လိုပင်။
ပန်းနာရင်ကျပ်ရောဂါက ထချင်နေသည်။
"အဟွတ် ... ဟွတ် ... "
"အဟွတ် ... "
"ဟင် ... လေးလေးက အသက်ရှူကျပ်နေလား ... ချောင်း
တွေ ပြန်ဆိုးနေပြီပဲ ... "
"ဘာမှ မဖြစ်ပါဘူး ... လေးလေးတို့ ရောဂါက ဒီလိုပါပဲ"
"လေးလေး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"သေလာမြိုင်က လေးလေးအတွက် စိတ်မောစရာကြီး ပါ လေးလေးရောဂါနဲ့လည်း မဖြစ်ဘူးထင်တယ် ... "

ပျောက်နေတဲ့ လေးလေးရောဂါက ပြန်ထနေသည်။

ဝသုန်ကို စိတ်မချလို့ပါ။

"တူမလေးကို လေးလေး စိတ်မချလို့ပါ ... "

"လေးလေးကလည်း ဝသုန့်ကို စိတ်ချပါနော် ... "

"လေးလေးရယ် ... "

လေးလေးကိုယ်တိုင် အိမ်မှုကိစ္စတွေကို လုပ်ပေးနေ သည်။

မိုးဝသုန်က မလုပ်ပါနဲ့ဟု ပြောတာမရပေ။

"တူမလေး ဒီလိုလုပ်နေရတာတွေ ... လေးလေး တကယ် စိတ်မကောင်းပါဘူးကွာ ... "

"ကျွန်မကတော့ တာဝန်တစ်ခုကို ထမ်းဆောင်ရလို့ ပျော် ပါတယ် လေးလေးရယ် ... "

သူမ ...

စားစရာတွေ ပြင်ဆင်ပြီး ကိုကို့အခန်းထဲ ဝင်လာ သည်။

"ကိုကို ... "

သူ ...

ထိုင်နေသည်။

ခေါင်းက ကိုက်နေဆဲပင်။



"ခေါင်းကိုက်နေသေးလားဟင် ... "

"အင်း ... "

"ကျွန်မ ဘာလုပ်ပေးရမလဲဟင် ... ဒီမနက်စာ စားပြီးရင် ဆေးသောက်ရမယ်နော် ... "

"မိုးဝသုန် ... "

"ရှင် ... "

"မင်း သွားတော့ ... "

"ရှင် ... "

"မင်း ငါ့အနားမှာနေရင် ငါ အရမ်းစိတ်သောကတွေ ခံစား ရကာပဲ ... "

"ကိုကို ... "

"မင်းသွားပါ ... "

"ကျွန်မ ... ကိုကို့အနားမှာ နေပါရစေ ... ကျွန်မ တောင်းပန် ပါတယ် ... ကိုကို့အတွက် ကျွန်မပေးဆပ်ချင်ပါတယ်"

ဦးမိုးတိမ်ယံဆီကို မေမေ ငိုကြွေးတောင်းပန်စကား တွေ ကြားယောင်လာမိသည်။

"မေမေ ဦးမိုးတိမ်ယံသမီးက သားဆီမှာ တောင်းဆိုနေပြီ၊ သားအလှည့်ပဲ ... "

ဦးမိုးတိမ်ယံလည်း သမီးအတွက် စိတ်သောကတွေ ခံစားနေရမှာပါ။

"သားအလှည့်ပဲ ... "

သူ ...

www.burmeseclassic.com

www.burmeseclassic.com



သဘောကျ ကျေနပ်စွာဖြင့် ပြုံးမိသည်။

"ကိုကို ... "

"ဟင် ... "

"မနက်စာ စားနော် ... "

သူ ...

တားသည်။

"မင်းလက်ရာ အရမ်းညံ့တာပဲ မိုးဝသုန် ... မင်းမလုပ်တ
ဘဲနဲ့ ဘာလို့လုပ်ရတာလဲ ... "

သူ တမင့်ပြောတာပါ။

မိုးဝသုန်ရဲ့လက်ရာ ကောင်းပေမဲ့ မကောင်းဘူး
ပြောလိုက်သည်။

"တော်ပြီကွာ ... မစားတော့ဘူး ... "

"ကိုကို ... "

"ယူသွားတော့ ... "

"နည်းနည်းတော့ စားပါနော် ကိုကိုရယ် ... ဆေးသောက်
အောင်နော် ... "

"တော်ပြီကွာ ... ငါအပြင်ပဲ ထွက်စားမယ် ... မင်း ေ
တော် အသုံးမကျတာဘဲ ... "

"ဆေးသောက်ဖို့ ... "

"တော်ပြီ ... "

"ကိုကို ... "

ဦးမိုးတိမ်ယံရဲ့သမီးက သူ့ကို နှစ်သက်မြတ်နိုး



သည်။

သူ သဘောကျနေမိ၏။

အကွက်ပဲ။

မင်း ခယတောင်းပန်နေရမယ်။

သူ အပြင်သို့ ထွက်လာခဲ့မိတော့သည်။

အပြင်မှာ စားတာတွေက အရသာမဲ့နေ၏။

မိုးဝသုန် ချက်ပေးတဲ့ အစားအစာတွေကို သတိရ
သည်။

ဒုက္ခပါပဲကွာ ... ။

အပြင်မှာ နေရတာ မပျော်တော့။

"မိုးဝသုန် ... မင်းက ငါ့ရန်သူပဲ ... မင်းနဲ့ ဆန့်ကျင်နိုင်ဖို့
ငါ အမြဲကြိုးစားနေရမယ် ... "

သူ ...

မုန်းတီးနာကြည်းစရာတွေပဲ တွေးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ကိုကို ပြန်မလာသေးပေ။

သူမ ...

စိတ်ပူနေမိသည်။

မိုးတွေကလည်း သဲသဲမဲမဲ ရွာနေ၏။

ဒုက္ခပါပဲ ... ။

ကျွန်မ စိတ်ပူပြီး ပြတင်းပေါက်ကနေ စောင့်ကြည့်နေမိသည်။

ဘာပဲဖြစ်ဖြစ် ...

ကိုကိုက ကျွန်မခင်ပွန်းပါပဲ။

ကျွန်မ သံယောဇဉ်တွယ်မိနေရသည်။

အမြဲတမ်း ...

စိုးရိမ်ပူပန်မှုတွေ ခံစားနေရသည်။

"ဝေါ ... "



"ဝေါ ... "

"ဝေါ ... "

"ဂျိမ်း ... ဂျလိမ်း ... "

"အမလေး ... "

လျှပ်စီးတွေ ဝင်းလက်လာတဲ့အချိန်တွင် နောက်မှ မိုးချုန်းသံတွေက ကပ်ပါလာလေ့ရှိသည်။

"ဂျိမ်း ... "

သူမ ...

နားတွေကို ပိတ်ထားမိသည်။

"ဂျ ... လိမ်း ... "

"အား ... "

မဖြစ်ဘူး ... ။

ကျွန်မ အရမ်းကြောက်တာပဲ။

တံခါးတွေကို ပိတ်သည်။

လေးလေးကလည်း အောက်ထပ်မှာ ဖြစ်၏။

သူမ ဆင်းသွားရင်ကောင်းမလား။

မဖြစ်ပါဘူး။

ကိုကို ဘာဖြစ်လို့ မလာသေးတာလဲ ... "

"ငါ မင်းကို မချစ်ဘူး ... ငါ့အနားမှာ မင်းရှိနေတာလည်း နာကြည်းမုန်းတီးစရာတွေပဲ ဖြစ်လာနေရတယ် ... "

ကျွန်မ ထွက်သွားဖို့လည်း ကိုကို မလိုလားဘူး ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးတိမ်ယံရဲ့သမီးကို ရှင်က စိတ်သောကတွေ ရောက်စေချင်တာမဟုတ်လား။

ကျွန်မကို ရှိစေချင်တာလေ။

"ဝေါ ... "

"ဝေါ ... "

"ဝေါ ... "

"ဝေါ ... "

မိုးည ...

ဒီလိုညမျိုးမှာပဲ ကျွန်မ သေလာမြိုင်ကို ရောက်ခဲ့ သည်။

သဲသဲမဲမဲ ရွာနေတဲ့ည ... ကျွန်မတို့ သွားချင်ပဲ သေလာမြိုင်ကို ရောက်လာရသည်။

"ဝေါ ... ဝေါ ... "

"ဝေါ ... "

"ဂျိမ်း ... "

တစ်ယောက်တည်း ဆောက်တည်ရာမရအော ကြောက်ရွံ့နေမိသည်။

"ဝေါ ... "

"ဝေါ ... "

ကိုကို ...

ရှင် ဘယ်မှာလဲ။

ကျွန်မ စိတ်ပူလိုက်တာ။



"ဝေါ ... ဝေါ ... "

"ဝေါ ... "

"ဝေါ ... "

မိုးကလည်း သဲသဲမဲမဲကို ရွာနေသည်။

ကိုကို အရက်မူးနေမလား။

ဘုရားရေ ...

ကျွန်မ စိတ်ပူလို့ သေတော့မယ်။

"ဝေါ ... ဝေါ ... "

"ဂျိမ်း ... ဂျလိမ်း ... "

"အား ... "

သူမ ...

အော်မိသည်။

လေးလေး တက်လာ၏။

"တူမလေး ... ကြောက်နေပြီလား ... လေးလေး လာပြီ လေ ... "

လေးလေးအသံကြား၍ သူမ တံခါးကိုဖွင့်ပြီး ထွက်လိုက်မိသည်။

"လေးလေး ... "

"မိုးတွေ အရမ်းခြိမ်းနေတော့ ... တူမလေး ကြောက်နေပြီ ဆိုပြီး လေးလေး လာကြည့်တာ ... "

"အဟွတ် ... "

"အဟွတ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် … လေးလေး ချောင်းတွေအရမ်းဆိုးနေပါလားဟင်"

"ရပါတယ် … "

သူမ လေးလေးရောက်လာသဖြင့် အောက်ထပ်ဆင်းလာခဲ့သည်။

"လေးလေး … "

"ဟင် … "

"ကိုကို မလာသေးဘူး … "

"မိုးက သဲနေတယ် … "

"ကိုကာလုကို သွားမေးပေးစမ်းပါ … ကိုကို ဘယ်သွားတာလဲလို့ … "

တူမလေးမျက်နှာ ချောင်ကျနေ၍ စိတ်မကောင်းဖြစ်ရသည်။

စိတ်သောကတွေ ခံစားနေရ၏။

"အစ်ကိုကြီး … သမီးကို ပြန်ခေါ်သင့်တယ် … နဂိုတည်းကလည်း သေလာမြို့ကို မလွှတ်သင့်ပါဘူး … "

"အမှန်တရားဆိုတာ ရှိပါသေးတယ် ညီလေး … သမီးက အစ်ကိုကြီးရဲ့ ချစ်ကြည်ရေး သံတမန်ပါ … "

"မဟုတ်သေးဘူး အစ်ကိုကြီး … "

"မင်း အသာနေစမ်းပါ … တူမလေးကိုသာ မင်း စောင့်ရှောက် … သူ နေနိုင်သလောက် နေလိမ့်မယ် … မနေနိုင်ရင်တော့ ငါ့ဆီ ပြန်လာဖို့ ငါပြောထားပြီးပြီ … "

အစ်ကိုကြီးကလည်း … ဘယ်လိုအကြောင်းရ…



သေလာမြို့မှာ ထားမှန်းမသိရပေ။

"ဝေါ … "

"ဝေါ … "

"ဝေါ … "

"လေးလေး … "

"ဟင် … "

"ကိုကာလုကို သွားမေးလေ … "

"အင်းပါ … "

ဦးမိုးဇင်ယော် အောက်ထပ်မှာရှိနေတဲ့ ကာလုဆီသွားသည်။

"ကာလု … "

"ကာလု … "

"ကာလု … "

"ဟင် … "

ကာလု ထလာသည်။

"မောင်မိုးသောက်ကြွယ် မလာသေးလို့ တူမလေး စိတ်ပူနေတယ် … မိုးက အရမ်းသည်းနေလို့လေ … "

"မသိဘူး … "

"ဘယ်သွားတတ်လဲ … "

"မသိဘူး … "

"တူမလေးက စိတ်အရမ်းပူနေတယ် … "

"မသိဘူးလို့ပဲ ပြောလိုက်ပါ … "

www.burmeseclassic.com

www.burmeseclassic.com



ကာလု သိသည်။

ဆရာလေးက သူ့ကို ဖုန်းဆက်ပြီး ပြောထား၏။

တောင်ပေါ် အပန်းဖြေစခန်းမှာ အိပ်မလို့တဲ့။

တစ်ခါတစ်ရံ ...

စိတ်တွေ အရမ်းရှုပ်ထွေးတဲ့အခါ ဆရာလေးပိုင်တဲ့ တောင်ပေါ်အပန်းဖြေစခန်းမှာ သွားနေတတ်သည်။

"မိုး အရမ်းရွာနေတယ် ... ငါ ပြန်မလာနိုင်တော့ဘူး ... တောင်ပေါ်စခန်းမှာပဲ အိပ်မယ် ... "

မိုးဝသုန် စိတ်ပူနေတာ သူ အရေးမစိုက်ပေ။

ပူပစေပေါ့ ... ။

ဆရာလေးကိုယ်တိုင်လည်း မိုးဝသုန် စိတ်ပူသောက ရောက်နေတာကို ဝမ်းသာကျေနပ်နေမှာပါ။

သူ ...

အခန်းထဲ ပြန်ဝင်လာခဲ့သည်။

မသိဘူးဘဲ ဖြေလိုက်၏။

တစ်ညလုံး စိတ်ပူစမ်း။

မင်း စိတ်သောကရောက်နေတာကို ဘယ်သူမှ မသနားဘူး။

အခန်းထဲရောက်တော့ ဆရာလေးဆီ ဆက်သွယ် [illegible]

"ဆရာလေး ... "

ဖုန်းက ဝင်သွား၏။



"ဆရာလေး ... "

"ကာလု ... "

"ကြားရလား ... "

"အင်း ... "

"မိုးတွေ သည်းနေလား ... "

"အင်း ... "

"ဆရာလေး ပြန်မလာလို့ မိုးဝသုန် စိတ်ပူနေတယ်တဲ့ ... ကာလုတော့ မသိဘူးလို့ ပြောလိုက်တယ် ... "

ကာလုစကားတွေကို သူ သဘောမကျမိသလို ဖြစ်သွားရသည်။

တောင်ပေါ်စခန်းကို သူ ရောက်နေ၏။

အပန်းဖြေစခန်းလေး ...

သူ့စိတ်တွေ နောက်ကျိရှုပ်ထွေးသွားတိုင်း သူ့စိတ်ကြိုက် ဖန်တီးထားသော တောင်ပေါ်စခန်းမြို့လေးသို့ သွားရောက်နေထိုင်ခဲ့သည်။

"ဆရာလေး ... မိုးချုန်းသံတွေကြားရင် မိုးဝသုန်က အရမ်းကြော[illegible]ပဲ ... ငယ်သံပါအောင် အော်နေတတ်တယ်လေ ... "

မိုးက အရမ်းရွာနေသည်။

သဲသဲမဲမဲ ဖြစ်နေ၏။

"ဝေါ ... "

"ဝေါ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ... "

တစ်ချက်တစ်ချက် ကာလုပြောသံတွေ မကြားရတော့။

"ဆရာလေး ပျော်သွားအောင်ပါ ... ဒါပါပဲ ... "

ကာလု ဖုန်းချသွားသည်။

သူ ...

ရပ်နေဆဲပင်။

အရမ်းလှပတဲ့ စခန်းလေး ...

အေးစိမ့်နေသည်။

မိုးလေကြီးနေတဲ့အပြင် မှောင်သွား၍ ဘာမှမမြင်ရတော့။

အရက်ကို ငှဲ့သည်။

မိုးဝသုန် စိတ်ပူနေပြီတဲ့။

ဆရာလေး ပျော်ပါတဲ့ ... ။

မပျော်ဘူး ...

ငါ ...

ဘာလို့ မပျော်ရတာလဲ။

မိုးတွေ ထစ်ချုန်းတိုင်း ငယ်သံပါအောင် အော်နေတယ်တဲ့။

မပျော်နိုင်။

သူ ...

စိတ်ပူမိနေသည်။



ဘာကိုလဲ ...

ဦးမိုးတိမ်ယံရဲ့ သမီးအတွက်ပဲ။ သူ စိတ်ပူနေတာလား။

မဖြစ်သင့်ပါဘူး။

ဦးမိုးတိမ်ယံရဲ့သမီး စိတ်သောက ရောက်နေရင်ပျော်ရမှာ။

သူ ဒီမှာ ရှိနေတာကို မိုးဝသုန်ထံ အကြောင်းပင်မကြားခဲ့။

အရေးစိုက်စရာ မလို၍ ဖြစ်သည်။

"ကိုကို့ကို ... ကျွန်မ ချစ်တယ် ... ကိုကို့ကို ပေးဆပ်ချင်ပါတယ် ... ကိုကို့ကိုပဲ ကျွန်မ စိတ်ချမ်းသာစေချင်တာပါ"

မိုးဝသုန်က ပြောခဲ့သည်။

သူ့ဝေယျာဝစ္စတွေကို မညည်းမညူ လုပ်ပေးတတ်သူ။

ဦးမိုးတိမ်ယံနဲ့ တခြားစီပါပဲ။

"သား ... သမီးလေးကို စောင့်ရှောက်ပါနော် ... မေမေ အပ်ထားပါရစေ ... "

မေမေ မှာခဲ့သည်။

မိုးဝသုန်က မေမေ့သွေးပဲ။

မေမေ ခင်တွာညို့ရဲ့သမီး။

"သမီးလေးမှာ အပြစ်မရှိပါဘူး သားရယ် ... ဟို လူယုတ်မာရဲ့ သွေးပေမဲ့ ... သမီးက စိတ်သဘောထား ဖြူစင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်ကွယ် ... ”

မေမေစိတ္တာညို ...

သား မိုးဝသုန်ကို ညှဉ်းပန်းနှိပ်စက်နေတာ မေမေ ကြိုက်မှာမဟုတ်ပါဘူး။

အမေစံပယ်လည်း သဘောကျမှာ မဟုတ်ပါဘူး နော်။

သူ ...

မိုးဝသုန်ကို သတိရနေမိသည်။

မကောင်းဘူးကွာ။

မင်းကို ငါ ဘာဖြစ်လို့များ သတိရတမ်းတနေရတာ လဲ။

“ဆရာလေးဘဝကို တစ်သက်လုံး ဒီလိုပဲ စိတ်သောကဝေ နဲ့ ရင်ဆိုင် ဖြတ်သန်းသွားတော့မှာလား ... ”

ဒဿ ပြောတဲ့စကားတွေကို သူ ကြားယောင်လာ မိသည်။

တောင်ပေါ်စခန်းက သူ့အတွက် ရင်ပူစရာ ဖြစ်နေ ၏။

ပြန်ရင်ကောင်းမလား ... ။

မိုးက သည်းနေသည်။

ညကလည်း အတော်လေး မှောင်စပျိုးနေပြီဖြစ်၏

နေပစေ ... ။

မင်း စိတ်သောကတွေ ခံစားစမ်း။ ငါ့အမေလ



ားခဲ့ရတယ်။

မေမေစိတ္တာညိုလည်း စိတ်ဝေဒနာတွေ ခံစားရတဲ့ ထိပဲ။

မင်းအဖေကြောင့် ဘဝမှာ ပျော်ရွှင်မှုတွေ ဆိတ်သုန်း းပြီး အရှုံးပေးသွားရတဲ့ မိန်းမနှစ်ယောက်အတွက်လေ။

“မေမေ့သမီးလေးမှာ အပြစ်မရှိပါဘူး ... ”

“အား ... ”

သူ ...

စိတ်ရှုပ်ထွေးသွားရသည်။

အရက်ကိုသောက်မိ၏။

တောင်ပေါ်စခန်းလေးရဲ့ အေးစိမ့်မှုက သူ့နှလုံးသား ဂွထဲ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း မရှိတော့။

ထလိုက်သည်။

ပြန်မယ်။

မိုးဝသုန် စိတ်သောကတွေ ရောက်နေရတာ မလို းနိုင်တော့။

“ဆရာလေး ... ”

“ဟင် ... ”

“မိုးအရမ်းသည်းနေပါတယ် ... ပြန်လို့ မဖြစ်ဘူးထင်တယ်”

စခန်းစောင့်ကျားကြီးက ဘန်ဂလိုလေးရဲ့ အဝက တားဆီးသည်။

“ပြန်မယ် ... ငါ ဘာကိုမှ မကြောက်ဘူး ... အိမ်ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေ ပြန်ရမယ် ...”

“ဆရာလေး ... အရမ်းမူးနေပြီထင်တယ် ... မိုးသည်းနေ
တော့ ကားမောင်းလို့ မကောင်းပါဘူး ... မုန်တိုင်းက ရှိနေ
တယ်လေ ...”

ကျားကြီးက ဇွတ်ပဲတားဆီးနေသည်။

“ဖယ်စမ်း ကျားကြီး ... ငါ ပြန်မှဖြစ်မယ် ...”

သူ ....

ဇွတ်ပဲ ပြန်လာခဲ့သည်။

မိုးဝသုန် စိတ်ပူနေမလားဘဲ။

ကြောက်ရွံ့တုန်လှုပ်စွာဖြင့် သူ့ကို မျှော်နေမှာပဲ ဖြစ်
သည်။

“မေမေ့သမီးလေးကို စောင့်ရှောက်ပါ သားရယ် ...”

သေလာမြိုင်ကိုပဲ သူ အမြန်ရောက်ချင်စိတ်တွေ
ပြင်းထန်နေရသည်။



အခန်း(၁၉)

“တီ ...”

“တီ ...”

“ဟင် ...”

ကိုကို ပြန်လာပြီ။

မိုးဝသုန် ညှိုးမှိုင်းအုံ့ဆိုင်းနေတဲ့ မျက်နှာလေးက ပြုံး
ရွှင်သွားရသည်။

“လေးလေး ... ကိုကို ပြန်လာပြီ ထင်တယ် ...”

မိုးက တိတ်သွားသည်။

ကျွန်မ စိတ်တွေပူပြီး သေရတော့မယ် ကိုကိုရယ်။

ကိုကာလုက မသိဘူးတဲ့။

တမင်ဖြေတာပါ။

ကိုကို ဘယ်သွားလဲဆိုတာ ကိုကာလု မသိဘဲနေ
မလား။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေး သွားတော့မယ် ... မိုးသောက်ကြယ် ပြန်လာ ပဲ ... တူမလေး စိတ်ချမ်းသာသွားပြီ မဟုတ်လား ..."

"အင်း ..."

လေးလေး ထွက်သွားသည်။

ကာလုလည်း အနားရောက်သွား၍ သူမ စိတ်ပူ သွားရ၏။ ဆရာလေး ပြန်လာ၍ ကာလု ဒေါသတွေဖြစ်သွား သည်။

ဟိုမှာ အေးအေးဆေးဆေး အနားယူလို့ ရပါလျ ... ဘာဖြစ်လို့ ပြန်လာရတာလဲ။

"ဆရာလေး ..."

"ကာလု ..."

"ဘာလို့ ပြန်လာရတာလဲ ..."

"ငါ မနေချင်တော့လို့ ..."

"ဆရာလေး ကျရှုံးပြီပဲ ..."

"ဟင် ..."

"မိုးဝသုန်အပေါ် ... ဆရာလေးစိတ်တွေ တိမ်းညွတ် လား ..."

သူ ... စိတ်ပူမိသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကာ ၏။

မိုးဝသုန်ရဲ့ ... ထိတ်လန့်တုန်လှုပ်မှုတွေကို သောကရောက်ခဲ့ရသည်။



တောင်ပေါ်စခန်းမှာ ဆက်ပြီးနေချင်တဲ့ဆန္ဒ မရှိ တော့။

"ဆရာလေး ..."

"ဟင် ..."

"မိုးဝသုန်ကို အရှုံးမပေးစမ်းပါနဲ့ ..."

သူ ...

တိုက်ထဲဝင်လာခဲ့သည်။

"ကိုကို ..."

"ဟင် ..."

"ကျွန်မ အရမ်းစိတ်ပူနေတယ် ... လှုပ်စိုးတွေလက်လို့ အရမ်းကြောက်နေတာပဲ ..."

သူ့အကြည့်တွေကို လွှဲဖယ်ပြီး အပေါ်ထပ်ကို တက် လာခဲ့သည်။

"ကိုကို ..."

"မင်းကြောင့် ငါ ပြန်လာတာ မဟုတ်ဘူးနော် ..."

"ဟုတ်ကဲ့ပါ ... ကျွန်မ အခုမှ စိတ်အေးသွားရတာကို ပြော ပြချင်လို့ပါ ..."

"မပြောနဲ့တော့ကွာ ..."

"ကိုကို ..."

"ငါ အိပ်တော့မယ် ..."

ဟုတ်တယ်။

ကာလုပြောတာ မှန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကို အရှုံးမပေးဘူး။

ငါပဲ နိုင်ရမယ်။

အဝတ်အစားတွေလဲပြီး အရက်ထပ်သောက်ဖို့ ပြ သည်။

"ကိုကို ... အရက်ထပ်သောက်ဦးမလို့လားဟင် ..."

"မင်းနဲ့ ဘာဆိုင်လဲ ..."

"ညဉ့်နက်နေပြီ ... ကိုကို အိပ်သင့်နေပါပြီ ..."

"မင်း ငါ့ကို အမိန့်ပေးတာလား ..."

"မဟုတ်ပါဘူး ကိုကို ... ကျွန်မက စိတ်ပူလို့ပါ ..."

"ငါ အရက်သောက်မယ် ... မင်း ပြင်ပေးစမ်း ..."

သူ ...

မိုးဝသုန်အတွက် စိတ်ပူမိသည်။

ဒါကြောင့် ...

တောင်ပေါ်စခန်းမြို့လေးမှာ မနေတော့ဘဲ ပြန်လာတာပါ။

"ဆရာလေးအနေနဲ့ မိုးဝသုန်ကို အရှုံးမပေးသင့်ပါဘူး"

ကာလုက ပြောခဲ့သည်။

ဒဿက ရုပ်ဆိုးပေမဲ့ စိတ်သဘောထား နူးညံ့၏။

ကာလုလို မဟုတ်။

"ဆရာလေး ကျရှုံးသွားပြီလား ..."

သူ ... ကျရှုံးသွားပြီလား။

အချစ်ဆိုတာ မရှိတော့ဘူးလား။



စိတ်ပျက်တယ် ... ။

လူ့လောကကြီးကို စိတ်ပျက်သွားရပြန်သည်။

အရက်ပဲသောက်၏။

နူးချင်တယ်။

လူ့လောကကြီးထဲမှာ ကံကြမ္မာ အဆိုးတွေနဲ့ပဲ ရင်ဆိုင်နေရသည်။

မိုးဝသုန်ကတော့ သူ့အတွက် အမြည်းတွေ ပြင်ဆင်ပေးနေ၏။

"ကိုကို ... အများကြီးတော့ မသောက်ပါနဲ့နော် ..."

"ဘာ ..."

"အများကြီး မသောက်ဖို့ ကျွန်မ ပြောပါရစေ ..."

"မင်းနဲ့ မဆိုင်ဘူး ... မင်း ငါ့ကို ဆရာ လာမလုပ်စမ်းပါနဲ့ မိုးဝသုန် ..."

မိုးဝသုန် ဘာမှမပြောတော့။

အရက်သောက်ဖို့အတွက် အားလုံးပြင်ဆင်ပေးနေသည်။

သူ ... ပြတင်းပေါက်တံခါးကို ဖွင့်လိုက်မိသည်။

အပြင်ကို မြင်တွေ့ချင်၏။

စိတ်တွေ မွန်းကျပ်နေသည်။

မိုးက မရွာတော့။

လျှပ်စီးတွေပဲ လက်နေသည်။

"ကိုကို ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"လျှပ်စီးတွေ လက်နေတာကို ကျွန်မ ကြောက်တယ် ... ဒီ ပြတင်းပေါက်ကြီးကို ပိတ်ထားပေးပါနော် ..."

"ဘာ ..."

"ဟို ... ဟို ... မပိတ်ပါနဲ့တော့ ... ကိုကို့ဆန္ဒပဲ အရေးကြီးပါတယ်လေ ..."

သူမ ...

လျှော့လိုက်သည်။

မိုးရွာလျှင် ပြတင်းပေါက်တံခါးတွေကို ပိတ်ထားမှ ... ။

လျှပ်စီးတွေကို မမြင်ရဲ၊

မိုးခြိမ်းသံတွေကို ကြောက်သည်။

ငယ်ငယ်လေးတည်းက မိုးခြိမ်းသံတွေကို မိုးဝသူ ကြောက်ခဲ့တာပဲ။

"ဂျိမ်း ... ဂျလိမ်း ..."

မိုးက မရွာပေ။

လေပြင်းတိုက်နေသည်၊

ကောင်းကင်တစ်ပြင်လုံး လျှပ်စီးတွေလက်နေ မိုးချုန်းနေ၏။

ကိုကိုက အရက်သောက်နေသည်။

ဒက်ဒီ ...

အိမ်မှာဆို သမီး အရမ်းဒီလ်ကျခဲ့တာပဲလေ။



အိမ်ထောင်ကျသွားတော့လည်း သူ့ဆန္ဒက အဓိက ပဲ မဟုတ်လား။

သမီး ...

အရမ်းကြောက်တာပဲ။

ပြတင်းပေါက်ကနေ လျှပ်စီးတွေက လက်နေတယ်။

ကိုကိုရှိနေတော့ ကျွန်မ နည်းနည်းအားရှိနေသလို ပဲ။

လျှပ်စီးက လက်လာသည်။

"ဂျိမ်း ... ဂျလိန်း ..."

"အား ..."

သူမ ...

အော်မိသည်။

သူ ...

လှည့်ကြည့်သည်။

ထထိုင်နေတဲ့ သူမကို တစ်ချက်ကြည့်ပြီး ပြန်လှည့် သွား၏။

"ဂျိမ်း ..."

ပြတင်းပေါက်ကြီးကို ပိတ်လိုက်ချင်တဲ့ဆန္ဒတွေ ပြင်း ပြနေသည်။

ကိုကို့ကို မပြောရဲ။

ရှင့်ဆီက ချစ်ခြင်းမေတ္တာတွေကို ကျွန်မ လိုလား တောင့်တနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဂျိမ်း ... ဂျလိမ်း ... "
"အား ... "
သူမ ...
ထလိုက်သည်။
လေးလေးနဲ့ အတူသွားအိပ်ရင် ကောင်းမလား။
ကိုကို့ကို မနှောင့်ယှက်ချင်ပါဘူး။
"မိုးဝသုန် ... "
"ရှင် ... "
"မင်း ဘယ်သွားမလို့လဲ ... "
"ကျွန်မ ... လေးလေးအခန်းမှာ သွားအိပ်မလို့ပါ ရှင့်ကို အနှောင့်အယှက် မပေးချင်လို့လေ ... "
"မသွားရဘူး ... "
"ရှင် ... " ကို မို
"မင်း ဒီမှာပဲအိပ်ပါ ... "
သူ ...
မိုးဝသုန် ထွက်သွားမှာကို မလိုလားမိပေ။
မင်းရှိနေစေချင်တယ်။
ဘာဖြစ်လို့လဲ မသိဘူးကွာ ... ။
မင်း ကိုယ့်အနားမှာ ရှိနေတာကို ကိုယ်နှစ်သက်ေ တယ်။
"ဆက်ထိုင်နေပါ ... "
"ဟင် ... "



"မင်း ထိုင်နေရမယ် ... "
သူ ...
မှုံးနေပြီ။
ပြတင်းပေါက်ကို ထပိတ်လိုက်ချင်ပေမဲ့ မိုးဝသုန်ကို အရှုံးပေးလိုက်ရမှာ အကြောက်ဆုံးပင်။
ကာလု ဝေဖန်မှာ အစိုးရိမ်ဆုံး ဖြစ်နေရသည်။
"ဆရာလေး ကျဆုံးသွားပြီလား ... "
မကြားချင်ဘူး။
ငါ ဘာလို့ အရှုံးပေးရမှာလဲ။
မင်းကို ဘယ်တော့မှ အရှုံးမပေးဘူး။
ထိုင်နေစမ်း ...
မင်း ကြောက်ရွံ့နေတာကို ငါ သဘောအရမ်းကျတာပဲ။
"အား ... "
"ဂျိမ်း ... ဂျလိမ်း ... လိမ်း ... "
မိုးကြိုးပစ်သံတွေက ပြင်းထန်လွန်းနေသည်။
မိုးဝသုန် ကြောက်နေ၏။
သူ ...
ထွေးပွေ့ထားချင်မိသည်။
"ကျွန်မကို မထားခဲ့ပါနဲ့ ကိုမိုးတိမ်ယံ ... ရှင့်နောက်ကို ကျွန်မ လိုက်ခဲ့ပါရစေ ... "
"မင်း ... မင်း ငါ့ကို ဘာလို့ ဒီလောက်တောင် နှောင့်ယှက်

www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ ... "

"ဖြန်း ... "

သူ့စိတ်တွေက အတိတ်ကို တွေးမိပြီး ပေါက်ကွဲပစ်ချင်လာရသည်။

"ဝုန်း ... "

"ချလွမ်း ... "

"ဟင် ... "

ဖန်ခွက်ကို နံရံဆီသို့ ပစ်ပေါက်လိုက်မိသည်။

မင်း ဘာကြောက်နေတာလဲ။

ကြောက်စမ်း ...

ငါ့အမေအတွက် မင်း ပေးဆပ်ရမယ် မိုးစသူနီ။

ဘယ်တော့မှ စိတ်မချမ်းသာစေရဘူး ... ။

"ကိုကို ... "

သူမ ...

ဖန်ခွက်အကွဲတွေနား ရောက်သွားသည်။

ပြန့်ကျဲနေတဲ့ အကွဲအရှတွေကို သိမ်းဖို့ ကြိုးစားနေ၏။ ကာလု ရောက်လာသည်။

"ဆရာလေး ဘာဖြစ်တာလဲ ... "

"ကာလု ... မင်း ထားလိုက် ... သူ သိမ်းလိမ့်မယ်"

ဒီလိုအခြေအနေမျိုးကိုပဲ ကာလုက ကြိုက်တာပါ။

ဆက်လုပ်ဆိုတဲ့ သဘောနှင့် လက်မထောင်ပြီး ထွက်သွားသည်။



"ကာလု ... "

"ဟင် ... "

"မင်းသွားတော့ ... သန့်ရှင်းရေးကိစ္စ ဒီမိန်းမလုပ်လိမ့်မယ်၊ မိန်းမဆိုတာ အလကားပဲ ... ငါ့အတွက်ကတော့ ဘာအဓိပ္ပာယ်မှမရှိဘူး ... မီးပဲ ... ပူလောင်တဲ့ မီးတောက်တွေပဲ ... "

ကိုကာလု ထွက်သွားသည်။

အကွဲအစတွေကို သူမ ကော်ပြားတစ်ချပ်နှင့် သိမ်းနေ၏။

ကိုကို ...

အတိတ်က နာကြည်းစရာတွေ ရှိနေမည်ဟု ထင်မိသည်။

ဒက်ဒီကြောင့်လား ...

မေမေနှင့် ဒက်ဒီတို့ အဖြစ်အပျက်တွေက ကိုကို့ကို နာကြည်းစေတာလား။

ဘာတွေလဲ ... ။

"သားရယ် ... သမီးလေးကို စောင့်ရှောက်ပါ ... မင်းလက်ထဲ သမီးကို အပ်လိုက်ပြီ ... "

မေမေ ပြောခဲ့သည်။

ဒါပေမဲ့ ...

ကိုကို့ရင်ထဲမှာ နာကြည်းမှုတွေပဲ ရှိနေခဲ့ရသည်။

အချစ်မရှိ ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မုန်းနေတာပါ။

အတွေးတွေ ရှုပ်ထွေးပြီး ပုလင်းကွဲကို ကိုင်မိတော့သည်။

"အား ... "

ပုလင်းကွဲ ရှသွားသည်။

သူမလက်မှ သွေးတွေက ဖြာထွက်လာတော့၏။

သူက မော့ကြည့်သည်။

"မင်း ဘာဖြစ်တာလဲ ... "

"ပုလင်းကွဲ ရှလို့ပါ ... "

သွေးတွေက အတော်လေး ထွက်နေတာ တွေ့လိုက်ရသည်။

သူ ... စိတ်ပူသွားမိသည်။

"ဆရာလေး ... မိုးဝသုန်ကို အရှုံးမပေးပါနဲ့ ... "

စိတ်တွေကို ထိန်းချုပ်ပစ်လိုက်ရတော့သည်။

ဒီမိန်းမကို ဘာမှ သနားကြင်နာနေစရာ မလိုဘူး။

သူမကိုယ်တိုင် အရက်ပြန်ဆွတ်ပြီး ဆေးထည့်နေသည်။

ပြီးတော့ ...

ပုလင်းကွဲတွေ ပြန်သိမ်းနေသည်။

အမေ ...

ဦးမိုးတိမ်ယံရဲ့သမီးကို သား ပြန်ပြီး လက်စားချေနေပြီလေ။



အရမ်းပျော်စရာ ကောင်းတာပဲ။

အရက်ကို သောက်သည်။

အသိမဲ့ချင်လာ၏။

"မေမေခတ္တာညိုရဲ့ သမီးလေးမှာတော့ အပြစ်မရှိပါဘူးကွယ် ... မင်း စောင့်ရှောက်ပါ သားရယ် ... "

မေမေခတ္တာညိုက မှာခဲ့သည်။

သူ ...

အရမ်းမူးနေပြီ။

"မိုးဝသုန် ... မင်း ငါ့အနား ဘာလို့ရောက်လာရတာလဲ"

သူ ...

ထလာခဲ့သည်။

ခုတင်ပေါ်မှာ လှဲအိပ်နေတဲ့ မိုးဝသုန်ကို တင်းကျပ်စွာ ဖက်ထားလိုက်မိ၏။

"မင်းကို ငါ အရမ်းချစ်တယ် ... အရမ်းချစ်တာပဲ မိုးဝသုန်"

"ဟင် ... "

ချစ်ဇနီးမိုးဝသုန်ကို တင်းကျပ်စွာ ဖက်ထားမိသည်။

မျက်နှာလေးအနှံ့ နမ်းမိ၏။

အသိမဲ့စွာဖြင့် ချစ်သူကို အယုအယ အကြင်နာတွေ ပေးမိသည်။

သူ ... ပျော်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

ကိုကို ...

အရမ်းမူးနေသည်။

အသိမဲ့နေကြောင်း သူမ သိ၏။

ကျွန်မ ငိုချင်နေမိ၏။

မိုးဝသုန်ကို ချစ်တယ်တဲ့။

မူးပြီး ပြောတာပါ။

ဘာပဲဖြစ်ဖြစ် ...

မသိစိတ်ကတော့ ကိုကို ကျွန်မကို ချစ်နေတာ မဟုတ်လား။

ကိုကို့လက်တွေက သူမကို တင်းကျပ်စွာဖြင့် ဖက်ထားသည်။

အနမ်းလေးတွေ ကျရောက်နေ၏။

"ချစ်တယ် ... မိုးဝသုန်ကို ချစ်တယ်ကွာ ... ဘယ်သူတွေ



တားဆီးမလဲ ... ဘယ်အရာတွေက ပျက်စီးပစ်မလဲ ..."

သူမ ...

ငြိမ်သက်နေမိသည်။

အသက်ကိုပင် ပြင်းပြင်းပြပြ မရှူရဲပေ။

ကိုကို အသိဝင်လာပြီး ... ကျွန်မကို မုန်းသွားမှာ ...က်တယ်။

ကျွန်မ ကိုကို့ကို ချစ်တယ်။

မြတ်နိုးတယ်။

အိမ်ထောင်ရေးကိုလည်း တည်မြဲအောင် ကြိုးစား ...တယ် ကိုကိုရယ်။

ပြီးတော့လေ ...

စိတ်သောကတွေနဲ့ အမြဲတမ်း ဒေါသတွေ ပေါက်ကွဲ ...တ်တဲ့ ကိုကို့စိတ်တွေကိုလည်း အေးချမ်းစေချင်ပါပြီ။

ကိုကို ...

ကျွန်မ ကိုကို့ကို ချစ်တယ်။

ကိုကို့အား သူမ တင်းကျပ်စွာဖြင့် ဖက်ထားမိသည်။

အသိမဲ့နေတဲ့ အချိန်တွေမှာပဲ ကျွန်မ ကိုကို့ဆီက ...တွေကို ရတာပါ။

လျှပ်စီးတွေ လက်နေသည်။

မြတင်းပေါက်တံခါးကို ထပိတ်ဖို့ ကျွန်မ လုံးဝမကြိုး ...။

"ဂျိမ်း ... ဂျလိမ်း ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ရှိနေ၍ ကျွန်မစိတ်တွေ အင်အားတွေ နေသလိုပင်။

ကြောက်စိတ်တွေ မရှိတော့။

မိုးလင်းခါနီးမှ အိပ်ပျော်သွားရသည်။

သူ ...

အိပ်ရာမှနိုးတဲ့အချိန်တွင် သူ မိုးဝသုန်အား ကျပ်စွာ ဖက်ထားမိကြောင်း သိလိုက်သည်။

"ဟင် ..."

မိုးဝသုန်ကလည်း သူ့အား တင်းကျပ်စွာဖြ ထားသည်။

သူ အရမ်းမူးသွားခဲ့၏။

အသိမဲ့နေသည်။

မိုးဝသုန်ရဲ့ လက်တွေကို ဖယ်ရှားပစ်လိုက်

အိပ်ပျော်နေတဲ့ မိုးဝသုန်ကို ကြည့်မိသည်။

အပြစ်ကင်းစွာ လှပတဲ့ မိန်းကလေး။

"မေမေ့သမီးလေးက အပြစ်ကင်းပါတယ် သားရယ် ... လက်ထဲကို စိတ်ချစွာ အပ်လိုက်ပြီ ... မင်း စောင့် ပါ ..."

မေမေပြောတဲ့စကားတွေကို ကြားယော သည်။

မိုးဝသုန် ...

မင်းမှာတော့ အပြစ်မရှိပါဘူး။



ဒါပေမဲ့ ...

မင်းဒက်ဒီ ဦးမိုးတိမ်ယံကိုတော့ ငါမုန်းတယ်ကွာ။

သူမလည်း နိုးနေသည်။

တမင် ...

မသိချင်ယောင် ဆောင်နေမိသည်။

အသိတွေ ဝင်လာရင် ကိုကိုက ကျွန်မကို မုန်းတီး ကြည်းနေတတ်တယ်။

မလှုပ်ရဲ ... ။

ကိုကို့ဆီက ရန်သူတစ်ယောက်လို တုံ့ပြန်နေမှုတွေ ကျွန်မ ကြောက်တယ်။

ကျွန်မတို့ ဆက်ပြီး သောကတွေနဲ့ ဘဝကို ရင်မဆိုင် တော့ပါဘူး ကိုကိုရယ်။

ကိုကို ထသည်။

မိန်းမတစ်ယောက်ရဲ့ တာဝန်ဝတ္တရား ရှိနေ၍ ကျွန်မ လိုက်ရ၏။

"ကိုကို ..."

"ဟင် ..."

"မျက်နှာသစ်တော့မလားဟင် ..."

"အင်း ..."

သူမ ...

ထလိုက်သည်။

"အား ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်တာလဲ ... "

"အားနည်းလို့ထင်တယ် ကိုကို ... မူးသွားတယ် ... "

သူ ...

စိတ်ပူသွားရသည်။

လက်မှာလည်း ဒဏ်ရာနှင့်ပါ ... ။

မိုးဝသုန်ဟာ မိဘအိမ်မှာ ခြေမွေးမီးမလောင် ...မွေး မီးမလောင် နေလာရတဲ့ မိန်းကလေးပါ။

သူ့ဆီမှာ အနှိပ်စက်ခံနေရသည်။

စိတ်သောက ခံစားနေရ၏။

မင်း အသာလှဲနေပါဟု ပြောချင်ပေမဲ့ မပြော...

ညက ...

သူ ...

အရက်တွေ မူးနေခဲ့သည်၊

အသိမဲ့နေ၏။

မိုးဝသုန်ကို ချစ်တယ်ဟုများ ပြောမိလိုက်...

ရေချိုးခန်းထဲ ဝင်လာခဲ့မိသည်။

မျက်နှာသစ်၏။

ရေပန်းအောက်ဝင်ကာ ရေကို တဝကြီး ... လိုက်မိသည်။

စိတ်က မလန်းဆန်းပေ။

တစ်ကိုယ်လုံး ...

နာကျင်ကိုက်ခဲနေသည်။



အပြင်ရောက်တော့ မိုးဝသုန်က သဘက်နှင့် စောင့်နေ၏။

"ကိုကို ... ညက အအေးပတ်မှာပဲ ... မိုးရွာထဲမှာ ပြန်လာခဲ့တာလေ ... "

သူ ...

မိုးဝသုန်ကို စိတ်ပူပြီး ပြန်လာခဲ့မိတာပါ။

တောင်ပေါ်စခန်းလေးမှာ အေးချမ်းစွာ နေနိုင်ပါလျက်နှင့် ပြန်လာခဲ့မိသည်။

ကာလုက အပြစ်တင်၏။

မိုးဝသုန်ကို အရှုံးမပေးပါနဲ့တဲ့။

မင်း ...

ဘာလို့ မပြန်တာလဲ။

ငါနှိပ်စက်သမျှကို ဘာဖြစ်လို့ ပေပြီးခံနေရတာလဲ။

"ကိုကို ... အဝတ်အစားလဲ ... ပြီးရင် ကျွန်မ ကိုကို့အတွက် မနက်စာစားဖို့ စီစဉ်ပေးမယ်နော် ... "

"မင်း ထွက်သွားစမ်းပါ မိုးဝသုန် ... ငါနဲ့ အဝေးဆုံးမှာ မင်းနေစမ်းပါ ... "

မိုးဝသုန်ကို တွေ့ရလျှင် သူ့စိတ်တွေက ယောက်ယက်ခတ်နေတတ်သည်။

မအေးချမ်းတော့ ... ။

မင်းကို နှိပ်စက်ရတာ ကိုယ့်စိတ် ပင်ပန်းနေသလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့အတွက် ဘာမှလုပ်ပေးစရာ မလိုဘူး မိုးဝသုန်"

"ကိုကို ..."

"မင်းကိစ္စပဲ မင်းလုပ်ပါ ..."

"ကိုကို့ဝေယျာဝစ္စတွေ ကျွန်မ လုပ်ပေးပါရစေ ..."

"မလိုဘူး ..."

သူ ...

အဝတ်အစားလဲသည်။

ခေါင်းက ကိုက်နေ၏။

မိုးဝသုန် ရောက်လာမှ အရက်ကို အလွန်အကျွံ သောက်မိနေသည်။

ငါ့ဘဝမှာ အကောင်းဆိုတာ မရှိဘူး။

အဆိုးတွေပဲ ရှိတယ်။

ငါဖြတ်သန်းရတဲ့ လမ်းခရီးက ကြမ်းတမ်းခက်ထန် နေတယ်။

အဲဒါ ...

ဘာကြောင့်လဲ။

ငါ့ရဲ့ ညံ့ဖျင်းမှုကြောင့်လား ...

ကံကြမ္မာကြောင့်လား ... ။

ညက ...

တောင်ပေါ်စခန်းမှာ သူ ဆက်မနေနိုင်လောက် အောင် ဖြစ်ရသည်။

မိုးဝသုန်ကြောင့်ပဲ။



မိုးထစ်ချုန်းလျှင် သူမ အရမ်းကြောက်တတ်ခဲ့ သည်။ သူ စိတ်ပူပြီး ပြန်လာတာပါ။

အချစ်တွေလား ...

မိန်းကလေးတွေနဲ့ ပတ်သက်ပြီး သူ အကင်းရှင်းဆုံး နေခဲ့သည်။ နီးစပ်မှု မရှိခဲ့။

မိုးဝသုန်ပဲ ... ။

သူ အမုန်းဆုံးမိန်းကလေးက သူနှင့် အနီးစပ်ဆုံး ဖြစ်နေရသည်။

မိုးဝသုန်ကို သူ့အနားမှာ ရှိနေစေချင်ပေမဲ့ ဂှာလုရဲ့ အကြည့်တွေကိုလည်း ရင်ဆိုင်ရမှာ ကြောက်နေမိသည်။

"ဆရာလေး ရှုံးပြီလား ..."

အတိတ်က အရိပ်တွေ ...

မိုးဝသုန်လက်မှာ ဒဏ်ရာနှင့်ဖြစ်၍ သူ ဆရာဝန် တစ်ယောက်အနေနှင့် ကြည့်ပေးသင့်သည်ဟု ထင်မိသည်။

ဒါပေမဲ့ ...

ဥပေက္ခာပြုထားမိသည်။

မကြည့်ပေ။

ဒဏ်ရာ ဘယ်လိုနေလဲဟုပင် မမေးခဲ့။

သိစိတ်တွေက မုန်းတီးနေပေမဲ့ မသိစိတ်တွေက ပုန်းနေတာလား။

"ကိုကို ..."

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"သံပရာရည် တစ်ခွက်လောက်တော့ ကိုကို သောက်လိုက်ပါနော် ..."

မင်း ဘာဖြစ်လို့ အိမ်မှုကိစ္စတွေကို လုပ်နေရတာလဲ မိုးဝသုန်။

လက်မှာ ဒဏ်ရာနဲ့ ...။

သူ ...

အရမ်းမူးသွားသည်။

သောင်းကျန်းမိ၏။

ငါ့စိတ်တွေ အရမ်းခံစားနေရလို့ပါ မိုးဝသုန်။

မင်း မလာပါနဲ့။

ငါနဲ့ အဝေးဆုံးကို မင်းထွက်သွားစမ်းပါ။

"ဆရာလေး ... ဒီလို သောကဝေဒနာတွေနဲ့ ဘဝလျှောက်လုံး သယ်ဆောင်သွားတော့မှာလား ..."

ဒဿက ပြောခဲ့သည်။

"မိုးဝသုန်မှာ အပြစ်မရှိပါဘူး ... ဆရာလေး ဒီမိန်းကလေး မပေါင်းသင့်တော့ပါဘူး ..."

ဒဿက ကွာရှင်းစေလိုသည်။

ပေါင်းသင်းနေသရွေ့ ဆရာလေး စိတ်သောကဖိစီးရလိမ့်မယ်တဲ့။ မဖြစ်သေးပါဘူး။

မိုးဝသုန်နဲ့ ကွာရှင်းလိုက်ရမလား။

အားလုံး ပြတ်ပြတ်သားသား ဖြေရှင်းလိုက်ရင် အကောင်းဆုံး ထင်ပါတယ်။



သူ ...

တွေဝေနေမိသည်။

ကွာရှင်းဖို့အတွက် ဝန်လေးနေမိ၏။

မိုးဝသုန်နဲ့ ပြုစုနေတာကိုပဲ သဘောကျမိနေသည်။

"ဆရာလေး ... မိုးဝသုန်ကို ခပ်နှိမ်နှိမ် ဆက်ဆံစမ်းပါ ... အိမ်ကာ အစေအပါးလောက်ပဲ သဘောထားပါ ..."

ကာလုက သူ့အတွက် နာကြည်းပေးနေတာပဲ ဖြစ်သည်။

သူနှင့် အနီးစပ်ဆုံးနေတာက ကာလုပဲ မဟုတ်လား။

မိုးဝသုန်က အနားမှာ သံပရာရည်ခွက် ချပေးထားသည်။

သူ ...

ယူပြီးသောက်ချင်တဲ့ ဆန္ဒတွေကို မျိုသိပ်ထားရသည်။

"မိုးဝသုန် ..."

"ရှင် ..."

"မင်း ပြန်ပါ ... မင်းလိုချင်တဲ့ ပစ္စည်းတွေ လိုအင်ဆန္ဒတွေ အတိုင်း တောင်းဆိုနိုင်ပါတယ် ..."

"ရှင် ..."

"မင်းအဖေဆီကို မင်းပြန်ပါတော့ ..."

"ကျွန်မ ပြန်ဖို့စိတ်ကူး ဘယ်တော့မှ မရှိပါဘူး ကိုကို ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ကိုကို့ကို ချစ်လို့ပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ငါ ... မင်းကို မချစ်ဘူး ..."

ကိုကို လိမ်တာပါ။

ရှင် ...

ဟန်ဆောင်နေတာပဲ။

ညက ကျွန်မကို ရှင် အရမ်းချစ်တယ်လို့ တတွတ်တွတ် ပြောနေခဲ့တယ်လေ။

ရှင့်နှလုံးသားတွေက ကျွန်မကို ချစ်မြတ်နိုးနေတာပါ ကိုကို။

အဲဒီအချက်တွေကို ကျွန်မ ရှာဖွေသိရှိသွားရပါပြီ။

"ကျွန်မက ... ကိုကို့ဇနီး ဖြစ်နေပါပြီ ... ကျွန်မအိမ်ထောင်ရေးကို ကျွန်မ လုံးဝပြိုကွဲဖို့ မလုပ်ဆောင်နိုင်ဘူး ..."

"မင်း ငါ့အနားမှာ ရှိနေတာ ... ငါ့စိတ်တွေ ပိုပြီးနာကျင်နေရတယ် ..."

"ကိုကို ... ကျွန်မကို ဘာဖြစ်လို့ မုန်းရတာလဲ ..."

သူ ...

မပြောချင်။

အတိတ်ကအကြောင်းတွေကို ပြန်ပြောပြရင် ငါ မင်းကို သတ်ပစ်မိမလားဘဲ မိုးဝသုန်။

"ပြောစမ်းပါ ... ကိုကို ကျွန်မကို ဘာဖြစ်လို့ မုန်းနေရတာလဲဟင် ..."

"မသိဘူးကွာ ... မင်း ငါ့ကို ဘာမှလာမေးမနေနဲ့ ... မင်းပြန်ရင် ပြန်လို့ရတယ်နော် ... ဒီမှာနေရင် မင်း စိတ်ထိခိုက်



ကြေကွဲနေရမှာပဲ ... ငါ့နှလုံးသားထဲမှာ မင်းမရှိဘူး မိုးဝသုန်"

ကိုကိုရယ် ...

ကျွန်မကို သိပ်ချစ်တယ်လို့ ပြောခဲ့တာပဲဟာ။

အရမ်းမူးနေတဲ့ အချိန်မှာ ကိုကို ပြောခဲ့တယ်ဆိုပေမဲ့ ကိုကို့အတွင်းစိတ်တွေရဲ့ ခံစားချက်တွေ ပွင့်အံထွက်လာတာပါ။

"ကိုကိုရယ် ... ကျွန်မ ဒီမှာပဲနေမယ် ... ကျွန်မ ဘယ်လိုပဲ နေရနေရပါ ..."

ကိုကိုနှင့် ဒက်ဒီတို့အကြားမှာ မုန်းတီးနာကြည်းစရာတွေ ရှိသည်ဟု ထင်မိသည်။

ဘာတွေလဲ ...

မေမေ့ကြောင့်လား။

ကိုကို့ကို ထားခဲ့ပြီး သူမ အိမ်မှုကိစ္စတွေ လုပ်နေမိသည်။ ကျွန်မက အိမ်ရှင်မပဲ။

အိမ်မှုကိစ္စတွေ လုပ်ရတာ မပင်ပန်းပါဘူး ကိုကိုရယ်။

ဒက်ဒီကြောင့် ကိုကို့ရင်ထဲမှာ နာကြည်းမုန်းတီးမှုတွေ ရှိနေရင်တောင် ကျွန်မ ပေးဆပ်ချင်ပါတယ်။

ကျွန်မ ... ကိုကို့အနားမှာနေတာ အမွေအတွက် မဟုတ်ပါဘူးနော်။

ကိုကို့ကို ချစ်လို့ပါ။

မိုးဝသုန်ရဲ့ ဘဝမှာ ယောကျ်ားလေးတစ်ယောက်ကို ရင်းနှီးကျွမ်းဝင်ဖူးတာ ကိုကိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ...

ကျွန်မကို စိမ်းလိုက်တာ။

လက်မှာ ဒဏ်ရာရတာပင် မသိချင်ယောင် ဆောင်နေသည်။

ဥပေက္ခာ ပြုထားခဲ့၏။

အပြင်မှာတော့ ကျွန်မအပေါ် စိမ်းကားသယောင် ဟန်ဆောင်နေတာပါ။

"မိုးဝသုန်ကို ချစ်တယ် ... ကိုကို ... မိုးဝသုန်ကို အရမ်းချစ်တယ် ..."

ကိုကိုပြောခဲ့တဲ့ စကားတွေကို သူမ ကြားယောင်လာမိသည်။

ရှင့်နှလုံးသားတွေထဲမှာ ကျွန်မ ရှိနေတာတော့ ကျွန်မ ယုံကြည်ပါတယ်။

ကိုကို စိတ်တွေပြေပြီး ကျွန်မကို ချစ်မြတ်နိုးလာမဲ့ နေ့ရက်တွေ ကျွန်မ မျှော်လင့်နေမိပါတယ် ကိုကို။

ဘာပဲဖြစ်ဖြစ် ...

ကျွန်မ ...

ကိုကို့အနားမှာပဲနေမယ်။

မိုးဝသုန် စိတ်မညစ်တဲ့အပြင် ညက ကိုကို့အပြုအမူတွေကို တွေးမိပြီး ကျေနပ်ပီတိဖြစ်နေမိသည်။



အခန်း(၂၁)

"တူမလေး ..."

"ဟင် လေးလေး ..."

"လက်က ဘာဖြစ်တာလဲ ..."

"ဖန်ကွဲရှတာပါ ..."

"ညက ... တူမလေးခင်ပွန်းက ဘာဖြစ်တာလဲ ... ဒေါသတကြီး အော်ဟစ်နေတယ် ..."

မိမိလည်း အိပ်မရ။

ချောင်းက ဆိုးနေသည်။

တူမလေးရှေ့မှာ အတတ်နိုင်ဆုံး ဟန်ဆောင်နေရော်။

အခြေအနေက မလွယ်တော့။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာဖြင့် ဖိကိုက်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ... နေမကောင်းဘူး ထင်တယ် ..."

"ကောင်းပါတယ် ..."

"ကျွန်မအတွက် ဘာမှ စိတ်မပူပါနဲ့နော် ..."

"စိတ်ပူတာပေါ့ ဝသုန် ... လေးလေးအချစ်ဆုံး တူမလေး ဟာ ... ညက လေးလေး အိပ်လို့တောင်မပျော်ဘူး ..."

"သူ အရက်မူးနေတာပါ ..."

"သုန်သုန် ..."

"ရှင် ..."

"တူမလေးဟာ အိမ်မှာ ဘာမှမယှဉ်ရဘဲ ... အေးအေးချမ်းချမ်းလေး နေလာရတာပါ ... အခု ကြည့်စမ်း ... အရမ်း ကြမ်းတမ်းနေပါလား ..."

လေးလေးကို သူမ ဘယ်လိုရှင်းပြရမှန်းပင် မသိ တော့။

ပြန်ပါဆိုတော့လည်း လေးလေးက မပြန်။ တူမကို စောင့်ရှောက်နေသည်။

ကျွန်မဘဝနဲ့ ကျွန်မပဲ။

"လေးလေး ..."

"ဟင် ..."

"ပြန်ပါနော် ... ဟိုမှာက လေးလေး ဆေးကုဖို့ အခွင့်အလမ်း ရှိပါတယ် ... ဒီမှာက မရှိဘူး ... ကြာရင် လေးလေး ပြန် ရောက်လိမ့်မယ် ..."

"တူမလေးကို လေးလေး လုံးဝစိတ်မချဘူး ..."



"လေးလေး နေကောင်းပါတယ် ..."

မိုးသောက်ကြယ် တမင်သက်သက် နှိပ်စက်နေ သည်ဟု ထင်မိသည်။

တူမလေးကို ပညာရှိ နှိပ်စက်နေတာပဲဖြစ်၏။

မကြည့်ရက်တော့ ... ။

"လေးလေးတို့ ရန်ကုန်ပဲ ပြန်ကြရအောင်နော် တူမလေး၊ ဟိုမှာ အစ်ကိုကြီးလည်း နေမကောင်းဘူး မဟုတ်လား"

"ဟင့်အင်း ..."

"သုန်သုန် ..."

"သမီးက အိမ်ထောင်ရှင် ဖြစ်နေပါပြီ လေးလေး ... ဒီမှာပဲ နေပါရစေ ..."

"လေးလေးစိတ်ထဲမှာ သမီးလေး အနှိပ်စက်ခံနေရတယ်လို့ ထင်မိတယ် ..."

"ဘာပဲဖြစ်ဖြစ် ... ကျွန်မအိမ်ထောင်ရေး မပြိုကွဲချင်ပါဘူး လေးလေးရယ် ..."

"မင်း ဘယ်ဘဝကို ရောက်နေပြီလဲဆိုတာ ... မင်း သိရဲ့ လား သုန်သုန် ..."

"သမီး ဘယ်ဘဝပဲရောက်ရောက် နေချင်တယ် ..."

မိမိ ဘယ်လိုမှ ပြောမရ။

တူမလေးကိုပဲ သနားနေမိသည်။

ဒုက္ခပါပဲ။

"လက်ဘဒေါ်ရာကို လေးလေး ကြည့်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်တော့ပါဘူး လေးလေးရဲ့ ... နည်းနည်းပါးပါး ရတာပါ ... "

"သုန်သုန် ... "

"သုန်သုန် သွားတော့မယ် ... တကယ်ဆို သုန်သုန်က အိမ်ရှင်မတစ်ယောက်ပါ လေးလေးရဲ့ ... အိမ်မှုကိစ္စတွေ လုပ်ရတာ ဘာဖြစ်လဲ ... "

"အရင်က သုန်သုန် ဘာမှမလုပ်ရဘူး မဟုတ်လား ... "

"အခု အိမ်ရှင်မ ဖြစ်နေပြီလေ ... "

မပြောနိုင်တော့ ...

အစ်ကိုကြီးက သမီးတို့ လင်မယားကြား ဝင်မပါနဲ့တဲ့။

တူမလေး ထွက်သွားသည်။

"အဟွတ် ... အဟွတ် ... "

"အဟွတ် ... "

"အဟွတ် ... "

မိမိ ချောင်းတွေဆိုး၍ အသက်ရှုကျပ်ချင်သည်။

တူမလေးကို ထားခဲ့ပြီး ရန်ကုန် ပြန်ဖို့လည်း မဖြစ်နိုင်ပေ။

စိတ်ပူမိသည်။

နေရမှာပဲ ... ။

"အဟွတ် ... "

"အဟွတ် ... "



ဆေးသောက်သည်။

"ဦးမိုးခင်ယော် ... "

"ဘာလဲ ကာလု ... "

"ခင်ဗျားရောဂါက ကူးစက်တတ်တာပဲ ... "

"အဲဒါ ဘာဖြစ်လဲ ... "

"ကျုပ်က ... ဒီအိမ်ကြီးရဲ့ ကိစ္စအဝဝကို စီမံခန့်ခွဲရတာဆိုတော့ ... ခင်ဗျား ... ဒီကနေ ထွက်သွားသင့်တယ်လို့ ပြောချင်တယ် ... "

"ဘာကွ ... "

"ခင်ဗျား ရန်ကုန်ပြန်ပြီး ဆေးကုပါ ... "

"ဒါ ... ငါ့တူမအိမ်ပဲ ... မင်းက အရှင်သခင်မှ မဟုတ်တာ၊ မင်းစကားတွေကို ငါ နားမထောင်နိုင်ဘူး ... "

"ခင်ဗျား ပြန်ပါ ... "

"ငါ့တူမကို ထားခဲ့ပြီး ငါ ဘယ်မှမသွားဘူး ... ငါ ဒီမှာပဲ နေမယ် ... မင်းတို့ ငါ့တူမကို နှိပ်စက်နေကြတာပဲ ... "

"အဲဒါ ... သူတို့အိမ်ထောင်ရေးကိစ္စပါ ... "

ဦးမိုးတိမ်ယံရဲ့ မိသားစုဝင်တွေကို အမြင်ကတ်နေမိ

ဘယ်သူမှ မထားချင်။

ကာလု မုန်းနေမိသည်။

သေလာမြိုင်ရဲ့ စည်းစိမ်ဥစ္စာတွေကို အချောင်ရယူသည်ဟု ထင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ရောဂါသည်ပဲ ..."

ဦးမိုးဇင်ယော် ပြန်သွားမှ မိုးဝသုန်ကို ပို့နိုင်ကျ
ကောင်းမည်။

ဆရာလေးတို့ မိသားစုတွေကို အပြုံးပြုံးအကွဲ
သေတွင်းထဲ ပို့တဲ့လူတွေ။

"ခင်ဗျား ... ချောင်းဆိုးရောဂါကြီးနဲ့ ဟိုလျှောက်သွ
လျှောက်သွား မလုပ်ပါနဲ့ ..."

"မင်းက ..."

မိမိစိတ်ကို ထိန်းလိုက်သည်။

ကာလုက ဒီမှာ အမြှော်ကစား ခံနေရသူဖြစ်
မပြောရဲ ...

သုန်သုန် ...

အနှိပ်စက်ခံနေတယ်။

ဦးမိုးဇင်ယော် အသက်ရှူ ပို၍ကျပ်လာရသ
မိုးကလည်း အေးနေ၏။

ရင်ကျပ်သည်။

ကူးစက်မှာ စိုးလို့တဲ့။

ကာလု ...

မင်း လူစွာလုပ်နေတယ်။

ဦးမိုးဇင်ယော် ဒေါသတွေနှင့် ကုန်ခဲ့သည်။

ကာလုကတော့ ဆရာလေးဆီ ရောက်လာ

"ဆရာလေး ..."



"ဟင် ... ကာလု ..."

"ရှိုးသွားတော့လော ..."

"အင်း ..."

"ကားအဆင်သင့် ဖြစ်နေပါပြီ ... ပေးပါ မိုးဝသုန် ... ကျုပ်
လိုက်ပို့မယ် ..."

မိုးဝသုန်ဆီကအိတ်ကို အတင်းလုယူလိုက်မိသည်။

"လာ ... ဆရာလေး ..."

ကားနားရောက်လာ၏။

"ဆရာလေး ..."

"ဟင် ..."

"ဟိုရောဂါသည်လူကို ... ကာလု မောင်းထုတ်ပစ်လိုက်
တယ် ..."

သူ ...

ဘာမှမပြောလိုပေ။

ကာလုသဘောပဲ။

ဦးမိုးဇင်ယော်ကိုလည်း သူ အမြင်ကတ်မိသည်။

"မပြန်ဘူးတဲ့ ..."

"ကာလု ..."

"ဆရာလေး ပြောပါ ..."

"နေပါစေ ..."

"ဟင် ..."

"သူတို့အားလုံး ဒီမှာ စိတ်သောကတွေ ခံစားနေရတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သေလာမြိုင်မှာ ကျက်သရေတုန်းတယ် ... ကျူပ်က
အားလုံးကို မောင်းထုတ်ပစ်ချင်တာ ... "

မိုးဝသုန် ဆရာလေးနဲ့ ပေါင်းနေတာကို
ကြည့်မရ။

ဆရာလေးဘက်က အရှုံးပေးသွားမှာ စိုးမိသ

"ဆရာလေး ... "

"ဟင် ... "

"ဆရာလေးက ... အမေနှစ်ယောက်လုံး စိတ်သော
ရောက်ပြီး သေဆုံးသွားရတာနော် ... "

"ဟုတ်တယ် ကာလု ... "

"ဆရာလေး ... မိုးဝသုန်ကို အရှုံးပေးသွားမှာ အရှုံး
တာပဲ ... "

"မပေးပါဘူး ကာလု ... ငါ အမုန်းဆုံးက ဒီမိန်းမပဲ

သူ ...

ကားထဲဝင်လိုက်သည်။

ဒီမိန်းမကို အမုန်းဆုံးပဲဟု ပြောလိုက်ပေမဲ့ သူ့
သားတွေက လက်မခံပေ။

ညက ...

ချစ်တယ်လို့ ပြောမိလား။

သူ့အတွင်းစိတ်မှာ မိုးဝသုန်ကို ချစ်နေမိသ

"ဆရာလေးအမေနှစ်ယောက် ဘဝကို နင်းခြေပစ်
တစ်ယောက်ရဲ့ သမီးလေ ... "



ဟုတ်တယ်။

သူ ...

မချစ်သင့်ဘူး။

မုန်းသင့်တယ်။

နာကြည်းသင့်တယ်။

မေမေခင်တွာညီနဲ့ အမေ့ကို စိတ်သောကတွေဖိစီး
ပြီး သေမင်းနိုင်ငံဆီ ပို့လိုက်တဲ့လူရဲ့သမီး။

ကားကို ဂရုတစိုက် မောင်းနေမိသည်။

လုပ်ငန်းခွင်ထဲ ရောက်လာ၏။

ကာလု ...

ငါတော့ ... မိုးဝသုန်ကို အရှုံးပေးရတော့မယ်ထင်
တယ်။

စိတ်တွေက အရမ်းကို ခံစားနေရတယ်ကွာ။

မိုးဝသုန်လက်မှာ ဒဏ်ရာတွေ ရနေတယ်။

ငါ အရမ်းစိတ်ပူနေတယ် ... ။

သူ ...

နေလို့မရ။

ဆရာဝန်တစ်ယောက်ဖြစ်ပြီး ဇနီးမယားကို ဆေးစစ်
ဆေးကုသတာတွေ ဘာမှမလုပ်ခဲ့။

ဥပေက္ခာပြုထားသည်။

ဖုန်းဆက်ရင် ကောင်းမလား။

မိုးဝသုန် ...

www.burmeseclassic.com

www.burmeseclassic.com



မင်း နာကျင်နေမလား။

ဒုက္ခပါပဲကွာ။

ငါ့စိတ်တွေက မင်းကို အရှုံးများ ပေးနေမိပြီလား။

ကာလုဆီက ဖုန်းလာသည်။

မိုးဝသုန်များ တစ်ခုခုဖြစ်ပြီလားဟု စိတ်ပူသွားရ၏။

"ဆရာလေး ..."

"ဘာလဲ ကာလု ..."

"မိုးဝသုန်ကို ... ဆရာလေး ငယ်ချစ်ဟောင်းနဲ့ တွေ့နေပြီလို့ ပြောလိုက်တယ် ..."

"ဘာ ..."

"မိုးဝသုန်ကို စိတ်သောကရောက်အောင် ဇာတ်ဆင်ရေး လုပ်တာလေ ..."

"ဟင် ..."

"ကာလု မသိမသာ ပြောလိုက်တာ ... ဆရာလေးက မင်းကို မချစ်ဘူး ... ဆရာလေးမှာ ငယ်ချစ်ဦးရှိတယ်လို့ ..."

သူ ...

ကာလုကို ဘယ်လိုတားရပါ့မလဲ။

မိုးဝသုန်နှင့် ပဋိပက္ခတွေ မဖြစ်စေလိုပေ။

"ဆရာလေး ..."

"ဟင် ..."

"ကောင်းတယ်မဟုတ်လား ..."

"ကောင်းတယ် ကာလု ..."



ကောင်းတယ်ပဲ ပြောရမှာပဲ။

မိုးဝသုန် ...

မင်း ခံစားနေရပြီလားကွာ။

ငါ့စိတ်တွေက မင်းဆီပဲ ရောက်နေတာပါ။

"မိုးဝသုန်ကို စိတ်ဒုက္ခရောက်အောင် လုပ်ရတာ ဆရာလေးရဲ့ ... ခွန်းကျပ်နေတဲ့စိတ်တွေ ပြေလျော့သွားစေတာပဲ မဟုတ်လား ... ဆရာလေးအမေ ခံစားနေရသလို မိုးဝသုန်လည်း ခံစားနေရပြီလေ ..."

ကာလု ...

ခံစားနေရတာ ငါ ဖြစ်နေပြီ။

မိုးဝသုန်ကို စိတ်သောကတွေ ခံစားစေတာထက် ငါ့နှလုံးသားတွေထဲမှာ အရှိန်းကို ခံစားနေရတယ်။

"မိုးဝသုန်က ... ဆရာလေးကို ချစ်နေတယ်လေ ... ဝဋ်လည်တာပါပဲ ဆရာလေးရာ ..."

ကာလုက ရယ်ပြီး ဖုန်းချသွားတော့သည်။

သူ့စိတ်ထဲမှာ အလိုမကျမိ။

မိုးဝသုန်က သူ့ကို တစ်မျိုးထင်သွားမှာပဲ စိတ်ပူလာရသည်။

မိန်းမတွေကို သူ ဘယ်လိုမှ စိတ်မဝင်စားခဲ့ပေ။

အချစ်ဦးလည်းမရှိ ...

မိုးဝသုန် ...

ငါ့ဘဝထဲ ရောက်လာတာ မင်းပဲရှိပါတယ်ကွာ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဦးဆိုတာလည်း မရှိပါဘူး။

ငါ ဘယ်လိုရှင်းပြရမလဲ ... ။

အိမ်ပြန်ချင်နေသည်။

မိုးဝသုန် စိတ်သောကတွေ ခံစားရမှာလည်း ပျော်လားမိပေ။

"ဆရာလေး အရှုံးမပေးပါနဲ့ ... ဒေါ်လေးစံပယ်အတွက် ဒီမိန်းမကို အနိုင်ယူစမ်းပါ ..."

မေမေခတ္တာ ...

အမေ ...

သား ... မိုးဝသုန်ကို ချစ်မိနေပြီ။

"မေမေ့သမီးလေးမှာ အပြစ်မရှိပါဘူး ... သား စောင့်ရှောက်ပါ ..."

မိုးဝသုန်ကို စောင့်ရှောက်ဖို့ သူ့မှာ တာဝန်ရှိသလို ခံစားလာရသည်။

အချစ်တွေ ခံစားနေရ၏။

မိုးဝသုန်ထံ သူ့စိတ်တွေက တမ်းတစွာ ရောက်နေသည်။



အခန်း(၂၂)

သူမရဲ့ မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်နေရသည်။

ကိုကာလုကတော့ ကိုကို့လူယုံပဲ။

ကိုကို့မှာ ချစ်သူရှိတယ်တဲ့။

ချစ်သူနဲ့ ပြန်ဆက်သွယ်နေတယ်တဲ့။

"မင်းကို ... မချစ်မနှစ်သက်ဘဲ လက်ထပ်ထားရတာဆိုတော့ ... စိတ်သောကတွေ အရမ်းခံစားနေရတယ်လေ"

သူမ ပြန်သွားသင့်လား ...

လေးလေးလည်း နေမကောင်းပါဘူး။

သူမ ရှိနေသရွေ့ လေးလေးလည်း ရန်ကုန်ပြန်မှာမဟုတ်ပေ။

"လေးလေး ... တူမလေးကို စိတ်မချဘူး ... လေးလေး သေရင်လည်း ဒီမှာပဲ သေမယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ပြောမရ ...

သူမအတွက်လည်း လေးလေး စိတ်သောကရောက်နေပုံပင်။

ကိုကိုနှင့် သူမ လက်ထပ်တာ ငါးလလောက် ရှိပြီ။ အိမ်ထောင်ရေးက အစဉ်ပြေသည်မရှိခဲ့ပေ။

နေ့စဉ် ...

စိတ်သောကတွေ ခံစားနေရတဲ့ကိုကို ...

အရက်သမားကြီးဘဝ ရောက်နေပြီလား။

ဒါပေမဲ့ ...

ကျွန်မ ကိုကို့အနားမှာပဲ နေချင်ပါတယ်။

ထွက်မသွားပါရစေနဲ့နော်။

"မင်း အမွေတွေကြောင့်လား မိုးဝသုန် ... ဆရာလေးဆီမှာ တောင်းဆိုလိုက်ပါ ... အကောင်းဆုံးကတော့ ငင်းပြန်ဖို့ပဲ"

"ကျွန်မ ... ကိုကို့စိတ်တွေ အမှန်တရားကို နားလည်လာတဲ့အထိ စောင့်နေမှာပါ ... အမွေအတွက် မဟုတ်သလို ဘာမှလည်း တောင်းဆိုစရာမလိုပါဘူး ..."

သူမက သေလာမြိုင်ရဲ့ အမွေဆက်ခံခွင့်ရှိတဲ့ အရှင်သခင်မပဲ။

အိမ်တော်စိုးကြီး ကာလုက မလေးစား လုပ်နေသည်ဟု လေးလေးက မြင်သည်။

သူမ ...

သည်းခံနေမိသည်။



လေးလေးရယ် ...

ကျွန်မ ကိုကို့ကို ချစ်လို့ပါ။

တည်ဆောက်ထားတဲ့ အိမ်ထောင်တစ်ခုကိုလည်း မပြိုကွဲချင်ဘူး။

ကိုကို့အနားမှာပဲနေဖို့ သူမ ဆုံးဖြတ်ထားပြီးသားဖြစ်သည်။

အိမ်တော်စိုးကြီး ကာလုက ကိုကို့လူယုံဖြစ်၍ သူမ အတတ်နိုင်ဆုံး သည်းခံနေခဲ့၏။

"မမိုးဝသုန် ..."

"ဟင် ..."

"အိမ်မှုကိစ္စတွေ ဒီလောက်အထိ မလုပ်သင့်ဘူးလို့ ထင်တယ် ..."

ဆရာလေးထက် ကာလုက ပို၍ မမိုးဝသုန်အပေါ် မလိုမုန်းထား ဖြစ်နေသည်ဟု ဒဿ ထင်မိသည်။

မမိုးဝသုန်က အရှင်သခင်မပဲ။

"အိမ်သန့်ရှင်းရေး ကျူပ်လုပ်လိုက်ပါ့မယ် မမိုးဝသုန် ..."

ကာလုက အိမ်တော်စိုးကြီးဖြစ်၍ မောက်မာနေသည်။

ဆရာလေးရဲ့ တွဲဖော်တွဲဖက် ဖြစ်၍လည်း ဆရာလေးကလွဲပြီး ဘယ်သူ့ကိုမှ လူမထင်ပေ။

"ကျွန်မ လုပ်နိုင်ပါတယ် ကိုဒဿ ... အိမ်ရှင်မပဲ၊ ဒီလောက်လေးတော့ လုပ်ရမှာပဲလေ ..."

www.burmeseclassic.com

www.burmeseclassic.com



ကာလု ...

မင်း အကျင့်ယုတ်တာပဲ။

ထမင်းချက် သန့်ရှင်းရေးတွေကို မင်း တမင်မခန့်တာ မဟုတ်လား။

ဒဿက ခြံစောင့်။

အရှိန်အဝါ နိမ့်သည်။

ဆရာလေးနဲ့ အရင်းနှီးဆုံးက ကာလုပဲ။

"မင်းက ... ဒီအိမ်ကြီးရဲ့ အရှင်သခင်ပါ မမိုးဝသုန် ... ကျုပ်တို့ အလုပ်သမားတွေက လေးစားရမှာပါ ... ကျုပ် လုပ်ပျမယ် ... မင်း အနားယူပါ ... "

"ရပါတယ် ကိုဒဿ ... ကျွန်မအတွက် ဘာမှအပန်းမကြီးပါဘူးနော် ... "

သူမ လုပ်နေသည်။

ကိုဒဿက ဓွတ်အတင်းဝင်ရောက် လုပ်ကိုင်ပေးနေ၏။

"ကိုဒဿ ... "

"ဟင် ... "

"ကိုကိုနဲ့ ကျွန်မဒက်ဒီတို့အကြား ဘာတွေများ နာကြည်းချက်တွေ ရှိနေလဲ ... "

"ကျုပ် တကယ်မသိတာပါ မမိုးဝသုန် ... ကျုပ်က ခြံစောင့်ပဲ ... ခြံထဲမှာပဲ အနေများတယ် ... ဒေါ်လေးစတ္တာညို အတွက် ဖြစ်မှာပါပဲ ... "



"ဘာပဲဖြစ်ဖြစ် ... ကျွန်မ ကိုကို့အတွက် ပေးဆပ်ချင်ပါတယ်၊ အမွေတွေ ဘာမှမလိုချင်ပါဘူးနော် ... "

"မမလေးကို ကျုပ် ယုံပါတယ် ... စိတ်သဘောထား ဖြူစင်တဲ့ မိန်းကလေးပဲ ... ဒီလို မဖြစ်သင့်ပါဘူး ... "

မိုးဝသုန်နှင့် ဒဿကို မကျေမနပ် ကြည့်နေသူက ကာလုပင်။

ဒဿ ...

ဘာဝင်ရှုပ်နေတာလဲ။

မိုးဝသုန်ဆိုတဲ့ မိန်းမကို ဘာမှသနားနေစရာ မလိုပါဘူး။ ဦးမိုးတိမ်ယံရဲ့ သမီးပဲ။

ဆရာလေးတို့မိသားစုအပေါ် အကောက်ကြံခဲ့တဲ့ သူကြီး။

ဒေါ်လေးစတ္တာညိုနဲ့ ဒေါ်လေးစံပယ်တို့က ကာလုတို့ရဲ့ ကျေးဇူးရှင်တွေ။

ဒဿကို အမြင်စောင်းနေမိသည်။

ဒီအိမ်မှာ ကာလုပဲ အရေးအရာရှိနေရမယ်။

မိုးဝသုန် လုပ်ရမဲ့ကိစ္စတွေမှာ ဒဿက ဝင်လုပ်နေသည်။

ဘာသဘောလဲ ... ။

ဒဿကိုပင် ကာလု အမြင်ကတ်လာရသည်။

သေလာမြိုင်ကို အကာအကွယ်ပေးရမှာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာဝင်ရှုပ်တာလဲ ကာလု။

ဦးမိုးဇင်ယော်နှင့်လည်း အရောတဝင် လုပ်နေတာ ကာလု သဘောမကျမိ။

ဒီလူတွေကို ကာလု မုန်းမိသည်။

ဆရာလေးနဲ့ မိုးဝသုန်တို့ ကင်းကွာသွားအောင် လုပ်ရမယ်။

မနီးစပ်စေချင်ပေ။

ကြာရင် ...

မိုးဝသုန်အပေါ် ဆရာလေး ချစ်မြတ်နိုးသွားမလား ပဲ။

ဟိုနေ့ကပဲကြည့် ...

တောင်ပေါ်စခန်းမှာ ဆရာလေး နေနိုင်ပါလျက် ပြန်ရောက်လာသည်။

ဆရာလေးရဲ့ နှလုံးသားတွေထဲမှာ မိုးဝသုန် ရှိနေပြီလား။

ကာလု တစ်ယောက်တည်း မကျေမနပ် ဖြစ်နေ သည်။

"ကာလုကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တဲ့ဒသ မင်း သိမယ် ... ဘာလဲ မိုးဝသုန်ကို ကပ်ပြီး လူတွင်ကျယ် လုပ်ချင်နေတာလား ..."

ကာလု ကြမ်းနေမိသည်။

ဒသကတော့ ဘာမှမသိ။



ရှိုးသားသူ ...

လူတစ်ဘက်သား ဒုက္ခရောက်နေတာကို လုံးဝ ပကြည့်ရက်ပေ။

မမိုးဝသုန် မတရား နှိပ်စက်ခံနေရသည်ဟု ဒသ ထင်မိသည်။

ဆရာလေးရဲ့စိတ်တွေ အမြင်မှန်ရပြီး အေးချမ်းစေ ချင်မိ၏။

ဒသ ဘယ်လိုလုပ်ရမလဲ။

အကာအကွယ် ပေးရမလဲ။

မမိုးဝသုန် အလုပ်တွေကို ဒသ ဝိုင်းကူလုပ်ပေး နေမိသည်။

"ဒသ ..."

"ဟင် ကာလု ..."

"မင်းအလုပ်က ခြံစောင့်ပဲ မဟုတ်လား ... ဒီအိမ်ကြီးထဲမှာ မင်းဝင်စွက်ဖက်စရာ ဘာအကြောင်းမှမရှိဘူး ..."

"ကာလု ... မမိုးဝသုန်ဟာ ဒေါ်လေးခတ္တာညီရဲ့ သမီး အရင်းတစ်ယောက်နော် ..."

"မင်းနဲ့ ဘာဆိုင်လဲ ..."

"ကိုယ့်ထမင်းရှင်ရဲ့ သမီးက ... ဒီမှာ အစေအပါးလို အနှိပ် စက် အညှဉ်းပန်းခံနေရတာ မသင့်တော်ဘူးထင်တယ် ကာလု ..."

"မင်းနဲ့ဘာဆိုင်လဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကာလုရာ ... မင်းက မဆီမဆိုင် ဘာလို့ မမိုးဝသုန်ကို မုန်းတီးနေရတာလဲကွာ ... ဒီအိမ်နဲ့ခြံက မိုးဝသုန်ရဲ့ အမွေဆိုင်လေ ... "

"မင်းပါးစပ်ကို ပိတ်ထားစမ်းပါ ဒဿ ... ငါနဲ့ ဆရာလေးကိစ္စပဲ ... မင်း အေးအေးဆေးဆေးနေပါ ... "

"ကာလု ... "

"မင်း ဘာမှဝင်စွက်ဖက်စရာ မလိုဘူး ... မင်းက ခြံစောင့်ပဲ ... "

"ကာလု ... မင်း ... "

"မင်း ဒီအပေါ်ကို တက်လာစရာမလိုဘူး ... မင်း ခြံထဲမှာပဲ ဒဿ ... "

ကာလု ထွက်လာခဲ့သည်။

ဒဿသည် ကာလုအမိန့်ကို မနာခံဘဲ ,အိမ်ကြီးထဲဝင်ထွက်နေ၏။

ဦးမိုးဇင်ယော်နှင့် မိုးဝသုန်ကို အားပေးကူညီနေသည်။

ဒဿ ...

မင်းသိမယ်။

အိမ်တော်စိုးကြီး ကာလုကို မင်း ဘယ်တော့မှ ကျောလို့မရဘူး။

ကာလု မကျေမနပ်နှင့် ထွက်လာခဲ့သည်။

မိုးသောက်ကြယ်ကတော့ ... မိုးဝသုန်ဆိုတဲ့ မိန်း



ကလေးကို မေ့ပစ်လို့ မရမှန်း တဖြည်းဖြည်း သိလာရ၏။

သူ ...

ချစ်မိနေပြီလား။

ဒဿ ပြောသလိုပဲ သူ့ဘဝကို သောကဒုက္ခတွေနဲ့ ဖြတ်သန်းမလား ... ။

အိမ်ပြန်မယ် ...

မိုးဝသုန်ရဲ့ အပြုစု အယုယလေးကို ခံယူချင်မိသည်။

"ပြီးတာတွေ ပြီးခဲ့ပြီပဲ ဆရာလေးရယ် ... ဒေါ်လေးခင်ဗျာ ညီရဲ့သမီးအပေါ်တော့ ... ဒီလောက်အထိ မနိုပ်စက်သင့်ပါဘူး ... "

ဒဿပြောတာလည်း ဟုတ်ပါတယ်လေဟု တွေးနေမိသည်။

သူ ...

မိုးဝသုန်ကို သတိရနေမိသည်။

ခနီးမဲ့။

ကာလုက ဖုန်းဆက်သည်။

"ဆရာလေး ... "

"ဟင် ... "

"တောင်ပေါ်စခန်းလေးမှာ တစ်ပတ်လောက် သွားနေပါ၊ ဟိုမှာ ... ရိက္ခာတွေ အပြည့်ရှိတာပဲ ... "

သူ ... အိမ်ပြန်ဖို့ စဉ်းစားမိသည်။

ကာလုက တောင်ပေါ်စခန်းမှာ နေပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဝသုန် ပြန်သွားအောင် ... ကာလု စတင်လှုပ်ရှားတာလေ ..."

"ဟင် ..."

သူက မိုးဝသုန်ကို ပြန်စေချင်တဲ့ဆန္ဒတွေ မရှိတော့ပေ။

ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်လေးတစ်ခုကို ဖန်တီးချင်သည်။

"ကိုယ်ပြန်လာမယ် ... တောင်ပေါ်စခန်းမှာ တစ်ယောက်တည်းနေတာ ကိုယ့်စိတ်တွေကို ပိုပြီးချောက်ချားစေတယ် ကာလု ..."

"ကျုပ်က ဒီမိန်းမကို ဆရာလေး မုန်းနေတယ် ... မင်းရှိနေလို့ စိတ်သောကတွေ ရောက်နေတယ်လို့ ပြောထားတယ်"

"ကာလု ..."

"အမိန့်ရှိပါ ဆရာလေး ..."

"ကိုယ့်အိမ်ပဲ ပြန်လာမယ် ... မိုးဝသုန်နဲ့ ပြဿနာတွေ မဖြစ်စေချင်တော့ဘူး ..."

"ဟင် ..."

ဆရာလေးရဲ့ စိတ်တွေက မိုးဝသုန့်ဆီ တိမ်းညွတ်နေပြီလား။

ကာလု မနှစ်သက်မိ။

ဦးမိုးတိမ်ယံရဲ့သမီးကို ဆရာလေးက နှစ်သက်နေသည်။



ကာလု ဖုန်းချလိုက်၏။

မိုးဝသုန်က ညနေစာအတွက် စားသောက်စရာတွေ ချက်နေသည်။

ဒသသက ကူညီနေ၏။

ကာလု အမြင်ကတ်လာရသည်။

ဆရာလေး ပြန်ရောက်လာတော့ ... မိုးဝသုန်က ဆီးကြိုနေ၏။

"ကိုကို ... အိတ်ပေးလေး ..."

ကာလု မကျေနပ်။

တင်းမာတဲ့ မျက်ဝန်းတွေနှင့်ပဲ ထောင့်တစ်နေရာကနေ ကြည့်နေမိသည်။

ဆရာလေး ...

အတိတ်တွေကို မေ့သွားပြီလား။

ဒေါ်လေးစံပယ် သေဆုံးရတဲ့ မြင်ကွင်းကို သူ မေ့ပစ်၍ရပေ။

ပြီးတော့ ...

အိမ်တော်စိုးကြီး ကာလုမှာ အမိန့်ဩဇာတွေ အရှိန်အဝါတွေ မရှိတော့ဘူးလား။

ဒေါ်သတွေက ပေါက်ကွဲချင်လာသည်။

ဆရာလေး အခန်းကို ကာလု ရောက်လာတော့သည်။

မမိုးဝသုန် ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး ... "

"ဟင် ကာလု ... "

"ဒီမိန်းမကို ဆရာလေး နှစ်သက်မြတ်နိုးနေပြီလား ... "

"ကာလု ... ကိုယ် မေမေခတ္တာညို့ရဲ့ သမီးအပေါ် ညှဉ်းပန်းနှိပ်စက်တာတွေ မလုပ်ချင်တော့ဘူး ... "

"သူက ... ဦးမိုးတိမ်ယံရဲ့သမီးပဲ ... ဆရာလေး အပေ သေဆုံးရတာ ဦးမိုးတိမ်ယံကြောင့်လေ ... ဆရာလေး မေ့ ပစ်လိုက်တော့မလား ... "

သူ ...

ကာလုကို ကြည့်မိသည်။

အတိတ်တွေကို မေ့ပစ်လို့မရသေးတာတော့ အမှန် ပဲဖြစ်၏။

မှုန်းတီးနာကြည်းနေမိသည်။

ခက်တာက ...

သူ့နှလုံးသားတွေထဲမှာ မိုးဝသုန် ရှိနေတာပဲ။

"ဒေါ်လေးခတ္တာညို့ရဲ့ သမီးကို ... ဆရာလေး နှိပ်စက်ညှဉ်း ပန်းနေတာ မသင့်တော်ပါဘူး ဆရာလေး ... "

ဒဿက ပြောခဲ့သည်။

ကာလုကတော့ သူနှင့် အနီးကပ်နေသူမို့ အတိတ် ကအကြောင်းတွေ ကောင်းကောင်းသိ၏။

"ဆရာလေး ... "

"ဟင် ... "



"ဒေါ်လေးခတ္တာညို့ရော ... ဒေါ်လေးစံပယ်ရော ကျုပ်ရဲ့ မိခင်တွေပါပဲ ... ကျုပ် အရမ်းခံစားရတယ် ... အတိတ်ကို ဆရာလေး ပိုနာကြည်းရမှာပါ ... "

အတိတ်တွေ ...

ဟုတ်တယ်။

နာကြည်းစရာတွေပဲ။

ဦးမိုးတိမ်ယံရဲ့သမီးကို သူ ဆက်ပြီး လက်မတွဲသင့် တော့ပါဘူး။

နှစ်ယောက်လုံးအတွက် ဆိုးဝါးတဲ့ အခြေအနေတွေ ပဲ ဖြစ်မယ်။

"ကိုယ် တောင်ပေါ်စခန်းမှာပဲ သွားနေမယ် ကာလု ... မင်း စီစဉ်ချင်တာပဲ စီစဉ်လိုက်ပါတော့ ... "

"ဆရာလေး ... "

"ဟင် ... "

"မိုးဝသုန်တို့ တူအရီးကို မောင်းထုတ်လိုက်တော့မယ်"

"သူတို့ဟာသူတို့ စိတ်ညစ်ပြီး ထွက်သွားပါလိမ့်မယ် ... မေမေခတ္တာညို့ရဲ့မျက်နှာက ရှိနေသေးတယ်လေ ကာလု"

မေမေခတ္တာညို့ ...

ကျွန်တော် မတရားတာလား ... ။

ဘဝတစ်လျှောက်လုံး အခက်အခဲ အကျပ်အတည်း တွေနဲ့ပဲ ရင်ဆိုင်ဖြတ်သန်းရမှာလား။

မိုးဝသုန်ကို ငါ တမ်းတသတိရနေမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ..."
"ဟင် ..."
"ညစာ သုံးဆောင်လို့ ရပါပြီ ..."
"ငါ မစားတော့ဘူး မိုးဝသုန် ... တောင်ပေါ်စခန်းကို ငါ သွားမယ် ... ဟိုမှာ တစ်ပတ်လောက် နေရမယ်လေ ..."
"ကိုကို ..."
"မင်းကို ငါဆက်ပြီး ရှင်းပြမနေနိုင်တော့ဘူး မိုးဝသုန် ... ငါ သွားတော့မယ် ..."

သူ ...

ထွက်လာခဲ့သည်။

"လမ်းမှာ ကားကို ဂရုတစိုက် မောင်းပါနော် ကိုကို ... မိုးက များနေတယ် ... လေပြင်းတွေလည်း အရမ်းကျတာ ပဲ ..."

ရင်ထဲမှာ နာကျင်နေရသည်။

အပြင်ထွက်လာရပေမဲ့ စိတ်က မိုးဝသုန်အနားမှာပဲ ရှိနေ၏။

မေမေခင္တာညို့ရဲ့သမီးကို သူ ဘာဖြစ်လို့ မစောင့် ရှောက်နိုင်ရတာလဲ။ သူ့စိတ်တွေ အိမ်ပဲ ပြန်ရောက်နေရသည်။



## အခန်း(၂၃)

မိုးဝသုန်ကို ကူညီနေတဲ့ ဒဿကိုလည်း ကာလု အမြင်ကတ်နေမိသည်။

ဆရာလေးလည်း မိုးဝသုန်ကို စွဲလမ်းနှစ်သက်နေ၏။

မဖြစ်သေးဘူး ...

ဘယ်လိုကြံရမလဲ။

မိုးဝသုန်တို့ တူဝရီးကို ဒီကနေ မောင်းထုတ်ပစ်ချင် နေမိသည်။

ဆရာလေးဘက်က နာတာပါ။

ဦးမိုးတိမ်ယံရဲ့သမီးကို ဆရာလေး ချစ်သွားမှာ စိုးမိ သည်။

ကာလုကတော့ တားဆီးရမှာပဲ။

ဒဿ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းရော ဝင်ရှုပ်နေတာပဲ။

အိမ်တော်စိုးကြီး ကာလုကို ဘယ်သူမှ အံ့တုလို့မရ ဘူး။ မင်းက အံ့တုချင်တာလား ဒဿ။

ကာလုအကြည့်တွေက စူးစိုက်နေသည်။

တောင်ပေါ်စခန်းမှာက ဆရာလေး ...

စိတ်တွေက သေလာမြိုင်ကိုပဲ ပြန်ရောက်နေတာ သူ သိသည်။ ဆရာလေး စိတ်တွေကို ဖြတ်ရမယ်။

ကာလု အံ့သွားတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိ သည်။

"အဟွတ် ... အဟွတ် ... "

ဟိုလူ ချောင်းဆိုးနေပြန်ပြီ။

ပန်းနာရင်ကျပ်သမား ...

သေလာမြိုင်မှာ နေတာကို လုံးဝမနှစ်သက်မိပေ။

တောင်ပေါ်စခန်းမှာ ဆရာလေး ရှိနေသည်။

ဒီလူတွေ ...

အမြင်ကတ်တယ်။

အားလုံး မောင်းထုတ်ပစ်ရမယ်။

"ဦးမိုးဇင်ယော် ... ဆေးခန်းသွားရအောင်နော် ... ကားဂ ရှိပါတယ် ... ဒီအတိုင်းနေလို့ မဖြစ်ဘူး ... "

ဒဿကတော့ ... မမိုးဝသုန်တို့ တူအရီးကို စော ရောက်နေတာ ကာလု မကျေနပ်မှန်း သိနေသည်။

မတတ်နိုင်ဘူး ...



ကာလု မတရားလုပ်နေတာပဲ။

ဆရာလေးကို မြှောက်ပေးနေတာကို ဒဿ သိနေ သည်။ မဖြစ်သင့်ဟု ထင်မိ၏။

"ဟုတ်တယ် လေးလေး ... ကိုဒဿပြောတာ မှန်တယ်၊ ကားကြုံရှိတုန်း ဆေးခန်းကို သွားလိုက်ကြရအောင် ... "

"အင်းလေ ... တူမလေး သွားစေချင်ရင်လည်း လေးလေး သွားပြပါ့မယ် ... "

"လေးလေးရယ် ... တကယ်ဆို လေးလေး ရန်ကုန်ပြန်ပြီး ဆေးကုသင့်ပါတယ် ... သုန်သုန့်အနားမှာ ဒုက္ခခံပြီး မနေ ပါနဲ့တော့ ... "

"သုန်သုန် ... လေးလေးကို မပြန်ခိုင်းပါနဲ့ ... တူမလေး မပါဘဲ လေးလေး လုံးဝမပြန်ဘူး ... "

လေးလေး ခေါင်းမာနေ၍ မိုးဝသုန် စိတ်ညစ်ရ သည်။

ကျန်းမာရေးအခြေအနေက ဆိုးဝါးလာသည် ထင်ရ ၏။

ကိုဒဿ အကူအညီဖြင့် ဆေးခန်းသွားဖို့ ပြင်ဆင်ရ သည်။

ကာလုကတော့ ဒဿကို လုံးဝအမြင်မကြည်လင် တော့ပေ။

တင်းမာတဲ့ မျက်ဝန်းတွေဖြင့် ကြည့်နေမိသည်။

ဆရာလေးထံသို့ ဖုန်းဆက်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး ... မိုးဝသုန်နဲ့ ဒဿတို့ ဖောက်ပြန်နေတယ်"

"ဘာ ... "

"အိမ်ထဲမှာလည်း အမြင်ကတ်လောက်အောင် တွဲနေတယ်၊ ဒဿကလည်း ကိုယ့်အလုပ်ကိုယ်မလုပ်ဘူး ... မိုးဝသုန် အနားပဲ ကပ်နေတယ် ... မိုးဝသုန်လုပ်ရမဲ့ အလုပ်တွေလည်း ဒဿပဲ ဝင်လုပ်နေတယ် ... "

"ဟင် ... "

ကာလုစကားတွေကို မိုးသောက်ကြယ် မယုံနိုင် အောင် ဖြစ်ရသည်။

မိုးဝသုန်က ဒီလိုမိန်းကလေးမျိုးတော့ မဖြစ်နိုင်ပါ ဘူး။

"ဆရာလေး ... ပြန်လာကြည့်ပါ ... ဒင်းတို့နှစ်ယောက် အရမ်းကို ပူးကပ်လွန်းတယ် ... အခုလည်း ဆေးခန်းသွား ကြတယ်လေ ... "

"ငါ ပြန်လာခဲ့မယ် ... "

"ဟုတ်ကဲ့ ... "

သူ ... မယုံနိုင်။

ဒဿက ... မိုးဝသုန်ဘက်က ရပ်တည်တာတော့ အမှန်ပဲ ဖြစ်သည်။

ကာလု ... မင်း မလိုလားတာ မဟုတ်လား။

မိုးဝသုန်က ဒီလိုမိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ ငါ သိပါတယ်။



အိမ်ပြန်ချင်တာနှင့် အတော်ပဲ ဖြစ်သွားရသည်။

တောင်ပေါ်စခန်းကနေ အိမ်သို့ အမြန်ဆုံး ပြန်လာ ခဲ့၏။

"ဆရာလေး ... "

"ဟင် ... "

"ဒဿအကူအညီနဲ့ ဆေးခန်းကို သွားကြတယ် ဆရာလေး"

ဦးမိုးဇင်ယော် အတော်လေး နေမကောင်းဖြစ်နေ လား။

သူက ဆရာဝန်ပဲ။

လူ့အသက်ကို ကယ်တင်ဖို့အတွက် သူ ဆေးပညာ သင်ခဲ့သည်။

ပြဿနာက တက်သွား၏။

"ဆရာလေး ... "

"ဟင် ... "

"ဒဿနဲ့ မိုးဝသုန်တို့ ပတ်သက်မှုတွေက မရိုးသားဘူးနော်၊ ဆရာလေးအပေါ် သစ္စာမဲ့နေကြတယ် ... "

ကာလု ထောင်ပေးနေမိသည်။

ဆရာလေး တွေဝေနေတာကို သူ သိလိုက်ပြီဖြစ်၏။

မိုးဝသုန်ကို ဆရာလေး သံယောဇဉ် တွယ်နေတာ သိသာသည်။

"ဒီအကွက်ကိုနင်းပြီး မိုးဝသုန်တို့တူအရီးကို မောင်းထုတ် လိုက်ပါ ... "

www.burmeseclassic.com

www.burmeseclassic.com



သူ ... ခေါင်းတွေမူးဝေနေသည်။

ရင်ထဲမှာ နာကျင်ကြေကွဲမှုတွေ ခံစားနေရ၏။

သုန်သုန် ...

မင်း အဲဒီလိုမိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ ငါ သိပါတယ်။ ဒဿကလည်း အမှန်တရားဘက်က ရပ်တည်သူ။

ကာလုကလည်း သူ့အတွက် နာကြည်းပေးနေတာ ပါ။

အမေ ...

ကျွန်တော် လက်တုံ့ပြန်တာ တရားမျှတရဲ့လား။

ဦးမိုးတိမ်ယံကိုတော့ သူ မုန်းတီးနေမိသည်။

"ဆရာလေး ... "

"ဟင် ... "

"မိုးဝသုန်က ... ဦးမိုးတိမ်ယံရဲ့သမီးလေ ... ဆရာလေး ဆက်ပြီး ပေါင်းနေလို့ မသင့်တော့ဘူး ... "

"ကာလု ... "

"ဆရာလေးဘဝမှာ ဒီမိန်းမကြောင့် တစ်သက်လုံး စိတ် သောကတွေ ခံစားရတော့မှာလား ... "

သူ ...

တွေဝေနေမိသည်။

မရက်စက်နိုင် ...

မိုးဝသုန်နှင့် ကွာရှင်းဖို့တော့ သူ့စိတ်တွေ လေးလံ တွန့်ဆုတ်နေရသည်။



"ဒဿနဲ့ မိုးဝသုန်တို့ မရိုးသားတာတော့ အမှန်ပဲ ... ဖောက် ပြန်နေကြတာ ... "

"ဟင် ... "

ဆေးခန်းသွားနေကြတဲ့ အဖွဲ့တွေ ပြန်လာကြသည်။

ဒဿက မိုးဝသုန်အား ကားပေါ်မှဆင်းနိုင်ရန်တံခါး ဖွင့်ပေးနေ၏။

"တွေ့လား ... ဆရာလေး ဒဿက ခြံစောင့်ပဲ ... ဘာဖြစ် လို့များ မိုးဝသုန်အပေါ် ဒီလောက်အထိ အရေးတယူ လုပ် နေရလဲဆိုတာ စဉ်းစားကြည့်ပါ ... "

သူ ...

ကြည့်နေမိသည်။

ဦးမိုးဇင်ယော်ကို ကြည့်ရတာ အတော်လေး စိတ် မကောင်းပုံပင်။

"ဒဿက ခြံစောင့်ပဲ ... မိုးဝသုန်ရဲ့ ကိစ္စတွေမှာ ဝင်စွက် ဖက်နေတာ မရိုးသားဘူး ... ဆရာလေး ပြတ်ပြတ်သား သား ဆုံးဖြတ်သင့်တယ်နော် ... ဒီအတိုင်း ဆက်နေရင် အားလုံး ဒုက္ခရောက်လိမ့်မယ် ... ဆရာ့ဘဝတစ်လျှောက် လုံး အပျော်ဆိုတာ ရှိနိုင်မှာမဟုတ်ဘူး ... "

ကာလု ...

မင်းက ကွာရှင်းစေချင်တာလား ... ။

ဒဿနှင့် မိုးဝသုန်တို့ ဖောက်ပြန်တယ်ဆိုတာ မဖြစ် နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"မိုးဝသုန် ... "
"ရှင် ... "
"မင်းနဲ့ ဒသသကို ဆရာလေးက မယုံတော့ဘူးတဲ့ ... "

သူပြောမဲ့ စကားတွေကို ကာလုက ပြောလိုက်သည်။

အကြည့်တွေက အထိတ်တလန့် ဆုံမိသွားကြ၏။

"ဒသသနဲ့ မင်း ဆက်ဆံရေးက မရိုးသားဘူး မိုးဝသုန် ... "
"ကျွန်မ ... ကျွန်မ ... "

ကိုဒသသနဲ့ ကျွန်မ ...

မဖြစ်နိုင်တာဘဲ။

ရှင် ဘာဖြစ်လို့ စွပ်စွဲရတာလဲ။

ကျွန်မက ဒီလောက်အထိ အောက်တန်းကျတဲ့ အလုပ်တွေကို မလုပ်ပါဘူး ကိုမိုးသောက်ကြယ်။

"ဆရာလေးကို မင်း ဘာဖြစ်လို့ စိတ်သောကရောက်အောင် လုပ်ရတာလဲ မိုးဝသုန် ... "
"ကျွန်မကို ... ဒီလို မစွပ်စွဲပါနဲ့ ... ကျွန်မတို့က ရိုးသားစွာ ပတ်သက်ဆက်ဆံကြတာပါ ... "
"မင်းတို့ ဖောက်ပြန်နေကြတယ် ... "

သူ ... ဘာပြောရမှန်းပင်မသိ။

မိုးဝသုန်ရဲ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာသည်။

မဟုတ်မှန်ကြောင်း ငြင်းဆန်နေ၏။



"ဆရာလေး ... ဒသသကို အလုပ်ထုတ်လိုက်တော့မယ်"
"ကျွန်မတို့ ရိုးသားစွာ ခင်မင်ကြတာပါ ... ကျွန်မ လေးလေး နေမကောင်းလို့ပါ ... ကိုဒသသကို အလုပ်မထုတ်ပါနဲ့"
"မင်း ဘာဆိုင်လို့ တားနေရတာလဲ မိုးဝသုန် ... "
"ကျွန်မကြောင့် အလုပ်မထွက်စေချင်လို့ပါ ... ကိုကိုရယ် ကျွန်မစကားတွေကို ယုံပါနော် ... ကျွန်မတို့ ရိုးသားစွာ ခင်မင်ကြတာပါ ... "

ကျွန်မကြောင့် ဒသသ ပြဿနာ တက်မှာကို မငဲ့လားမိပေ။

အရှင်သခင်မတစ်ယောက်က အစေပါးအလုပ်တွေ လုပ်နေရတာကို မကြည့်ရက်လို့ပါ။

ကိုဒသသ ရိုးသားတယ်။

ကျွန်မ ဒီကနေ ထွက်သွားအောင် ရှင် စွပ်စွဲလိုက်တာပဲ မဟုတ်လား။

"ကျွန်မ ထွက်သွားပါ့မယ် ... ကျွန်မ ဘာအမွေမှ မယူပါဘူး ရိုးသားစွာနေတဲ့ လူနှစ်ယောက်ကိုတော့ မတရားမစွပ်စွဲပါနဲ့နော် ... "
"မင်း ထွက်သွားတာ အကောင်းဆုံးပဲ မိုးဝသုန် ... ဆရာလေး စိတ်သောကတွေ ရောက်နေရပြီ ... "
"ကျွန်မကြောင့် ... ကိုကို စိတ်သောကတွေရောက်နေရမယ်ဆိုရင် ကျွန်မ ထွက်သွားပါ့မယ် ... "
"ကောင်းတယ် မိုးဝသုန် ... မင်း ထွက်သွားပါ ... "

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက မပြောဘဲ ကာလုကပဲ ပြောနေသည်။

"ကိုကို ..."

"ဟင် ..."

"ကျွန်မကြောင့် သေလာမြိုင်မှာ မငြိမ်ပက္ခတွေ မဖြစ်စေချင်လို့ပါ ... ကျွန်မ ရှင့်ကို အရှုံးပေးလိုက်ပါပြီ ... ကျွန်မ ဒီကနေထွက်သွားပေးပါ့မယ် ... ကျွန်မ ဘာအမွေမှ မယူပါဘူး"

သူမ ...

ထွက်သွားတော့သည်။

သူ ...

ငိုင်တွေစွာ ကျန်ခဲ့သည်။

"ဆရာလေး ..."

"ဟင် ..."

"ပြတ်လက်စနဲ့ ပြတ်သွားအောင်လုပ်ပါ ... စိတ်ကို ဖြတ်လိုက်ပါတော့ ... ကာလုကတဲ့ခတ်သွားအတိုင်းပဲ နင်းပါ"

သူ ...

မလုပ်ချင်။

မေမေခတ္တာကိုယ်တိုင် အပ်ထားခဲ့တာပဲ မဟုတ်လား။

"ဆရာလေး ... မိုးဝသုန် လိုချင်တာယူပြီး ပြန်ပါစေ ... ဒေါ်လေး စံပယ်အတွက် လက်တုံ့ပြန်တာပဲလေ ..."

မိုးဝသုန် ဒီကနေ ထွက်သွားမှာကို သူ့စိတ်တွေက မလိုလားနိုင်အောင်ဘဲ ဖြစ်နေသည်။



ဒါပေမဲ့ ...

သူ ...

ကျောက်ရုပ်တစ်ရုပ်ပဲ။

မလှုပ်ရှားနိုင်။

မိုးဝသုန်ကတော့ လေးလေးဆီ အရောက်တွင် ... လေးလေး ဝေဒနာ အပြင်းအထန် ဖြစ်နေတာ တွေ့လိုက်ရသည်။

"လေးလေး ..."

အသက်ရှူကျပ်နေတဲ့ လေးလေးကို တွေ့လိုက်ရသည်။

"လေးလေး ... လုပ်ပါဦး လေးလေး ..."

သူမ ...

ဆောက်တည်ရာမရအောင်ဖြစ်ပြီး အပြင်ဘက် ပြေးထွက်လာခဲ့သည်။

"ဒေါက်တာ ... ဒေါက်တာ ... ကျွန်မလေးလေးကို လာကြည့်ပေးပါဦး ... လေးလေး မောနေတယ် ... အသက်ရှူကျပ်နေလို့ပါ ..."

သူ ...

ထဖို့ပြင်သည်။

ကာလုက တားဆီးထားသည်။

"ဆရာလေး ဆေးမကုဘူး ... ဆေးကုသခွင့်လည်း မရှိဘူး၊ မင်းလေးလေးကို အမြန်ခေါ်ပြီး ရန်ကုန်ကိုပြန်ပါ ... ကားကို ဒသာ စီစဉ်ပေးလိမ့်မယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ကာလုအကြည့်တွေက တားဆီးပိတ်ပင်နေသည်။

"ဒေါက်တာ ... ခဏလေးဖြစ်ဖြစ် လာကြည့်ပေးပါ ဒေါက်တာရယ် ... "

"မင်း ထွက်သွားပါ မိုးဝသုန် ... ဆရာလေး ဆေးမကုဘူး၊ ဆေးကုသခွင့်လည်း မရှိဘူး ... "

သူမ ...

ပြန်ပြီး ထွက်ပြေးသွားသည်။

အရှုံးမီးပိုင်း ဖြစ်နေသည်။

သူ ...

မရက်စက်နိုင်။

"ဆရာလေး ... ထားလိုက်စမ်းပါ ... ဆရာလေးမှာ ဆေးကုသခွင့်မှ မရှိတာဘဲ ... "

သူ ...

ပြေးထွက်လာတဲ့အချိန်တွင် ဦးမိုးဇင်ယော်က သေဆုံးသွားပြီဖြစ်သည်။

"ရှင် ... ရှင် ... အခုမှ ဘာလာလုပ်တာလဲ ... ကျွန်မလေးလေး ဆုံးပြီ ... ရှင် တော်တော်ရက်စက်တဲ့လူ ... ယုတ်မာကောက်ကျစ်တဲ့လူ ... ရှင့်ကို မုန်းတယ် ... အရမ်းမုန်းတယ် ... "

သူ ... ငေးကြောင်စွာဖြင့် ရပ်ကြည့်နေမိသည်။



## အခန်း(၂၄)

မိုးဝသုန် ပြန်သွားသည်။

အမွေပစ္စည်းဆို၍ ဘာတစ်ခုမှ မယူဆောင်သွားခဲ့ပေ။

"ကျွန်မတို့နှစ်ယောက် လက်ထပ်ထားတာ မဟုတ်လို့ ကွာရှင်းစရာလည်း မလိုပါဘူး ... ကျွန်မတို့ကို လက်ထပ်ပေးခဲ့တဲ့ မေမေခတ္တာညိုမှ မရှိတော့တာဘဲ ... "

သူမ ...

နာကြည်းစွာ ပြောသွားသည်။

သေလာမြိုင်ကို စောင်းငဲ့၍ပင် မကြည့်တော့။

သူ့ကို နာကြည်းသွားပြီဖြစ်သည်။

"ဆရာလေး ... "

"ဟင် ... ဒဿ ... "

"ကျုပ် ... ဒီသေလာမြိုင်ကလူတွေအပေါ် ဘယ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



သစ္စာမဖောက်ပါဘူး ... အကောက်လည်း မကြံပါဘူး ... မိုးဝသုန်ကလည်း ဆရာလေးအပေါ် အလွန်အမင်း ချစ်မြတ်နိုးပြီး ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါ ... ”

“ဒဿ ... ”

“ပြောပါ ... ”

“မင်း အလုပ်ကနေ ထွက်စရာမလိုပါဘူး ... ဒီမှာပဲ နေပါ”

“ကျွန်တော့်အပေါ် ... ဆရာလေး သံသယရှင်းပါ ... ကာလုက ထွက်သွားခိုင်းနေပြီ ... ကျုပ် ထွက်သွားပါ့မယ် ... ”

“ဒဿ မင်းနေရမယ် ... မင်းလို လူယုံတော်တစ်ယောက်ကို ငါ့အနားကနေ ထွက်သွားခွင့်မပြုနိုင်ပါဘူး ... ”

သူ ...

ထွက်လာခဲ့သည်။

မိုးဝသုန်ကို သတိရနေတာတော့ အမှန်ပဲဖြစ်၏။

အခန်းထဲ ဝင်လာပြီး အမေစံပယ် ကျန်ခဲ့တဲ့ပစ္စည်းတွေကို လှန်လှောကြည့်မိနေသည်။

ဒိုင်ယာရီတစ်ခုကို သွားတွေ့၏။

“ဟင် ... ”

သူ ...

အမေ့ပစ္စည်းတွေကို မကြည့်တာ အမေ သေဆုံးပြီး တည်းက ဖြစ်သည်။

သတိရတမ်းတနေမိမှာစိုး၍ ဖြစ်၏။

ဒိုင်ယာရီစာအုပ်ထဲမှာ အမေက စာတစ်စောင် ရေး



ထားခဲ့သည်။

*ခွန်ဒွာညို ...*

*တကယ်တော့ ... မင်းခင်ပွန်း ကိုမိုးတိမ်ယံမှာ ဘာအပြစ်မှမရှိပါဘူး ... ။*

*ကိုယ်က စခဲ့တာပါ ခွန်ဒွာညို ... ကိုမိုးတိမ်ယံက နည်းနည်းလောက်ပဲ စိတ်ဝင်စားသွားတာပါ ... ။*

*ကိုမိုးတိမ်ယံကို ကိုယ်က တစ်ဖက်သတ် နှစ်သက်မြတ်နိုးမိခဲ့တာပါ ... ။*

*မင်းတို့အိမ်ထောင်ရေးကို ယောက်ယက်ခတ်အောင် လုပ်လိုက်တာက စံပယ်ကိုယ်တိုင်ပါ ... ။*

*ကိုမိုးတိမ်ယံက စံပယ်ကို မစော်ကားပါဘူး ... ။*

*နည်းနည်းပါးပါး စိတ်ယိုင်သွားတာတစ်ခုပါပဲ ... ။*

*အားလုံး စံပယ့်အပြစ်တွေပါပဲ ခွန်ဒွာညိုရယ် ... ။*

*စံပယ်*

အမေ စာရေးသွားခဲ့သည်။

ဦးမိုးတိမ်ယံက သူ့အိမ်ထောင်ရေးကို ပြိုကွဲရပ်မလားဟုပဲ ဒေါသတွေနှင့် အမေ့ကို ဆက်ဆံသွားတာပဲဖြစ်မည်။

သူ ...

မှားပြီပဲ။

သူ့ဘဝတစ်လျှောက်လုံးမှာ စိတ်သောကတွေနှင့် ကြီးပြင်းလာရပြီး ဆေးကုသမှုပင် မှားယွင်းခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အငြိုးအတေးတွေနှင့် ဦးမိုးတိမ်ယံကို လက်စားချေဖို့ပဲ စဉ်းစားနေခဲ့၏။

"ဦးမိုးတိမ်ယံမှာ အပြစ်မရှိပါဘူးတဲ့ ..."

အမေ့အမှားတွေကို အမေ ဝန်ခံထားခဲ့သည်။

သူ ...

ဘာမှ မလေ့လာပေ။

အမေ့ပစ္စည်းတွေကို ဒီအတိုင်းပဲ ထားခဲ့သည်။

နှစ်ပေါင်းများစွာ အထင်လွဲမှားမှုတွေနှင့် သူရော ခတ္တာညိုပါ စိတ်သောကတွေနှင့် ရင်ဆိုင်ခဲ့ရ၏။

"ကာလု ..."

"ဗျာ ..."

"ဒီစာဖတ်ကြည့်စမ်း ..."

သူ ...

ကာလုကို စာဖတ်စေသည်။

အမေ့ကြောင့် အားလုံး ဖရိုဖရဲ ဖြစ်ကြရတာပဲ။

"ငါ ... မိုးဝသုန်ကို တောင်းပန်မယ် ... ဦးမိုးတိမ်ယံကိုလည်း တောင်းပန်ရမယ် ..."

"ကျုပ်လည်း မှားသွားတယ် ဆရာလေး ... ဒသနဲ့ မိုးဝသုန်ကို တမင်စွပ်စွဲ ပုတ်ခတ်တာပါ ... တကယ်တော့ မိုးဝသုန်ဟာ အပြစ်မဲ့ပါတယ် ..."

ကာလုလည်း စိတ်မကောင်းဖြစ်သွားရသည်။

မိမိ မှားခဲ့၏။



အတိတ်က အရိပ်မဲတွေကြောင့် ... မိုးဝသုန်ကို သေလာမြိုင်နဲ့မတန်ဟု ထင်ခဲ့မိသည်။

"ငါ့အမေကြောင့်ပဲ ... သေလာမြိုင်က ရှုပ်ထွေးသွားခဲ့ရတာပဲ ... အမေ ရှက်ပြီး မလုပ်သင့်တာတွေ လုပ်တာပဲနေမှာပါ ..."

အမေ့ကြောင့် ... ၎သေလာမြိုင်မှာ အရှုပ်အထွေး ပဋိပက္ခတွေ ဖြစ်လာရကြောင်း သူ သိသွားခဲ့သည်။

"ကျုပ်လည်း မိုးဝသုန်ကို တောင်းပန်ရမယ် ... မကျေနပ်ဘူးဆိုရင်လည်း သေလာမြိုင်ကနေ ထွက်ခွာသွားရမှာပဲ"

မိမိ ...

ဆုံးဖြတ်ပြီးပါပြီ။

မိုးဝသုန်ကို ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရ တောင်းပန်ဖို့ပဲ ဖြစ်သည်။

"ငါ့ကိုတောင် မိုးဝသုန်က စိတ်အနာကြီး နာသွားပြီ ကာလု၊ သူ့လေးလေးကို သတ်တယ်လို့ ထင်နေတယ် ... ကိုယ်လည်း ဘယ်လိုပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် မိုးဝသုန်ကို တောင်းပန်ရမှာပဲလေ ..."

သူ့ကို မိုးဝသုန်က နာကြည်းမုန်းတီးသွားတာပဲ ဖြစ်သည်။

ခွင့်လွှတ်ပါ့မလား ... ။

စိတ်ပူပင်နေမိသည်။

ဦးမိုးတိမ်ယံကလည်း သမီးကို ဖျောင်းဖျနေရ၏

www.burmeseclassic.com

www.burmeseclassic.com



"သမီး ... အားလုံး ဒက်ဒီ့အမှားတွေပါကွာ ... မိုးသောက်ကြယ် ငါးနှစ်သားလောက်မှာ ပဋိပက္ခတွေဖြစ်ပြီး သူ့အမေ စံပယ်ကို ရိုက်လိုက်တာ မြင်သွားတယ်လေ ... ဒက်ဒီ့အမှားပဲလေ ... စံပယ့်အပေါ်လည်း ဒက်ဒီ ဇီတ်ဝင်စားမိသွားတာပဲ ... "

"ဘာပဲဖြစ်ဖြစ်ပါ ဒက်ဒီ ... သူ ဆရာဝန်တစ်ယောက်ပဲ ... သူ့ရှေ့မှာ လူနာတစ်ယောက် အသည်းအသန် ဖြစ်နေတာကို ကြည့်နေနိုင်တာပဲ ... "

ရှင့်ကိုမုန်းတယ်။

အချစ်ဆိုတာ မရှိတော့ဘူး။

ကိုဒဿနဲ့ ကျွန်မကို စွပ်စွဲတယ်။

စိတ်ဓာတ်အောက်တန်းကျတဲ့ လူတစ်ယောက်ပဲ။

"သမီးက သေလာမြိုင်ရဲ့ အရှင်သခင်ဖြစ်ပေမဲ့ ... သူ့ကိုချစ်လို့ အောက်ကျို့နေခဲ့တာပါ ဒက်ဒီ ... သူကတော့ ကျွန်မကို လက်စားချေဖို့ပဲ ကြိုးစားနေတာလေ ... "

လေးလေး သေဆုံးရတာကို သူမ အခဲမကြေနိုင်ပေ။

"သမီးမှာ ဘာအပြစ်ရှိလို့လဲ ... လေးလေးမှာရော ဘာအပြစ်ရှိလို့လဲ ... သမီးတို့ကို ဘာဖြစ်လို့ လက်စားချေရတာလဲ ... "

မိုးဝသုန် မကျေမနပ်ဆုံးပဲ။

လေးလေး ... တူမကို ချစ်မြတ်နိုးလွန်းတဲ့ ဦးလေးတစ်ယောက်ပဲ မဟုတ်လား။



လေးလေး သေဆုံးသွားရတာကို မိုးဝသုန် စိတ်ထိခိုက်လို့ မဆုံးပေ။

"မိုးဝသုန် ... မင်းကို ငါ တောင်းပန်ပါတယ် ... အရာအားလုံးက ငါ့အမှားတွေပါပဲ ... "

ဟွန်း ... ။

ရှင်လား တောင်းပန်မှာ။

ကျွန်မကို ရှင်က မုန်းတီးနေတာပဲ မဟုတ်လား။

အခုတလော ...

သူမ နေမကောင်းပေ။

စိတ်ပူနေမိသည်။

သူ့နဲ့မျှား ကိုယ်ဝန်ရှိနေပြီလား။

"သမီး ... "

"ရှင် ... "

"မောင်မိုးဝသုန်ဆီ ပြန်သွားပါ ... "

"မသွားဘူး ဒက်ဒီ ... သူက သမီးကို မုန်းနေတာပါ ... သမီး နှိပ်စက်ခံနေရတာကို ဒက်ဒီက ကြည့်နေချင်သေးလို့လား ... "

"ဒက်ဒီကတော့ ... မောင်မိုးသောက်ကြယ်မှာ အပြစ်မရှိဘူးလို့ ယူဆတယ် သမီး ... "

"ဒက်ဒီ ... "

"မိုးသောက်ကြယ်ရဲ့ဘဝမှာ အမြဲတမ်း သောကတွေ ... အခက်အခဲတွေနဲ့ ကြုံခဲ့ရတာပဲ ... ဒက်ဒီ့ကို အရမ်းမုန်းရှာ

www.burmeseclassic.com

www.burmeseclassic.com



မှာပဲလေ ... ဘယ်အရာမှ အဆင်မပြေတဲ့ သူ့အတွက် သမီး အပေါ် ဒေါသတွေ ကျရောက်တာ မဆန်းပါဘူး သမီးရယ်”

သူ့အတွင်းစိတ်မှာ သူမကိုတော့ ချစ်နေတာ အမှန်ပဲ ဖြစ်သည်။

ရှင် ...

ဟန်ဆောင်နေတာပဲ။

ကျွန်မလေးလေး သေဆုံးရတာတော့ ကျွန်မ ဘယ်တော့မှ ရှင့်ကို ခွင့်မလွှတ်ဘူး။

“သမီးလေးလေး သေဆုံးရတာလည်း ဒက်ဒီ့အမှားပါ... နဂိုတည်းက အဆုတ်တစ်ခြမ်းမရှိတော့တဲ့ ဧင်ယော့်ကို ... ဒက်ဒီက သမီးကို စောင့်ရှောက်ဖို့ လွှတ်လိုက်တာပဲ ...”

“သူက ဆရာဝန်ပဲ ဒက်ဒီ ... ရက်စက်တယ် ... လူနာတစ်ယောက်ကို လုံးဝ ဥပေက္ခာပြုထားနိုင်တာပဲ ...”

“ဘာပဲဖြစ်ဖြစ် ... သမီးက မိုးသောက်ကြယ်ရဲ့ ဧနီးပဲ ... သေလာမြိုင်ကို သမီး ပြန်သွားရမယ် ...”

“မသွားဘူး ဒက်ဒီ ...”

ဒက်ဒီ့အနားကနေ သူမ ထွက်လာခဲ့မိသည်။

“ဝေါ့ ...”

“ဝေါ့ ... ဝေါ့ ...”

“ဟင် ...”

သူမ ...

ဘယ်လိုဖြစ်နေရတာလဲ။



အန်ချင်နေသည်။

တစ်ကိုယ်လုံး မလှုပ်ချင် မရှားချင်ဖြစ်ပြီး အိပ်ရာထဲမှာ လဲနေချင်သည်။

“ဝေါ့ ...”

“ဝေါ့ ... ဝေါ့ ...”

ဒုက္ခပါပဲ။

ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီလား။

ဆရာဝန်ကို ပြသပြီး စမ်းသပ်ဖို့အတွက် ကျွန်မ ကြောက်ရွံ့နေမိသည်။

ကိုယ်ဝန်ရှိတယ်ဆိုရင် ...

ဘုရားရေ ...

ရှင် ...

ခုထိ ကျွန်မကို ဘာဖြစ်လို့ လာပြီးမတောင်းပန်ရတာလဲ။

ကျွန်မ ထွက်သွားတာကို ရှင် သဘောကျနှစ်သက်နေတာ မဟုတ်လား။

ရှင့်ကို မုန်းတယ်။

တဝေါ့ဝေါ့ အန်ချင်နေသဖြင့် ဒက်ဒီက အတင်းအကျပ် ဆေးခန်းပြခိုင်းနေတော့သည်။

သူမ ဆေးခန်းပြရ၏။

“ဘာမှ စိတ်မပူပါနဲ့ ... မိုးဝသုန်မှာ ကိုယ်ဝန်သုံးလလောက်တောင် ရှိနေပြီလေ ...”

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ဝမ်းမသာဘူးလား ..."

သူမ ...

ထွက်လာခဲ့မိသည်။

သူနှင့် ကိုယ်ဝန်ရှိတာကို ကျွန်မ ဘယ်လိုလုပ်ပြီး ဝမ်းသာနိုင်ပါ့မလဲ။

စိတ်ညစ်မိသည်။

ဖခင်မဲ့တော့မဲ့ ကလေးတစ်ယောက် ဖြစ်ရမည်။

စိတ်ပျက်လက်ပျက်နှင့် အိမ်ကိုပြန်လာခဲ့သည်။

"ဝသုန် ..."

"ဟင် ... ရှင် ... ရှင် ..."

ကိုမိုးသောက်ကြယ်က အိမ်မှာရောက်နေတော့သည်။

"ကိုကို ... ဒက်ဒီကိုလည်း တောင်းပန်ပြီးပါပြီ ... အားလုံး ဘယ်သူ့အမှားကြောင့်လဲဆိုတာ ကိုကို သိပါပြီကွာ ..."

အမေရေးထားခဲ့တဲ့စာကို သူ ထုတ်ပြလိုက်မိသည်။

"ပြီးတာတွေ ပြီးပါပြီ ကိုမိုးသောက်ကြယ် ... ကျွန်မ အားလုံးမေ့ပစ်လိုက်ပြီ ..."

"ဝသုန် ..."

"ရှင်ပြန်ပါ ... ရှင်နဲ့ကျွန်မ ပြန်ပေါင်းဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး ..."

"ကိုယ့်ရင်သွေးလေး အဖေမဲ့အောင်တော့ မင်း မဆုံးဖြတ်



သင့်ပါဘူး ..."

"ဘာရှင့် ..."

"မင်းရင်ထဲမှာ ကိုယ့်ရင်သွေးလေး ရှိနိုင်တယ်လို့ ဒက်ဒီက ပြောတယ် ..."

သူမ ...

မငြင်းဆန်နိုင်တော့။

ဒီရင်သွေးလေး အဖေမဲ့မှာကို သူမ တစ်လမ်းလုံး တွေးပူလာခဲ့မိသည်။

စိုးရိမ်စိတ် ဖြစ်လာရ၏။

"သေလာမြိုင်က မင်းကို လိုက်လုံ့စွာ စောင့်ကြိုနေကြပါတယ် သုန်သုန့် ... ကာလုကလည်း သူ့အမှားတွေ သူသိပြီး တောင်းပန်မလို့ပါပဲ ... ဒဿကလည်း မင်းကို စောင့်နေပါတယ် ..."

အင်းလေ ...

ကျွန်မ ငြင်းလို့မှ မရတာဘဲ။

ရှင့်ရင်သွေးလေး ရှိနေပြီပဲလေ။

အဖေ မရှိဘဲနဲ့ ကလေးတစ်ယောက်ကို ဘယ်လို မွေးရမလဲ။

"သုန် ..."

"ဟင် ..."

သူ ...

ချစ်ဇနီး သုန်ရဲ့လက်လေးကို ဆုပ်ကိုင်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို တောင်းပန်ပါတယ် ... ဘာမဟုတ်တဲ့ အာဃာတ အငြိုးအတေးတွေကြောင့် သေလာမြိုင်က ငရဲခန်းတစ်မျှ ပူလောင်ရှုပ်ထွေးသွားခဲ့ရတာပါ ... "

သုန့်ကိုယ်လုံးလေးကို တင်းကျပ်စွာဖြင့် ဖက်ထားမိသည်။

"ကိုကိုနဲ့ သုန် ... သေလာမြိုင်ရဲ့ မျိုးဆက်တွေအဖြစ် ပျော်ရွှင်ချမ်းမြေ့တဲ့ သေလာမြိုင်အဖြစ် ပြန်လည်တည်ဆောက်ကြရအောင်နော် ... "

သူမ ...

အပြုံးတွေနှင့် ကိုကို့ကို မော့ကြည့်ပြီး ကိုကို့စကားတွေကို လက်ခံအတည်ပြုလိုက်မိတော့သည်။

ကိုကိုနှင့် သူမ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်မိကြ၏။


ပျော်ရွှင်ဖွယ် အိမ်ထောင်လေးတစ်ခု တည်ဆောက်ရန် နှစ်ဦးနှစ်ဘက် သဘောတူလိုက်ကြပြီဖြစ်သည်။

အားလုံးကိုချစ်ခင်လေးစားစွာဖြင့်
ကျေးဇူးခံယူကျွှာ တင်လျက်ပါလို့ ...
နိုကိုဇူးဇင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com